# ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်၊ ဗုဒ္ဓဟူးနေ့ (13-2-2013) (၇၃၉၅)


**ဒို့တာဝန်အရေးသုံးပါး**

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့က တည်ခင်းဧည့်ခံသည့် (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာ သီရိသုဓမ္မ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့က တည်ခင်းဧည့်ခံသည့် ၂၀၁၃ ခုနှစ် (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ မြို့တော်ခန်းမ ဥပစာရင်ပြင်၌ ကျင်းပသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် ၂၀၁၃ ခုနှစ် (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားကျင်းပသည့် မြို့တော်ခန်းမ ဥပစာရင်ပြင်သို့ ညနေ ၆ နာရီခွဲတွင် ရောက်ရှိလာပြီး ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ဒုတိယသမ္မတ ဦးညဏ်ထွန်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးတို့နှင့်အတူ အခမ်းအနားသို့ တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီဥက္ကဋ္ဌများ၊ ဖိတ်ကြားထားသော ငြိမ်းချမ်းရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

အဆိုပါ ၂၀၁၃ ခုနှစ် (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမုံ၊ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ပြည်သူ့လွှတ်တော် ဒုတိယ ဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊

**စာမျက်နှာ ၈ ကော်လံ ၅ သို့ ✳**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)




## ဟိမဝန္တာတောင်ပေါ်ရေအိုင်ကြီး ကျိုးပေါက်နိုင်သည့် ဘေးအန္တရာယ်ရှိ

**ဘာသာပြန် သတင်းလုလင်**

**နယူးဒေလီ ဖေဖော်ဝါရီ ၁၂**

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း ဟိဝန္တာတောင်တန်း၏ တောင်ထိပ်ပိုင်းတစ်နေရာ၌ အလွန်ကြီးမားလှသော ရေအိုင်ကြီးတစ်အိုင် တည်ရှိကြောင်း၊ ရေခဲမြစ်မှ ပျော်ဆင်းလာသော ရေဖြင့် ဖွဲ့စည်းထားသော ယင်းရေအိုင်ကြီးသည် ရေထုအဆမတန် ကြီးထွားလာမှုနှင့်အတူ ကျိုးပေါက်နိုင်သည့် ဘေးအန္တရာယ်ရှိနေကြောင်း အိန္ဒိယသိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါ ရေအိုင်ကြီးသည် တောင်ပိုင်း လိုနက်ရေခဲမြစ်၏ အစွန်းတစ်ဖက်တွင်တည်ရှိသည်။ အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း ဆစ်ခင်ပြည်နယ်ရှိ ဟိမဝန္တာတောင်တန်း၏ မီတာ ၇၀၀၀ ခန့် အမြင့်တွင် ရေအိုင်ကြီး ဖွဲ့စည်းဖြစ်ပေါ်လျက်ရှိကြောင်း ဟိုက်ဒရာဘတ်မြို့ရှိ အာကာသသုတေသနမှ သိပ္ပံပညာရှင်များက ပြောကြားသည်။

ရေခဲမြစ်မှ ပျော်ဝင်သောရေဖြင့် ဖွဲ့စည်းထားသော ရေအိုင်ကြီးသည် ဖြက် မီတာ ၆၃၀ ခန့်ရှိပြီး မီတာ ၂၀ အနက်ရှိကြောင်း သိပ္ပံပညာရှင်များက ဂြိုဟ်တုဓာတ်ပုံများကို ကိုးကားလျက် ပြောကြားသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖**

**ယနေ့ မာတိကာ**


အဒေမ်ဆန်ဒလာ၏သရီးဒီဇာတ်ကား အမေရိကန်တွင် ရောင်းအားကောင်း
စာမျက်နှာ - ၁၂

ဖယ်လိုင်နီအား အဲဟတန်အသင်း၌ ဆက်နေရန် မီရာလက်စ်တောင်းဆို
စာမျက်နှာ - ၁၃





## ကြေးမုံစာတည်းရှုထောင့်

၁၃-၂-၂၀၁၃၊ ဗုဒ္ဓဟူးနေ့

# နုနုငယ်ငယ် သီးပွင့်ကြွယ်

ကူးပြောင်းရောက်ရှိလာသည့် မြန်မာ့ဒီမိုကရေစီ အသွင်သဏ္ဌာန်နှင့် အနှစ်သာရများမှာ မျိုးကောင်းသီးပင်ကဲ့သို့ အဖူးအငုံ၊ အပွင့်သီးကင်းများနှင့် ဝေဆာနေပြီဟု ဆိုရမည်ဖြစ်သည်။ ဥယျာဉ်မှူး၏ ပြုစုပျိုးထောင်ကောင်းမှု၊ သဘာဝ၏ အခြေအနေကောင်းရှိမှု၊ မြေခံရေခံကောင်းမွန်မှုတို့ကြောင့် ထိုသို့ အဖူးအပွင့်၊ သီးကင်းများနှင့် ရွက်နုဝေဆာလာခြင်းဖြစ်သည်။

ထိုအခြေအနေများသည် လက်ရှိအနေအထား ကောင်းမွန်မှုပုံစံသာ ဖြစ်သည်။ ပင်လုံးညွတ်ဝေဆာပြီး အောင်မြင်သော အရည်အသွေးမီအသီးတင်ဖို့ အတွက်မူ ဆက်လက်ကြိုးပမ်းရဦးမည်ဖြစ်သည်။ သဘာဝဘေး မထိအောင်၊ ပိုးမွှားအဖျက်ကင်းစင်အောင်၊ အသီး အားကောင်းအောင်၊ သီးကင်းများ မကြွေအောင် ဥယျာဉ်မှူးနှင့်လုပ်သားများက ဆက်လက်အားထုတ်ကြရဦးမည် ဖြစ်သည်။

ဒီမိုကရေစီသီးပင်မှာ အပင်သက်နုနယ်သေးလှသော်လည်း ငယ်ငယ် ရွယ်ရွယ်နှင့် အသီးတင်လာခြင်းအတွက် ပတ်ဝန်းကျင်မှ ချီးမွမ်းသံများ၊ ကောင်းချီး ပေးသံများသည် အကောင်းမြင်သဘောဖြစ်ပြီး အဆိုးမြင်ပြစ်တင်မှုများလည်း ရှိတတ်သည်မှာ သဘာဝဖြစ်သည်။ မည်သို့ပင်ရှိစေ နုနုငယ်ငယ်ဟုဆိုသော်လည်း ထိုသို့ သီးကင်းမတင်မီ ကြုံတွေ့ရသည့် စိန်ခေါ်မှု၊ တွေ့ကြုံခဲ့ရသည့် အခက်အခဲများမှာ မနည်းလှပါ။

ထိုသို့ မနည်းခဲ့သောကြောင့်လည်း အချိန်တိုတိုနှင့် အောင်မြင်မှုရခြင်း ဖြစ်သည်။ နုနုငယ်ငယ်နှင့် အသီးအပွင့်ကြွယ်ရသည့် အခြေအနေတစ်ရပ်မှာ ရေခံမြေခံကောင်းခြင်းထက် ဥယျာဉ်မှူး၏ပြုစုအယုအယ ကောင်းခြင်းဟူသော စိတ်စေတနာကောင်းခြင်းက သာလွန်သည်ဟု ဆိုချင်ပါသည်။ မြန်မာ့နိုင်ငံရေး နယ်ပယ်တွင်လည်း ထိုနည်းနှင်နှင်ပင်ဖြစ်သည်။

ပြုပြင်ပြောင်းလဲရေး၏ တတိယရေစီးကြောင်းသည် တုံ့ဆိုင်းခြင်းမရှိဘဲ အလျဉ်မပြတ်စီးဆင်းနေသည်။ ကိုယ်စီပြောင်းလဲရန်လိုအပ်သောကြောင့် တတိယသော့ချက် ပင်နယံခွေးသွားစိတ်ကို အချက်ညီညီ မပျက်စီးစေဘဲ မောင်းနှင်အားကောင်းအောင် ဆောင်ရွက်ကြရသည်။

ပြုပြင်ပြောင်းလဲရေး တတိယလှိုင်း အလျဉ်မပြတ်ရေးအတွက် ဥယျာဉ်မှူး ကောင်းများကဲ့သို့ မည်မျှတာဝန်ကျေသည်။ မည်မျှစေတနာမှန်သည်။ မည်မျှ သစ္စာရှိသည့်အချက်တို့သည် မျိုးကောင်းပျိုးကောင်း၍ အပင်သန်ပြီး အသီး အကင်းများ တင်လာစေသည့် ရလဒ်များဖြစ်သည်။

စေတနာသည် ကံမည်သောကြောင့် စေတနာကောင်းများဖြင့် အားထုတ် သဖြင့် ကံကောင်းအကြောင်းလှခြင်းဟု ဆိုရမည်ဖြစ်သည်။ နုနုငယ်ငယ်နှင့် အသီးကြွယ်ဖို့အရေး ဥယျာဉ်မှူးများ၏စေတနာသာ အရင်းခံပဓာနဖြစ်သည်။ အမှန်တွင် အချိန်တိုအတွင်း သီးကင်းဝေဆာအောင် ပြုစုပျိုးထောင်ရသည့် အလုပ်မှာ လွယ်ကူသော အလုပ်မဟုတ်ချေ။

သန်း ၆၀ သောပြည်သူလူထုတို့ စားသုံးမှုပြုနိုင်ရေးအတွက် နုနု ငယ်ငယ်နှင့် အချိန်တိုအတွင်း အောင်မြင်သောအသီးများရရှိအောင်ဆောင်ရွက် ရာတွင် အထိမခံပိုးမွှားရန်မှ ကင်းစင်ဖို့အရေးကြီးလာသည်။ ထိုနေရာတွင် အပွန်းအပဲ့ အထိအခိုက်တို့ ကြုံတွေ့နိုင်ရာ မုဒိတာစိတ်ထားများဖြင့် မိမိ ရည်မှန်းချက်အတွက် စိတ်မပျက်ဖို့ဖြစ်သည်။

အပင်နုနုမို့ လောင်းရိပ်မမိအောင် ဆောင်ရွက်ရသကဲ့သို့ ရေလောင်း၊ ပေါင်းသင်၊ အားဆေးကျွေး၊ ပိုးသတ်ရသည်မှာလည်း သူ့အချိန်အဆနှင့်သူ ဖြစ်သည်။ တန်ဆေး၊ လွန်ဘေးမဖြစ်အောင် ဂရုစိုက်မှသာ ကိုယ့်အပင်ကိုယ် သတ်သလို မဖြစ်မည်ဖြစ်သည်။

အပင်ဖျက်ပိုးမွှားများမှာ များလှသည်။ အပင်နုနုငယ်ငယ်မို့ ပိုးမွှား အကြိုက်ဖြစ်သည်။ အသီးပိုး၊ အရွက်ပိုး၊ ပင်စည်ပိုးစသည်ဖြင့် ပိုးမွှား စုံလင်လှသည်။ ပိုးအတွယ်များလှသည့်အပင်အတွက် အပင်မထိခိုက်အောင် ပိုးသတ်ရသည်မှာ လွယ်ကူသော အလုပ်မဟုတ်ချေ။ ပိုးအတွယ်များသွား၍ အပင်မသေအောင် ခုတ်ထွင်ရွှေ့ပြောင်းစိုက်ပြန်လျှင်လည်း ရေသောက်မြစ် မထိခိုက်အောင် ဂရုစိုက်ရပြန်သည်။

ထိုသို့ အပင်နုနုငယ်ငယ်ကို ရှင်သန်အောင်မြင်အောင် အားထုတ်ရာ၌ ကိုယ့်အပင်ကိုယ်မသတ်မိအောင် ပြုလုပ်ဖို့သည် အရေးကြီးသောအချက် ဖြစ်သည်။ မျက်မှောက်ကာလ ဒီမိုကရေစီသစ်ပင်ကို တည်ဆောက်ရာ၌ အပင်နုနုငယ်ငယ်ကို ပျိုးထောင်နေရသည်နှင့်တူသည်။ အပင်ဖျက်ပိုးများက များလှသဖြင့် သိမ်မွေ့ညင်သာစွာ ကိုင်တွယ်ပြုစုပျိုးထောင်လျက်ရှိသည် ကို မြင်တွေ့ရပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# အခြေခံစီမံကိန်းအုပ်ချုပ်ရေးသင်တန်းဖွင့်

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

The Training Program on Basic Project Management in Myanmar Implemented By HIDA, JAPAN in Cooperation with Public Works, Myanmar Under The Support of METI, Japan သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေး ခန်းမ၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးကျော်လွင် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် Special Projects Group II, Innovation Project Division, AOTS Department, HIDA မှ Ms. Shigeko Inaba က သင်တန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၅၂ ဦး တက်ရောက်ကြပြီး အခြေခံစီမံကိန်း အုပ်ချုပ်ရေး ဘာသာရပ်ကို အထူးပြုသင်ကြားမည်ဖြစ်ကာ သင်တန်းမှာ ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၅ ရက်အထိဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# ရွှေဘုန်းပွင့်စေတီတော် နှမ်းမနဲစတုဒိသာပွဲ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ ဩဝါဒ ပါတိမောက်အခါတော်နေ့ အထိမ်း အမှတ်အဖြစ် (၁၆)ကြိမ်မြောက် နှမ်းမနဲစတုဒိသာပွဲကို ၁၃၇၄ ခုနှစ် တပို့တွဲလဆန်း ၁၄ ရက် (ဖေဖော်ဝါရီ ၂၄ ရက်၊ တနင်္ဂနွေနေ့) ညနေ ၃ နာရီ တွင် စေတီတော်သာသနာ့ ဇောတိက ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ နှမ်းမနဲ တစ်ဒယ်လျှင် ငွေကျပ် ၁၂၀၀၀ နှုန်း ဖြင့် ပါဝင်ကုသိုလ်ယူ လှူဒါန်းနိုင် သည်။

ဩဝါဒပါတိမောက် အခါတော်နေ့ တပို့တွဲလပြည့်နေ့ ဖေဖော်ဝါရီ ၂၅ ရက် (တနင်္လာနေ့)နံနက်တွင် နှမ်းမနဲအရုဏ် ဆွမ်းကပ်ခြင်း၊ မွန်းလွဲ ၂ နာရီတွင် အနုမောဒနာနှင့် ရေစက်ချအခမ်းအနား ကျင်းပခြင်း၊ ညနေ ၃ နာရီခွဲတွင် ဝတ်အသင်းများက ဓမ္မစကြာ၊ အနတ္တ လက္ခဏာသုတ်၊ ပရိတ်၊ ပဋ္ဌာန်းများ ရွက်ဖတ်ပူဇော်ခြင်းများ ပြုလုပ်မည် ဖြစ်ကြောင်း သိရသည်။ **(ဥမ္မာသန့်)**




# ဧရာဝတီနှင့် ရန်ကုန်တိုင်းဒေသကြီးတို့အတွင်း လမ်းတံတားလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်-ဖျာပုံလမ်း ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှု၊ မိုင်တိုင်(၅/၀)နှင့် (၅/၁)ကြား၌ ကျောက်ခင်းခြင်း၊ ကတ္တရာလောင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဖျာပုံတံတား ကြံ့ခိုင်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများ၊ ဖျာပုံ-ဒေးဒရဲလမ်းနှင့် ဒေးဒရဲတံတား၏ ကြံ့ခိုင်မှု၊ ဒေးဒရဲ-ကွမ်းခြံကုန်း-ကော့မှူး လမ်းပိုင်းများ တစ်လျှောက် ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်အတွင်းရှိ ကော့မှူး-ဝါးဘလောက်သောက်-သမင်ခြံ-သရက်တောလမ်းတစ်လျှောက် မြေသားလုပ်ငန်းဆောင်ရွက်နေမှုနှင့် ကျောက်စုဆောင်းထားရှိမှုများ၊ သရက်တောကျေးရွာ၌ ရောက်ရှိလာသော ကျောက်များကို သင်္ဘောပေါ်မှ မော်တော်ယာဉ်များဖြင့် သယ်ချနေမှုများ၊ ဒလ-သခွပ်- လက်ခုပ်ကုန်း လမ်းတစ်လျှောက် ကတ္တရာခင်းနေမှုနှင့် တွံတေးတံတားကြံ့ခိုင်မှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် မရမ်းကုန်းမြို့နယ်နှင့် လှိုင်သာယာမြို့နယ်တို့အား ဆက်သွယ်မည့် လှိုင်မြစ်ကူး ဘုရင့်နောင်တံတား အမှတ်(၂)စီမံကိန်းသို့ ရောက်ရှိပြီး ဒုတိယဝန်ကြီးက စီမံကိန်းလုပ်ငန်းများ အကောင်းဆုံးနှင့် အမြန်ဆုံးဆောင်ရွက်ရန်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် မီးဘေးလုံခြုံရေးအလေးထား ဆောင်ရွက်ရန်၊ စက်ယန္တရားများ စနစ်တကျ ကိုင်တွယ်အသုံးပြုရန် မှာကြားပြီး ရေလယ်ဘိုးပိုင်လုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မော်တော်ယာဉ်လုပ်ငန်းလိုင်စင် တိုးချဲ့ပြုလုပ်ပေးနေ

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံး၏ အောင်မင်္ဂလာရုံးခွဲအား မင်္ဂလာဒုံမြို့နယ် အောင်မင်္ဂလာယာဉ်ရပ်နားစခန်းဝင်း ရှိ ဥဿာလမ်း မြေကွက်အမှတ် (D) တွင် ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၂၁ ရက်မှ စတင်ဖွင့်လှစ်ခဲ့သည်။ ယခုအခါ ထပ်မံတိုးချဲ့၍ မင်္ဂလာဒုံမြို့နယ်၊ အင်းစိန်မြို့နယ်၊ လှည်းကူးမြို့နယ်၊ တိုက်ကြီးမြို့နယ်၊ မှော်ဘီမြို့နယ်၊ ထန်းတပင်မြို့နယ်၊ လှိုင်သာယာမြို့နယ်နှင့် ရွှေပြည်သာမြို့နယ်များရှိ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းလိုင်စင်ဆိုင်ရာ ကိစ္စများအား အဆင်ပြေစေရန် ဆောင်ရွက်ပေးနေပြီ ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီးဦးစီးမှူး**

# ရေဆိုးစွန့်ပစ်မှု ပတ်ဝန်းကျင်မထိခိုက်စေရန် ဆောင်ရွက်နေ

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

စက်ရုံများ၏ စွန့်ပစ်ရေတွင် ပတ်ဝန်းကျင်ထိခိုက်မှုမဖြစ်စေရန် စစ်ဆေး ကြပ်မတ်နေကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

“ရေထွက်တဲ့စက်ရုံနဲ့ ရေမထွက်တဲ့စက်ရုံလို့ရှိတယ်၊ ရေထွက်တဲ့စက်ရုံ အနေနဲ့ သတ်မှတ်စံနှုန်းနဲ့လည်းမညီဘူး၊ ပတ်ဝန်းကျင်အပေါ်မှာ ထိခိုက် နိုင်တယ်ဆိုရင် ရေစစ်ကန်တွေဆောက်ပြီးမှ သန့်စင်ပြီးတော့ စွန့်ပစ်ဖို့ ကြပ်မတ် နေတာ ဖြစ်ပါတယ်”ဟု ၎င်းကဆိုသည်။

ထိုသို့လုပ်ဆောင်မှုကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များမှ စက်ရုံများတွင် ဆောင်ရွက်ခြင်းဖြစ်ပြီး စက်မှုဇုန်များသည် ပတ်ဝန်းကျင်သို့ ထိခိုက်မှုမဖြစ်စေသော သတ်မှတ်စံချိန်စံညွှန်းများအတိုင်း ရေစစ်ကန်များ ဆောက်၍ စွန့်ပစ်ခြင်းဖြင့် သဘာဝမြစ်၊ ချောင်းများ၏ရေထုညစ်ညမ်းမှု လျော့ပါး စေရန် အထောက်အကူများလည်း ရရှိလာမည်ဖြစ်သည်။

စစ်ဆေးဆောင်ရွက်ရာတွင် ရေဆိုးမထွက်သည့်စက်ရုံမှာဖေဖော်ဝါရီ ၁၁ ရက်အထိ အရှေ့ပိုင်းခရိုင်အတွင်းရှိ စက်မှုဇုန်များတွင် ၆၃၁ ရုံ၊ တောင်ပိုင်းခရိုင်တွင် ၂၉ ရုံ၊ မြောက်ပိုင်းခရိုင်တွင် ၁၆၃ ရုံတို့ ဖြစ်သည်ဟု တွေ့ရပြီး သတ်မှတ်စံနှုန်းနှင့်ကိုက်ညီသောစက်ရုံများမှာ အရှေ့ပိုင်းခရိုင်တွင် ၁၃ ရုံ၊ တောင်ပိုင်းခရိုင်တွင် တစ်ရုံ၊ မြောက်ပိုင်းခရိုင်တွင် ခြောက်ရုံစသည်ဖြင့် တွေ့ရှိရကြောင်းသိရသည်။ **(၆၈၀)**

ကျူးလစ်(ပ်)ပန်းရဲ့ အနှိုင်းမဲ့မွှေးရနံ့နဲ့အတူ အသားအရေကို ဖြူဝင်းလှပစေပါသည်...
Anytime
အရည်အသွေးကို ဦးစားပေးလို့ပဲဖြစ်ဖြစ်...
ဈေးနှုန်းချိုသာမှုကို အဓိကထားလို့ပဲဖြစ်ဖြစ်...
တစ်မိသားစုလုံး ဖြူဝင်းလှပဖို့ ရွေးချယ်မယ်ဆိုရင်တော့...
Anytime ပဲဖြစ်မှာပေါ့။
အမြို့မြို့အနယ်နယ်ရှိဆိုင်တိုင်းတွင်ရရှိနိုင်ပါသည်။

Whitening Cream
Face & Body

# တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို နှုတ်ဖြင့်သာ ပြောဆိုတည်ဆောက်၍မရ တိုင်းရင်းသားအချင်းချင်း ထိတွေ့ဆက်ဆံနေမှသာ စည်းလုံးညီညွတ်မှု ခိုင်မြဲမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများအား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ တောင်သူပညာပေးဇကေ ၅၀၀ စက်မှုလယ်ယာစံပြစိုက်ခင်း အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။**(ယာပုံ)**



တွေ့ဆုံပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများနှင့် ဖိတ်ကြားထားသူများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အမှာစကားပြောကြားရာတွင် မိမိအနေဖြင့် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများနှင့် ယခုဒုတိယအကြိမ် ပြန်လည်တွေ့ဆုံခြင်းဖြစ်ပါကြောင်း၊ ပထမအကြိမ်တွေ့ဆုံခဲ့စဉ်က ကတိပြုခဲ့သည့်အတိုင်း တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများကို ပြည်ထောင်စုနေ့အခမ်းအနားကြီးသို့ ဖိတ်ကြားခဲ့ခြင်း ဖြစ်ပါကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ခုံရုံးက တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများသည် တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးများနှင့် အဆင့်တူညီသည်ဟု ဆုံးဖြတ်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ယင်းဆုံးဖြတ်ချက်နှင့်အညီ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၏ လုပ်ပိုင်ခွင့်နှင့်ခံစားခွင့်များရရှိအောင် စီစဉ်ဆောင်ရွက်ပေးနေပြီ ဖြစ်ပါကြောင်း၊ မကြာမီအကောင်အထည်ပေါ်လာတော့မည်ဖြစ်ပါကြောင်း။

တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲမှု၊ နိုင်ငံရေးရှည်ရပ်တည်နိုင်မှုတို့နှင့် ဆက်စပ်လျက်ရှိပါကြောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို နှုတ်ဖြင့်သာ ပြောဆိုတည်ဆောက်၍မရပါကြောင်း၊ တိုင်းရင်းသားအချင်းချင်းထိတွေ့ဆက်ဆံမှု၊ တစ်ဦးနှင့်တစ်ဦး ကိုယ်ချင်းစာနာ နားလည်မှု၊ တစ်ဦး၏အခက်အခဲကို တစ်ဦးက နားလည်လက်ခံနိုင်မှု၊ တစ်ဦး၏ ယဉ်ကျေးမှုဓလေ့ထုံးစံများကို တစ်ဦးကတန်ဖိုးထားမှု စသည်တို့ဖြင့် ထိတွေ့ဆက်ဆံနေမှသာ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မြဲမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများနှင့် အမြဲထိတွေ့ ဆက်ဆံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးများအနေဖြင့်လည်း မိမိတို့ တိုင်းရင်းသားလူမျိုးစုများနှင့် ပတ်သက်၍ ကိစ္စရပ်များရှိပါက နိုင်ငံတော်သမ္မတရုံးသို့ တိုက်ရိုက်ဆက်သွယ် ဆောင်ရွက်နိုင်ရန်အတွက် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းကို တာဝန်ပေးအပ်ထားသဖြင့် တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း။

မိမိတို့အစိုးရအနေဖြင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆောင်ရွက်နေခြင်းသည် တစ်ဦးတစ်ယောက် နာမည်ကောင်းရရန်အတွက် ရည်ရွယ်ဆောင်ရွက်နေခြင်းမဟုတ်ပါကြောင်း၊ သန်း ၆၀ သော ပြည်သူများ၏ဆန္ဒဖြစ်သည့် တိုင်းပြည်တည်ငြိမ်အေးချမ်းစေလိုမှု၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေလိုမှု ဟူသည့်ဆန္ဒနှစ်ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနေခြင်းသာ ဖြစ်ပါကြောင်း။

နိုင်ငံရေးပြုပြင်ပြောင်းလဲရေးဆောင်ရွက်ရာတွင် နိုင်ငံရေးအဖွဲ့အစည်း အားလုံးနှင့်သဟဇာတဖြစ်ပြီး ၎င်းတို့အနေဖြင့် နိုင်ငံရေးလုပ်ငန်းစဉ်တွင် ပါဝင်လာအောင် ဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့အတူ လွတ်လပ်ရေးရရှိချိန်ကတည်းက ဖြစ်ပွားနေသည့် တိုင်းရင်းသားလူမျိုးစု လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းအောင်လည်း ဆောင်ရွက်နေပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့နှင့် အပစ်အခတ်ရပ်စဲနိုင်ခဲ့ပြီး ကေအိုင်အေတစ်ဖွဲ့နှင့်သာ ဆွေးနွေးနေဆဲအဖြစ် ကျန်ရှိနေပါကြောင်း၊ ယခုနှစ် ဖေဖော်ဝါရီ ၄ ရက်က ကျင်းပခဲ့သည့် ရွှေလီဆွေးနွေးပွဲတွင် ရလဒ်ကောင်းများရရှိခဲ့သည့်အတွက် မကြာမီတွင် ကချင်ပြည်နယ်၌ ငြိမ်းချမ်းရေးရောင်ခြည်သန်းလာတော့မည် ဖြစ်ပါကြောင်း၊ ကေအိုင်အေနှင့် ငြိမ်းချမ်းရေးရရှိပါက ၁၉၄၈ ခုနှစ်နောက်ပိုင်းတွင် မြန်မာတစ်နိုင်ငံလုံး၌ ပထမဆုံးအကြိမ် သေနတ်သံများရပ်စဲပြီး ငြိမ်းချမ်းရေး ရရှိပြီဟု သမိုင်းမှတ်တမ်းတင်နိုင်တော့မည်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေး ဆောင်ရွက်ရာတွင် အဆင့်သုံးဆင့်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် နောက်ဆုံးအဆင့်ဖြစ်သည့် ပြည်ထောင်စုလွှတ်တော်၌ ကျင်းပမည့်ဆွေးနွေးပွဲတွင် တိုင်းရင်းသားကိုယ်စားလှယ်ပေါင်းစုံ ပါဝင်ဆွေးနွေး ကြမည်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးတည်ငြိမ်အေးချမ်းပါက တရားဥပဒေစိုးမိုးရေး ကို ပို၍ထိရောက်အောင် ဆက်လက်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း။

တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲဆောင်ရွက်ရာတွင် မိမိတို့၌ သဘာဝသယံဇာတပစ္စည်း အပါအဝင် ဖွံ့ဖြိုးမှုအခြေခံကောင်းများရှိသော်လည်း အရင်းအနှီး၊ နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ်များပြည့်စုံမှုမရှိသဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ဖိတ်ခေါ်ရန်လိုအပ်ပါကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာနိုင်ရန်အတွက် လိုအပ်သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကိုလည်း ပြဋ္ဌာန်းပေးနိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ အဆိုပါရင်းနှီးမြှုပ်နှံမှုများကို အဟန့်အတားဖြစ်စေသည့် စီးပွားရေးပိတ်ဆို့တားဆီးမှုများကိုလည်း ပထမအဆင့်တွင် ပြေလျော့စေရန်နှင့် ဒုတိယအဆင့်တွင် လုံးဝပယ်ဖျက်လာစေရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတကာဆက်ဆံရေးတွင် အရှေ့အနောက်မခွဲခြားဘဲ နိုင်ငံအားလုံးနှင့် ချစ်ကြည်ရင်းနှီးစွာဆက်ဆံလျက်ရှိရာ နိုင်ငံတကာနှင့် ဆက်ဆံရေးတိုးတက်လာသည်နှင့်အမျှ စီးပွားရေးပိတ်ဆို့မှုများလည်း ဖြေလျှော့ပေးခဲ့မှုများကိုရရှိနေပြီ ဖြစ်ပါကြောင်း၊ ယင်းအခြေအနေကောင်းများကို တိုင်းရင်းသားအားလုံး သိရှိနားလည်ပြီး တစ်စိတ်တစ်ဝမ်းတည်း ပူးပေါင်းဆောင်ရွက်စေလိုပါကြောင်းဖြင့် ပြောကြားသည်။

အခမ်းအနားသို့တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများကလည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများအား အသီးသီး ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်း ပြောကြားပြီး တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများအား အမှတ်တရ လက်ဆောင်ပေးအပ်ကာ ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများအား တောင်သူပညာပေး ဇကေ ၅၀၀ စက်မှုလယ်ယာစံပြစိုက်ခင်းအတွင်း မွေးမြူထားသည့် တစ်နိုင်တစ်ပိုင် နွားမွေးမြူရေးခြံကိုလည်းကောင်း၊ ဇီဝဓာတ်ငွေ့ထုတ်လုပ်မှုနှင့် ဇီဝဓာတ်ငွေ့ဖြင့် အင်ဂျင်စက်မောင်းနှင်၍ လျှပ်စစ်မီးထွန်းထားရှိမှုကိုလည်းကောင်း၊ တစ်ပိုင်တစ်နိုင် စနစ်တကျမွေးမြူထားသော အသားတိုး ဝက်မွေးမြူရေးခြံကိုလည်းကောင်း၊ အောင်မြင်ဖြစ်ထွန်းနေသည့် မြေပဲ၊ စပ်မျိုးပြောင်း၊ ဝါစိုက်ခင်းများနှင့် နွေစပါးစိုက်ခင်းများကိုလည်းကောင်း လိုက်လံရှင်းလင်းပြသပြီး တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများက သိရှိလိုသည်များကို မေးမြန်းကြရာ နိုင်ငံတော်သမ္မတက ရင်းနှီးစွာပြန်လည်ဖြေကြားခဲ့ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**





**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ နေပြည်တော်ရှိ တောင်သူပညာပေး ဇကေ ၅၀၀ စက်မှုလယ်ယာ စံပြစိုက်ခင်းအတွင်း အောင်မြင်ဖြစ်ထွန်းနေသည့် စပ်မျိုးပြောင်းစိုက်ခင်းများအား ကြည့်ရှုစဉ်။**

(သတင်းစဉ်)



ချူကလီးယားစမ်းသပ်မှုပြုလုပ်ကြောင်း ကြေညာခဲ့ပြီးနောက် ယာလူးမြစ်ကမ်းပါးတစ်လျှောက်၌ မြောက်ကိုရီးယားတပ်ဖွဲ့ဝင်များ ကင်းလှည့်နေသည်ကို တွေ့ရစဉ်။

# မြောက်ကိုရီးယား နျူစမ်းသပ်ဖောက်ခွဲအပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီ အရေးပေါ်စည်းဝေး

ကုလသမဂ္ဂ ဖေဖော်ဝါရီ ၁၂

**မြောက်ကိုရီးယားနိုင်ငံ၏ ယနေ့ပြုလုပ်ခဲ့သော နျူကလီးယားစမ်းသပ်ဖောက်ခွဲမှုအပြီးတွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အရေးပေါ် အစည်းအဝေးကို ကျင်းပရန်အမိန့်ထုတ်ဆင့်ခဲ့ပြီး ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ယင်းလုပ်ငန်းသည် တည်ငြိမ်မှုကို ဆိုးဆိုးရွားရွားထိခိုက်စေမည့် ကျူးကျော်ရန်စမှုအဖြစ် ပြစ်တင်ပြောကြားလိုက်သည်။**

အထီးကျန်နိုင်ငံ မြောက်ကိုရီးယားအစိုးရသည် ၎င်း၏အနီးကပ်ဆုံးမဟာမိတ်နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံ၏ တင်းမာသော သတိပေးမှုများကိုပင် ဂရုပြုခြင်းမရှိဘဲ နျူကလီးယားစမ်းသပ်ဖောက်ခွဲမှုကိုပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟု ကုလသမဂ္ဂသံတမန်တစ်ဦးက ပြောကြားသည်။ အဖွဲ့ဝင် ၁၅ နိုင်ငံပါဝင်သည့်ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ တံခါးပိတ်အစည်းအဝေးကို နယူးယောက်စံတော်ချိန် နံနက် ၉ နာရီတွင် ကျင်းပခဲ့ပြီး မြောက်ကိုရီးယား၏ လတ်တလောနျူစမ်းသပ်မှု သို့မဟုတ် ဒုံးကျည် ပစ်လွှတ်မှုများအတွက် ပြင်းပြင်းထန်ထန် အရေးယူမည်ဟူသော လွန်ခဲ့သည့်လကခြိမ်းခြောက်ထားခဲ့မှုကို ဆုံးဖြတ်ချက်အဖြစ်ချမှတ်ခဲ့ကြသည်။

အမေရိကန်ပြည်ထောင်စု၊ တရုတ်၊ ရုရှားနှင့် အခြားကမ္ဘာ့အဓိကအင်အားကြီးနိုင်ငံများအနေဖြင့် မြောက်ကိုရီးယားအပေါ် အရေးယူရေးအတွက် ပြင်းထန်သော ဖိအားများနှင့် လောလောဆယ် ရင်ဆိုင်နေရပြီး မြောက်ကိုရီးယားနိုင်ငံသည် ၂၀၀၆နှင့် ၂၀၀၉ ခုနှစ်များအတွင်း ပြုလုပ်ခဲ့သော နျူကလီးယား စမ်းသပ်မှုများအတွက် ၎င်းအပေါ်ချမှတ်ခဲ့သည့် ဒဏ်ခတ်အရေးယူမှုများကို ပြောင်ပြောင်တင်းတင်းပင် အာခံခဲ့သည်။ **ဆင်ဟွာ။**

# မဟာဗျူဟာမြောက်ဆည်တစ်ခုကို ဆီးရီးယားသူပုန်များ ထိန်းချုပ်

**ဒမတ်စကပ် ဖေဖော်ဝါရီ ၁၂**

ဆီးရီးယားနိုင်ငံ၏ အကြီးဆုံးရေအားလျှပ်စစ်ထုတ်လုပ်သည့်ဆည်ကို သတင်းများအရ သူပုန်များက သိမ်းပိုက်ထိန်းချုပ်လိုက်ပြီ ဖြစ်ကြောင်း၊ အစိုးရအတွက် မဟာဗျူဟာမြောက် ဆုံးရှုံးခြင်းဖြစ်ကြောင်း တနင်္လာနေ့ ဘီဘီစီတွင် ဖော်ပြသည်။

ရာကာပြည်နယ်မြောက်ပိုင်း၌တည်ရှိသည့်ဆည်၏ ထွက်ပေါက်နှင့် ဝင်ပေါက်များကို တိုက်ခိုက်ရေးသမားများက ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း လှုပ်ရှားသူများနှင့် အတိုက်အခံအုပ်စုများက ပြောကြားသည်။

ယင်းဆည်သည် ယူဖရေးတီးမြစ်ပေါ်တွင်ရှိပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးနိုင်ဆဲဖြစ်သည်ဟု သတင်းများက ဆိုသည်။

အလက်ပိုမြို့ကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသည့် တက်ကာဆည်ကို အစ္စလာမ္မစ်တိုက်ခိုက်ရေးသမားများက ယခုအခါထိန်းချုပ်ထားနိုင်ပြီဖြစ်ကြောင်း ဗြိတိန်နိုင်ငံ အခြေစိုက် ဆီးရီးယား လူ့အခွင့်အရေးလေ့လာရေးအုပ်စု (အက်စ်အိုအိတ်ချ်အာ)က ပြောကြားသည်။

ဆည်ဝန်ထမ်းများနှင့် ၎င်းတို့၏ မိသားစုများနေထိုင်သော တက်ကာမြို့၏ အိမ်နီးချင်းခရိုင်သုံးခုကိုလည်း အစ္စလာမ္မစ် တိုက်ခိုက်ရေးသမားများက ထိန်းချုပ်ထားနိုင်ပြီဟု အက်စ်အိုအိတ်ချ်အာက ပြောကြားသည်။ **ဘီဘီစီ။**



**ဆီးရီးယားသူပုန်များသိမ်းသည့် ယူဖရေးတီးမြစ်ကို ဖြတ်ကျော်တည်ဆောက်ထားသော တက်ကာဆည်ကို တွေ့ရစဉ်။**




# နိုင်ငံပေါင်း ၂၇ နိုင်ငံမှ ကုမ္ပဏီ ၇၀၀ ကျော် အိန္ဒိယလေကြောင်းပြပွဲ၌ ပါဝင်ပြသခဲ့

**နယူးဒေလီ ဖေဖော်ဝါရီ ၁၂**

အိန္ဒိယနိုင်ငံ၌ ခင်းကျင်းပြသခဲ့သော လေကြောင်းပြပွဲတွင် နိုင်ငံပေါင်း ၂၇ နိုင်ငံမှ ကုမ္ပဏီပေါင်း ၇၀၀ ကျော်တို့ ပါဝင်ပြသခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဖေဖော်ဝါရီ ၁၂ ရက်တွင် သတင်းထုတ်ပြန်သည်။

အဲရိုအင်ဒီးယားလေကြောင်းပြပွဲသည် အာရှ၌ကျင်းပသော လေကြောင်းပြပွဲများအနက် အကြီးဆုံးလေကြောင်း ပြပွဲဖြစ်သည်။

အိန္ဒိယနိုင်ငံ ဘင်္ဂလိုမြို့၌ ကျင်းပခဲ့သော လေကြောင်းပြပွဲတွင် နိုင်ငံတကာမှ စစ်လက်နက်ပစ္စည်းထုတ်လုပ်ရေး ထိပ်တန်းကုမ္ပဏီများက ပါဝင်ပြသခဲ့ကြသည်။

နိုင်ငံတကာလေကြောင်းအာကာသဆိုင်ရာ စက်မှုလုပ်ငန်းကုမ္ပဏီကြီးများသည် အိန္ဒိယနိုင်ငံ၌ အခြေစိုက်စခန်းများထူထောင်ခြင်း၊ အိန္ဒိယကုမ္ပဏီများနှင့် အစုစပ်လုပ်ကိုင်ခြင်းတို့အတွက် အခွင့်ကောင်းများရရှိကြကြောင်း အိန္ဒိယကာကွယ်ရေးဝန်ကြီး အေကေအန်ထော်နီက ပြောကြားသည်။ လေကြောင်းပြပွဲ၌ မောင်းသူမဲ့လေယာဉ် ထုတ်လုပ်ရေးကုမ္ပဏီများကလည်း ပါဝင်ပြသခဲ့ကြသည်။ အိန္ဒိယစစ်ဘက်သည် ကွန်မြူနစ်သူပုန်များအား လေ့လာစောင့်ကြည့်နိုင်ရန် မောင်းသူမဲ့လေယာဉ်များ ပိုမိုလိုအပ်လာမည်ဟု မောင်းသူမဲ့လေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီများက မျှော်လင့်ကြသည်။ **ပီတီအိုင်။**

# ဘင်္ဂလားဒေ့ရှ်တွင် တံတားပေါ်မှ ကားတစ်စီးထိုးကျ လူ ၁၆ ဦးသေဆုံး

**ဒါကာ ဖေဖော်ဝါရီ ၁၂**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဘုရားဖူးခရီးသည် ၄၃ ဦးခန့်တင်ဆောင်လာသော ဘတ်စ်ကားတစ်စီးသည် ဒေသခံသူတော်စင်တစ်ဦးအား သွားရောက်ကြည်ညိုပြီး အပြန်ခရီးတွင် ပေ ၃၀ အမြင့်ရှိ တံတားတစ်စင်းပေါ်မှ ဇောက်ထိုးကျခဲ့ရာ လူ ၁၆ ဦးသေဆုံးခဲ့ပြီး ၁၈ ဦးမှာ ဆေးရုံတင်ထားရသည်။ ဆေးရုံတင်ထားရသူလူနာများတွင် အချို့လူနာများမှာ စိုးရိမ်ရသည့်အခြေအနေတွင်ရှိပြီး သေဆုံးသူဦးရေ ထပ်မံတိုးပွားလာဖွယ်ရှိကြောင်း တာဝန်ရှိသူများက ဖေဖော်ဝါရီ ၁၂ ရက်တွင် ထုတ်ပြန်ကြေညာသည်။

အဆိုပါဖြစ်စဉ်တွင် ယာဉ်မောင်းက အရှိန်မထိန်းနိုင်ဘဲ တံတားအရံအတားတံတိုင်းများကို ဝင်တိုက်မိကာ တံတားအောက်သို့ ကျွမ်းပြန်ကျခဲ့ခြင်းဖြစ်ကြောင်း**(အေပီပုံ)** ရဲအရာရှိတစ်ဦးက ပြောကြားသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ယာဉ်မတော်တဆမှုများကြောင့် နှစ်စဉ် လူတစ်သောင်းခန့် သေဆုံးနေရပြီး အများစုမှာ ယာဉ်မောင်းများ၏ မဆင်မခြင်မောင်းနှင်မှုနှင့် ယာဉ်များ၏ ချွတ်ယွင်းချက်ကြောင့်ဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ်အစိုးရ၏ အစီရင်ခံစာအရ သိရသည်။ **ဒေးလီးမေးလ်**









## ဖတ်ဖွယ်အဖုံဖုံ နိုင်ငံတကာသတင်းအစုံစုံ

### ဗီတာမင်စီဓာတ်ပမာဏများခြင်းနှင့် ကျောက်တည်မှုတို့ ဆက်နွှယ်မှုရှိနိုင်

ဆီးလမ်းကြောင်းတွင် ကျောက်တည်ခြင်းနှင့် ခန္ဓာကိုယ်အတွင်း၌ ဗီတာမင်စီဓာတ် ပမာဏများပြားမှုတို့မှာ ဆက်နွှယ်မှုရှိကြောင်း ဆွီဒင် သုတေသီများက ဆိုသည်။ ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့ရှိ ကာရိုလင်စကာသိပ္ပံတက္ကသိုလ်မှ သိပ္ပံပညာရှင် လော်ရာဒီကေသောမတ်စ်နှင့် လုပ်ဖော်ကိုင်ဖက်များ၏ အဆိုအရ အက်စ်ကော်ဘစ် အက်စစ် (ascorbic acid) အမည်ရှိ ဗီတာမင်စီ ၁၀၀၀ မီလီဂရမ်ခန့်ပါဝင်သော အဆိုပါအက်စစ်တစ်မျိုးသည် ဆီးလမ်းကြောင်း ကျောက်တည်မှုဖြစ်စေရန် ထောက်ပံ့ပေးသည့် အရာတစ်ခုဖြစ်ကြောင်း သိရသည်။ ၎င်းတို့သည် အသက် (၄၅) နှစ်မှ (၇၉) နှစ်အရွယ်ရှိ ၄၈၈၅၀ ၏ နေ့စဉ်ဘဝနေထိုင်မှုနှင့်စားသောက်မှုပုံစံတို့ကို ၁၉၉၇ ခုနှစ်မှ စတင်လေ့လာခဲ့ပြီး ၎င်းတို့အနက် ကျောက်တည်မှုဖြစ်ပွားခဲ့သည့် အမျိုးသား ၄၃၆ ဦးမှာ ဗီတာမင်စီပမာဏများပြားစွာ စားသုံးခဲ့သည်ဟု သိရသည်။

### ဆားဗီးယား၌ ရှေးဟောင်းလူသား၏ ကျောက်ဖြစ်ရုပ်ကြွင်းတစ်ခုတွေ့ရှိ

ဆားဗီးယားနိုင်ငံရှိ အုတ်ဂူတစ်ခုအတွင်းမှ လူသားမေးရိုးကျောက်ဖြစ်ရုပ်ကြွင်းတစ်ခုကို တွေ့ရှိခဲ့ပြီး ရှေးဟောင်းရွှေ့ပြောင်းသွားလာသူ မျိုးနွယ်စုဝင်တစ်ဦး၏ ကျောက်ဖြစ်ရုပ်ကြွင်းအစိတ်အပိုင်းတစ်ခုဟု ယူဆရကာ သက်တမ်းအားဖြင့် လွန်ခဲ့သည့်နှစ်ပေါင်း ၄၀၀၀၀၀ ကျော်ကာလက ဖြစ်နိုင်ကြောင်း၊ ယင်းကာလထက်လည်း ပိုမိုရှေးကျနိုင်ကြောင်း အင်္ဂလန်၊ ပြင်သစ်၊ ဆားဗီးယားနှင့် ကနေဒါနိုင်ငံတို့မှ ရှေးဟောင်းသုတေသနပညာရှင်များ ဖွဲ့စည်းထားသည့် သုတေသနအဖွဲ့တစ်ဖွဲ့က ဆိုသည်။ ယင်းရုပ်ကြွင်းမှာ ဥရောပအရှေ့ဘက်စွန်းဒေသမှ လူမျိုးစုတစ်ဦး၏ အရိုးတစ်ခုဖြစ်ပြီး ရှေးအကျဆုံးသော လူမျိုးများဖြစ်ကာ တွေ့ရှိရန်ခက်ခဲသော ရုပ်ကြွင်းတစ်ခုဖြစ်ကြောင်း ၎င်းတို့က ဆိုသည်။

### ၂၀၁၂ ခုနှစ်အတွင်း ငါးမန်းတိုက်ခိုက်ခံရမှု ကမ္ဘာ့စံချိန်တင်ခဲ့သည့် အမေရိကန်

အမေရိကန်နိုင်ငံအတွင်း ငါးမန်းများအန္တရာယ်ပြု တိုက်ခိုက်ခံရမှုနှုန်းမှာ ၂၀၀၀ ခုနှစ်ကတည်းက မြင့်တက်ခဲ့ပြီး ၂၀၁၂ ခုနှစ်မှာ အမြင့်ဆုံးစံချိန်ဝင်ခဲ့ကြောင်း ဖလော်ရီဒါ သုတေသီများကဆိုသည်။ ၂၀၁၂ ခုနှစ်အတွင်း ငါးမန်းများ၏ ရန်မူတိုက်ခိုက်မှုဖြစ်ပွားသည့်အမှုအခင်း ၅၃ ခု ဖြစ်ကြောင်း၊ ယင်းတို့အနက် ၄၂ ခုမှာ အမေရိကန်နိုင်ငံမြောက်ပိုင်း ပင်လယ်ရေပြင်တွင် ဖြစ်ကြောင်း၊ ကျန်သည့်နေရာများမှာ ဟာဝိုင်ယီ၊ ပေါ်တိုရီကိုတို့ဖြစ်ကြောင်း၊ ယင်းပမာဏသည် ကမ္ဘာ့နိုင်ငံများအနက် အမြင့်ဆုံးစံချိန်ဖြစ်ကြောင်း ဖလော်ရီတာတက္ကသိုလ်၏ နိုင်ငံတကာ ငါးမန်းတိုက်ခိုက်ခံရမှု မှတ်တမ်းမှတ်ရာများအရ သိရသည်။

ဟိန်းထက်လင်း စုစည်းဖော်ပြသည်




## ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ပျော်ဘွယ်မြို့နယ် ဆင်းရဲနွမ်းပါးပညာသင်ဆု ငွေပဒေသာပင်စိုက်ထူလှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၁၁ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့ အမေထိန်းခန်းမ၌ ကျင်းပသည့် ပျော်ဘွယ်မြို့နယ် ဆင်းရဲနွမ်းပါးပညာသင်ဆု ငွေပဒေသာပင်စိုက်ထူလှူဒါန်းခြင်း အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

အခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးသစ်တောနှင့် သတ္တုဝန်ကြီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်က အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ပျော်ဘွယ်မြို့နယ်၌ ဆင်းရဲနွမ်းပါးပညာသင်ဆု ငွေပဒေသာပင် စိုက်ထူနိုင်သည့်အတွက် မြို့နယ်မှ ပညာတတ်များ ယခင်ထက် များစွာထွက်ပေါ်လာတော့မည်ဖြစ်ကြောင်း၊ နိုင်ငံတော်တည်ဆောက်ရာတွင် ပညာဖြင့်သာတည်ဆောက်နိုင်သည့်အတွက် ပညာတတ်များစွာ ထွက်ပေါ်လာရန်လိုကြောင်း၊ ယခု ငွေပဒေသာပင်ကို ပျော်ဘွယ်မြို့နယ်မှ ကျောင်းမနေနိုင်သည့်ကလေးများ ကျောင်းနေနိုင်ပြီး ပညာတတ်များ ဖြစ်ပေါ်လာစေရန် စိုက်ထူခြင်းဖြစ်ကြောင်း၊ ယခုစိုက်ထူသည့် ပညာသင်ဆု ငွေပဒေသာပင်ကို စည်းကမ်းစနစ်တကျ၊ သမာသမတ်ကျစွာဖြင့် အမှန်တကယ် လိုအပ်သူများကိုသာ စိစစ်ရွေးချယ်ထောက်ပံ့ရန် လိုကြောင်း၊ ယခုချိန်တွင် မိမိတို့နိုင်ငံ၌ ဒီမိုကရေစီစနစ်ကျင့်သုံးနေပြီဖြစ်သည့်အတွက် လူတိုင်းနိုင်ငံရေး၊ အုပ်ချုပ်ရေးတွင် ပါဝင်လာနိုင်သောကြောင့် ပညာတတ်မြောက်ရန်လိုကြောင်း၊ ဒီမိုကရေစီစနစ်သည် ပြည်သူကအုပ်ချုပ်သည့်စနစ်ဖြစ်သောကြောင့် ပညာတတ်မှသာလျှင် နိုင်ငံတော်၏ အာဏာသုံးရပ်ကို ကျင့်သုံးနေသည့် ပုဂ္ဂိုလ်များကို မှန်ကန်စွာ ရွေးချယ်နိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ယခုဆင်းရဲနွမ်းပါးပညာသင်ဆု ငွေပဒေသာပင်ကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် လိုကြောင်းဖြင့် ပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကထံ ပျော်ဘွယ်မြို့နယ် ဆင်းရဲနွမ်းပါးပညာသင်ဆု ငွေပဒေသာပင်အတွက် အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီဒါရိုက်တာအဖွဲ့ဝင် ဦးကျော်မင်းနိုင်က မတည်ငွေကျပ် သိန်း ၁၀၀ ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပျော်ဘွယ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်အောင်ဆန်းက ပျော်ဘွယ်မြို့နယ် ဆင်းရဲနွမ်းပါးပညာသင်ဆု ငွေပဒေသာပင်စိုက်ထူခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် ပျော်ဘွယ်မြို့နယ်၌ ရပ်ကွက် ရှစ်ရပ်ကွက်၊ ကျေးရွာအုပ်စု ၇၅ အုပ်စု တည်ရှိပါကြောင်း၊ ပျော်ဘွယ်မြို့နယ်၌ အထက၊ အထက(ခွဲ)၊ အထက(တွဲ)၊ အလက၊ အလက(ခွဲ)၊ အလက(တွဲ)၊ အမက(လွန်)၊ အမက၊ အမက(ခွဲ)၊ ကျောင်းပေါင်း ၂၁၅ ကျောင်းရှိပါကြောင်း၊ မူလတန်းအဆင့်ကို နိုင်ငံတော်မှ အခမဲ့ပညာရေးစနစ် ဆောင်ရွက်နေကြောင်း၊ သို့ဖြစ်၍ အလယ်တန်းနှင့် အထက်တန်းအဆင့်ကိုသာ စည်းကမ်းချက်များနှင့်အညီ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ဆောင်ရွက်ရခြင်းမှာ ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်မှုဖြင့်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ဆင်းရဲနွမ်းပါးပြီး အရည်အချင်းရှိသည့် မပြည့်စုံသူ ကျောင်းသား ကျောင်းသူများကို စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်စေရန် စီစဉ်ရခြင်းဖြစ်ကြောင်း၊ ယခုပညာသင်ဆုများကို ကော်မတီသုံးခုဖြင့် စိစစ်ရွေးချယ်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းတင်ပြပြီး မြို့နယ်ပညာရေးမှူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**(သတင်းစဉ်)**

**○ ပြည်တွင်းမှ**

ရင်းနှီးမြှုပ်နှံမှုအား လုပ်ငန်းရှင်အချို့ စိုးရိမ်မှုများရှိခဲ့သော်လည်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အမိန့်ကြော်ငြာစာ အမှတ် (၁/၂၀၁၃) တွင် နိုင်ငံသားနှင့် ဖက်စပ်စနစ်ဖြင့်သာ ဆောင်ရွက်ခွင့်ပြုသည့် စီးပွားရေးလုပ်ငန်း အမျိုးအစား ၄၂ မျိုး၌ ခရီးသွားလုပ်ငန်းပါဝင်နေသည်။ ခရီးသွားကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှု မရှိစေရန် စိုးရိမ်နေမှုများနှင့် ပတ်သက်၍ "ခရီးသွားလုပ်ငန်းတွေမှာ တိုင်းရင်းသားလုပ်ငန်းရှင်ပဲ လုပ်ပိုင်ခွင့်ရှိရမယ်၊ နိုင်ငံခြားသား ဝင်ရောက်ရင်းနှီးမြှုပ်နှံခွင့် မရှိဘူးဆိုတာ မဖြစ်သင့်ပါဘူး၊ ခရီးသွားကဏ္ဍ အဆင့်မြင့်တိုးတက်ချင်ရင်တော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို လက်သင့်ခံရမှာပါပဲ" ဟု ခရီးသွားကုမ္ပဏီတစ်ခုမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ **(၀၀၁)**

## ၂၀၁၃ ခုနှစ် အမျိုးသားတံခွန်စိုက် တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

အပြည်ပြည်ဆိုင်ရာ တင်းနစ်ပြိုင်ပွဲများတွင် အောင်မြင်မှုရရှိစေရေးအတွက် မြန်မာ့လက်ရွေးစင်တင်းနစ်အသင်း၌ အခြေခံနိုင်မည့်လက်စွမ်းလက်စရှိသော၊ အလားအလာကောင်းသော တင်းနစ်အားကစားသမားများအား ရွေးချယ်ရန်အတွက် ရည်ရွယ်ကျင်းပမြဲ အမျိုးသားတံခွန်စိုက်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားများကို ဖေဖော်ဝါရီ ၉ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူ တင်းနစ်ကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ကျန်ရှိသောဗိုလ်လုပွဲစဉ်များကို ကျင်းပပြီး ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်မော်သိန်းက အမျိုးသားအလွတ်တန်း တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ မင်းမင်း၊ ဒုတိယ အောင်ကျော်နိုင်၊ ပူးတွဲ တတိယရရှိကြသော မျိုးလွင်ဦး (အား/ကာ)နှင့် ဝင်းနိုင်ဦးတို့အား ဆုတံဆိပ်များနှင့် ဆုကြေးငွေများကို ပေးအပ်ချီးမြှင့်ပြီး မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးဝင်းဆွေ(ငြိမ်း)က အမျိုးသား အလွတ်တန်းနှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမ ခင်မောင်ဝင်း+ဖြိုးမင်းသာ အတွဲ၊ ဒုတိယ မင်းမင်း+အောင်ကျော်နိုင်အတွဲ၊ ပူးတွဲ တတိယရရှိကြသော မျိုးလွင်ဦး+ကျော်စံဝင်းအတွဲတို့နှင့် အောင်မျိုးသန့်+ဟိန်းလှထူးအတွဲတို့အား ဆုတံဆိပ်နှင့် ဆုကြေးငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

အမျိုးသား (၃၅)နှစ်နှင့်အထက် တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ ခင်မောင်ဝင်း၊ ဒုတိယ မျိုးလွင်ဦး၊ အမျိုးသား (၄၅)နှစ်နှင့်အထက် တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ အောင်မိုး၊ ဒုတိယ အေးထွန်း၊ အမျိုးသား (၅၅)နှစ်နှင့်အထက် တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ ဦးသိန်းအောင်၊ ဒုတိယ ဦးမြင့်ဦး၊ အမျိုးသား (၆၀)နှစ်နှင့်အထက် တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ ဦးမြင့်ဦး၊ ဒုတိယ ဦးတင်ကြည်၊ အမျိုးသား (၆၀) နှစ်နှင့်အထက် နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမ ဦးဇော်လေး+ဦးတင်ကြည်အတွဲ၊ ဒုတိယ ဦးမျိုးညွန့်+ဦးခင်ဝင်းအတွဲတို့က အသီးသီးရရှိကြပြီး ဆုများကို တာဝန်ရှိသူများက ပေးအပ်ကြကြောင်း သိရသည်။ **(ကြေးမုံ)**

သင့်သွေးဖြင့် အသက်ကယ်ပါ

ဂန္ဓဝင်ရွှေပုဂံ Travels & Tours
Exploring to the edge of the globe.

| | | | |
|---|---|---|---|
| မန်ကောက် (၅.၅ သိန်း) / ဖူးခက် | ၈.၅ သိန်း | ဒူဘိုင်း (၁၉ သိန်း) / ရုရှား(မော်စကို) | ၃၅ သိန်း |
| မန်ကောက် + စင်္ကာပူ + မလေးရှား | ၁၂ သိန်း | ကိုရီးယား(ဆိုးလ် + ဘူဆန် + ဂျေဂျူး) | ၁၇ သိန်း |
| စင်္ကာပူ + မလေးရှား ( ၇ ညအိပ် – ၈ ရက် ) | ၁၀.၅ သိန်း | ဂျပန် (တိုကျို + အိုဆာကာ + နာဂိုယာ) | ၂၅ သိန်း |
| ဘာလီ (၁၀ သိန်း) / ဆက်၍ စင်ကာပူ+မလေးရှား | ၁၅ သိန်း | ဩစတြေးလျ (ဆစ်ဒနီ၊မဲလ်ဘုန်း၊ဂိုးလ်ကိုစ့်၊ဘရင်စပင်း) | ၃၅ သိန်း |
| ကမ္ဘောဒီးယား (ဆီရမ်ရိ + ဖနွမ်းပင်) | ၅.၈ သိန်း | ဥရောပ (၇) နိုင်ငံ (ပြင်သစ်၊ အီတလီ၊ ဆွစ်ဇလန် ....) | ၃၉ သိန်း |
| ကမ္ဘောဒီးယား + ဗီယက်နမ် (ဆိုင်ဂုံ + ဟနွိုင်း) | ၁၀.၅ သိန်း | နော်ဝေး၊ဆွီဒင်၊ဒိန်းမတ်၊ဖင်လန် (Cruise) | ၄၀ သိန်း |
| သီရိလင်္ကာ (၁၁ သိန်း) / တိဗက် | ၁၄ သိန်း | အင်္ဂလန်၊စကော့တလန် (ဂလပ်စကို) | ၄၀ သိန်း |
| ဟောင်ကောင်+ကွမ်ကျိုး+မကာအို | ၁၃ သိန်း | အမေရိကန် (LA+ ဆန်ဖရန်စစ္စကို+လာ့စ်ဗေးဂတ်စ်+ | |
| ပီကင်း+ရှန်ဟိုင်း (၁၃ သိန်း) / ဆက်၍ စီအမ် (တာယာကိုတာရုပ်တု) | ၁၆ သိန်း | နယူးယောက်+ဝါရှင်တန်+နိုင်ဂရာ Fall +ဟာဝိုင်ရီ) | ၆၀ သိန်း |
| ဗုဒ္ဓဂယာ (၇ညအိပ်–၈ရက်) ၇.၅ သိန်း / ဟိုတယ် တည်း–စား | ၁၂ သိန်း | တောင်အာဖရိက (ကိပ်တောင်၊ဂျိုဟန်နက်စဘတ်) | ၄၃ သိန်း |

သကြင်္နတွင်း အမေရိကန်၊ အင်္ဂလန် နိုင်ငံများမှာ ဗီဇာပြင်ဆင်ချိန်လိုအပ်ပါသဖြင့် ယခုပင်စာရင်းပေးသွင်းပါရန်
ကမ္ဘာအနှံ့ ခရီးစဉ်များနှင့်ပက်သက်၍ မိမိသိလိုသမျှကို အချိန်မရွေးမေးမြန်းနိုင်ပါသည်။
No.67, Baho Rd, Sanchaung. Ph: 519292, 519293, 519360, 500191.
E/1, 35 Rd, Bet 72&73 St, Mandalay. Ph: 02-73062. Hot Line: 09-73003772
Email:outboundgandawun@gmail.com, web: myanmartravel.org

iStock® ကုန်ပစ္စည်းထိန်းကွန်ပျူတာစနစ်
ကုန်ရောင်း/ကုန်ဝယ်စာရင်း
ငွေစာရင်း
ကုန်လက်ကျန်စာရင်း
ကုန်တစ်မျိုးချင်းစီ၏ အမြတ်စာရင်း
အကြွေးစာရင်း
လုပ်ငန်းတစ်ခုလုံး၏ အရှုံးအမြတ်စာရင်း
Galaxy Software Services Co., Ltd.
ကျွမ်းကျင်ဝန်ထမ်းပေါင်း(၄၀)ကျော်ဖြင့် Customer ပေါင်း(၈၀၀)ကျော်ကို မြန်မာတစ်နိုင်ငံလုံးအနှံ့ ဝန်ဆောင်မှုပေးလျက်ရှိပါသည်။
Contact Us ...
YGN 09-73138079, 09-43064181, 01-554206
MDY 09-43200283, 09-91050973

# SAS နှင့် ကိုယ်စီတာဝန်

အောင်မိုးကြည်

ယခုတလော ထွက်ရှိသည့် ဂျာနယ်များတွင် SAS ဆိုသော အသုံးအနှုန်းတော်တော်များများ တွေ့ရှိရပါသည်။ အလားတူ Internet သတင်းများ Facebook များတွင်လည်း ၎င်းကိစ္စကိုတင်၍ comment များ ဝေဝေဆာဆာဖြင့် တွေ့ရှိရပါသည်။ အခွန်စနစ်တစ်ခုအပေါ် ယခုကဲ့သို့ ရေးသားဖော်ပြဆွေးနွေးကြသည်မှာ နိုင်ငံတော်၏ အခွန်စနစ်အတွက် အလွန်ပင် အားရကျေနပ်ဖွယ် ဖြစ်ပါသည်။ SAS ဆိုသည်မှာဘာလဲ၊ SAS ကြောင့် ဘာအကျိုးကျေးဇူးရနိုင်ပါသလဲ၊ နိုင်ငံတကာ၌ SAS စနစ်သို့ ကူးပြောင်းဆောင်ရွက်လာကြသည်မှာ မည်သည့်ရည်ရွယ်ချက်ကြောင့်လဲ မေးစရာမေးခွန်းအများအပြားပင် ဖြစ်ပါသည်။

လက်ရှိ အခွန်ကောက်ခံသည့်စနစ်မှာ လုပ်ငန်းရှင်အခွန်ထမ်းက မိမိလုပ်ငန်း၏ ဝင်ငွေကို စာရင်းပြုစု၍ အခွန်ရုံးသို့ ကြေညာလွှာတင်သွင်းပြီး အခွန်ရုံးမှ လုပ်ငန်းရှင်အခွန်ထမ်း တင်ပြစာရင်းများကို အခြားမှရရှိသော သတင်းအချက်အလက်များ၊ အလားတူလုပ်ငန်းများ၊ ကွင်းဆင်းစစ်ဆေးချက်များဖြင့် ခြုံငုံသုံးသပ်၍ ကျသင့်အခွန်ကို တွက်ချက်စည်းကြပ်ပြီး အခွန်တောင်းခံလွှာ ထုတ်ဆင့်တောင်းခံပေးသွင်းစေသည့်စနစ် OAS (Official Assessment System) ဖြစ်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် “အခွန်ထမ်းပြည်သူများအတွက် အခွန်ဆိုင်ရာ ပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက် ကောင်းမွန်သော ဝန်ဆောင်မှုများ ပေးသည့်ဌာနအဖြစ် ရပ်တည်သွားနိုင်ရေး” ဆိုသော အနာဂတ်စိတ်ကူး (Our Vision)နှင့်အညီ ရှေ့လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ အခွန်ရုံးများက စည်းကြပ်တောင်းခံပေးသွင်းစေသည့် စနစ် OAS (Official Assessment System)အစား လုပ်ငန်းရှင်အခွန်ထမ်းများကိုယ်တိုင် ကျသင့်အခွန်ကို တွက်ချက် ပေးဆောင်စေခြင်းစနစ် SAS (Self Assessment System) ကို အလုံးစုံ ပြောင်းလဲကျင့်သုံးသွားနိုင်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများ၏ အကြံဉာဏ်ကို ရယူ၍လည်းကောင်း၊ နိုင်ငံတကာ၏ အခွန်စနစ်များကို လေ့လာ၍လည်းကောင်း ဆောင်ရွက်နေခြင်းဖြစ်ပါသည်။

ခေတ်မီ နိုင်ငံတော်သစ်တစ်ခု တည်ဆောက်နေသည့် နိုင်ငံတော်အတွက် ခေတ်မီအခွန်စနစ်တစ်ရပ် လိုအပ်ပါသည်။

နိုင်ငံတကာမှ လက်ခံကျင့်သုံးနေသော ခေတ်မီအခွန်စနစ်ဆိုသည်မှာ အခွန်ဥပဒေများသည် ရှင်းလင်းလွယ်ကူခြင်း (Simplification)၊ အလျားလိုက် (Horizontal)၊ ဒေါင်လိုက် (Vertical)၊ တရားမျှတမှု (Equity)ရှိခြင်း၊ ဥပဒေစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း (Law, Rule, Regulation and Procedure)၊ အယူအဆ(Concept)၊ စီမံခန့်ခွဲမှု (Administration)များ၊ တိကျခိုင်မာခြင်း (Firmness)၊ အခွန်စီမံခန့်ခွဲသူအတွက်၊ အခွန်ထမ်းအတွက် ကုန်ကျစရိတ်သက်သာခြင်း (Low Tax-Adminisistrative cost)၊ အခွန်ပေးဆောင်မှု၌ လွယ်ကူအဆင်ပြေခြင်း (Taxpayer's Convenience) စသည့် အင်္ဂါရပ်များနှင့် ပြည့်စုံရန် လိုအပ်ပါသည်။

SAS စနစ်သည် ခေတ်မီအခွန်စနစ်တစ်ရပ်ဖြစ်ပြီး ဖော်ပြပါ အချက်အလက်များနှင့် ကိုက်ညီသော စနစ်တစ်ခုဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ခေတ်မီအခွန်စနစ် တစ်ရပ်ဖြစ်စေရန်ရည်ရွယ်ကာ အခွန်ဌာနမှ စတင်အဆိုပြု ပြောင်းလဲဆောင်ရွက်ရန် ကြိုးစားနေသော အခွန်စနစ်ကို လုပ်ငန်းရှင်အခွန်ထမ်းနှင့် အခွန်ဝန်ထမ်းမထိတွေ့စေရေး၊ လာဘ်ပေးလာဘ်ယူမဖြစ်ပေါ်စေရေး ရည်ရွယ်ချက်အပေါ် ဇောင်းပေး၍ ရေးသားဖော်ပြနေကြသည်ကို တွေ့ရှိရပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာန အတွင်းတွင် ဆိုးညစ်သော ဝန်ထမ်းရှိသလို၊ ဝန်ထမ်းကောင်းများလည်း မြောက်မြားစွာရှိပါသည်။ ဖြတ်သန်းခဲ့ရသော ခေတ်အခြေအနေ၊ နှစ်စဉ်ကောက်ခံပေးရသည့် အခွန်လျာထားချက်၊ ထိုစဉ်က ကိုင်တွယ်ဆောင်ရွက်နေခဲ့ရသော အခွန်ဥပဒေနှင့်အခွန်နှုန်းထားများ၊ ပုံသဏ္ဍာန်အမျိုးမျိုးသောလုပ်ငန်းရှင်အခွန်ထမ်းများ၊ ဟန်ချက်မညီ သဘာဝမကျမှုများကြောင့် ကြုံရာကွေ့ကို ကြုံရာတက်နှင့် လှော်ခတ်ဖြတ်သန်းခဲ့ရသည့်အခြေအနေဖြစ်ပါသည်။

ယခုအခါ အခွန်ဥပဒေများ၊ အခွန်နှုန်းများကိုလည်း ခေတ်စနစ်နှင့်လျော်ညီအောင် ပြင်ဆင်ဆောင်ရွက်ထားရှိပြီးဖြစ်ပါသည်။ မိမိဥပဒေကိုဆုပ်ကိုင်၍ ဥပဒေတိုင်း ဆောင်ရွက်ရန်သာဖြစ်ပါသည်။ ဝန်ထမ်းများကိုလည်း အပြောအဆို ဆက်ဆံရေးမှအစ ဘာသာရပ်ဆိုင်ရာကိစ္စများ နားလည်တတ်ကျွမ်းမှု အပါအဝင် အကျင့်စာရိတ္တအဆုံး ပြုပြင်ကြရန် ရှင်းလင်းဆွေးနွေးပညာပေး ကြပ်မတ်ဆောင်ရွက်လျက်ရှိပါသည်။ အတတ်နိုင်ဆုံး ပြုပြင်လက်တွဲခေါ်ယူသော်လည်း ပြုပြင်မှုမရှိပါက လက်တွဲဖြုတ်ချန်ရစ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

လုပ်ငန်းရှင်အခွန်ထမ်းနှင့် အခွန်ဝန်ထမ်း တိုက်ရိုက်ထိတွေ့ကြခြင်းဖြင့် လာဘ်ပေးလာဘ်ယူ အဂတိတရားလိုက်စားမှုဖြစ်ပေါ်စေပါသည်ဆိုလျှင်-

-လာဘ်ပေးသူက လုပ်ငန်းရှင်အခွန်ထမ်း၊ လာဘ်ယူသူက အကျင့်ပျက်အခွန်ဝန်ထမ်းဖြစ်ပါမည်။

-လုပ်ငန်းရှင် အခွန်ထမ်းက ဘာကြောင့် လာဘ်ပေးသလဲ၊ အခွန်လျှော့ဆောင်ချင်၍ ဖြစ်ပါသည်။

လုပ်ငန်းအမှန်ပမာဏအရ ပေးဆောင်ရမည့် အခွန်ကို မပေးဆောင်လိုသော လုပ်ငန်းရှင်အခွန်ထမ်းက လာဘ်ငွေ တံစိုးလက်ဆောင်ပေး၍ လုပ်ပိုင်ခွင့်ရှိသော အကျင့်ပျက် အခွန်ဝန်ထမ်းအား အခွန်လျှော့၍ ပေးဆောင်ရရေး ချဉ်းကပ်ညှိနှိုင်းဆွေးနွေးလာခြင်းဖြစ်ပါသည်။ လုပ်ငန်းရှင် အခွန်ထမ်းကိုယ်တိုင်က မိမိလုပ်ငန်းအမှန် ပမာဏအတိုင်း အခွန်အမှန်ပေးဆောင်ရန် ဆန္ဒအမှန်ရှိလျှင် အကျင့်ပျက် အခွန်ဝန်ထမ်းအား လာဘ်ငွေပေး၍ ချဉ်းကပ်စည်းရုံးရန် အကြောင်းမမြင်ပါ။ လာဘ်ငွေမပေး၍ အခွန်ဝန်ထမ်းက မတရားအခွန်တိုးမြှင့် စည်းကြပ်ခြင်း၊ ရစ်ခြင်း၊ ထစ်ခြင်း၊ ညှစ်ခြင်းများ ပြုလုပ်ပါက တိုင်ကြားနိုင်ပါသည်။ ၎င်းစည်းကြပ်မှုကို ဥပဒေလမ်းကြောင်းအရ အယူခံတင်သွင်း၍ မိမိလုပ်ငန်း၏ စာရင်းဇယားများ ပြည့်ပြည့်စုံစုံဖြင့် စည်းကြပ်ထိုက်သော အခွန်ထက်များနေကြောင်း ခိုင်ခိုင်မာမာ ငြင်းဆိုနိုင်ပါသည်။

ယခု အစိုးရသစ်လက်ထက်တွင် နိုင်ငံတော်သမ္မတကြီး၏ Good Governance၊ Clean Government ဆိုသည့် လမ်းညွှန်ချက်နှင့်အညီ အကောင်အထည် ဖော်နိုင်ရေးအတွက် ပြည်တွင်းအခွန်များ ဦးစီးဌာနတွင် Taxpayer Service Unit ဖွင့်လှစ်၍ “ပြည်သူ့ဟစ်တိုင်”အဖြစ် လက်ခံဆောင်ရွက်ပေးလျက် ရှိသည်။ အဆိုပါရုံးမှ အခွန်အကြောင်း သိချင်၍ မေးသမျှ ဖြေကြားပေးပါသည်။ တိုင်သမျှ တိုင်ကြားမှုအားလုံးလက်ခံ၍ မည်သို့ စိစစ်အရေးယူ ဆောင်ရွက်ပြီးကြောင်း တိုင်ကြားသူထံသို့ ပြန်လည်အကြောင်းကြား ပေးပါသည်။ အကြံပြုချက်များကိုလည်း လေးစားစွာလိုက်နာ အကောင်အထည်ဖော်နေပါသည်။ ဆိုလိုသည်မှာ အခွန်ဝန်ထမ်းနှင့် အုပ်ချုပ်မှုဆိုင်ရာ စီမံခန့်ခွဲမှုများကို ပြင်ဆင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သာဓကဖြစ်ပါသည်။ တစ်နည်းအားဖြင့် SAS အတွက် ကြိုတင်ပြင်ဆင်နေခြင်း ဖြစ်ပါသည်။

အခွန်လျှော့နည်း ပေးဆောင်ရန် အမြဲကြံဆစိတ်ကူးနေသော လုပ်ငန်းရှင်အခွန်ထမ်းအား (အားလုံးမဟုတ်သော်လည်း အများစုကို ဆိုလိုပါသည်) နိုင်ငံတော်မှ ယုံကြည်မှုအပြည့်ထားပေးပြီး မိမိလုပ်ငန်းကို ဆိုင်ရာအခွန်ဥပဒေနှင့်အညီ မိမိဘာသာတွက်ဆ၍ ကြေညာလွှာတင်သွင်းကာ အခွန်ပေးဆောင်စေမည့် SAS စနစ်သည် နိုင်ငံတော်အတွက် မည်မျှစွန့်စားရမည်ကို တွက်ဆကြည့်နိုင်ကြပါသည်။

(ဆက်လက်ဖော်ပြပါမည်)

## ကွန်မြူနတီဖလား ကွင်းဝင်ကြေးများအား လှူဒါန်း

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

၂၀၁၃ ဘောလုံးရာသီ ကွင်းဖွင့်ဖလား (ကွန်မြူနတီဖလား) ပြိုင်ပွဲမှ ရရှိခဲ့သည့် ကွင်းဝင်ကြေးနှင့် လှူဒါန်းငွေများအား သက်ဆိုင်ရာ ပရဟိတ စာသင်ကျောင်းများနှင့် မိဘမဲ့ဂေဟာများသို့ လှူဒါန်းပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက် နံနက်ပိုင်းက မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် (MFF) အဆောက်အအုံရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားပြီး အခမ်းအနားဖြစ်မြောက်ရန် စီစဉ်ပေးသူ စာရေးဆရာ ဦးဇော်သက်ထွေးက ယခုလှူဒါန်းပွဲနှင့် ပတ်သက်၍ ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် အလှူငွေပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ဘုရားကြီးကျေးရွာရှိ မင်္ဂလာပရဟိတ ဘုန်းတော်ကြီးကျောင်းသို့ လှူဒါန်းငွေ ကျပ်သိန်း ၃၀ အား လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ပည့ာဗိမာန် ပရဟိတဘုန်းတော်ကြီးကျောင်းသို့ လှူဒါန်းငွေကျပ် ၂၅ သိန်းအားလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး နာဂစ်မုန်တိုင်းဒဏ်ခံဒေသ ဒေးဒရဲမြို့နယ် မိဘမဲ့ မသန်စွမ်းနှင့် ချို့တဲ့နွမ်းပါး ကလေးငယ်များ၏ ပညာသင်ကျောင်းသို့ လှူဒါန်းငွေကျပ်သိန်း ၂၀ အားလည်းကောင်း၊ မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် မဖြိုမလွင်ပြင် လူမှုကွန်ရက်သို့ လှူဒါန်းငွေကျပ် ၂၅ သိန်းအားလည်းကောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့်အသင်းပိုင်ရှင်များက အသီးသီး ပေးအပ်လှူဒါန်းခဲ့ကြသည်။

ယင်းအပြင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် ဖွဲ့စည်းတည်ထောင်ထားသည့် ဧရာဝတီဖောင်ဒေးရှင်းမှလည်း အထက်ပါ ပရဟိတကျောင်းတစ်ကျောင်းလျှင် အလှူငွေကျပ် ၂၅ သိန်းစီဖြင့် စုစုပေါင်းကျပ်သိန်း ၁၀၀ ကိုလည်း ထပ်မံဖြည့်စွက်လှူဒါန်းခဲ့ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှလည်း တစ်ကျောင်းလျှင် ဘောလုံး ငါးလုံးစီဖြင့် စုစုပေါင်း ဘောလုံး ၂၀ကို ကျောင်းသားလူငယ်များ ဘောလုံးကစားနိုင်ရေးအတွက် ပေးအပ်လှူဒါန်းခဲ့သည်။

ယင်းနောက် အလှူငွေ လက်ခံသည့် အဖွဲ့အစည်းများကိုယ်စား ရွှေကျင်မြို့နယ် ပည့ာဗိမာန် ပရဟိတ ပညာသင်ကျောင်းမှ ကျောင်းထိုင်ဆရာတော် ဒေါက်တာအရှင်အဂ္ဂစာရက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**(ဇော်မင်းအောင်)**

The Myanmar INDEPENDENT News Journal

ဒီမိုကရေစီနဲ့ ငြိမ်းချမ်းရေးဆိုတာ ဒွန်တွဲနေတယ်။ ဒီနိုင်ငံအနေနဲ့ နယ်စပ်တစ်လျှောက်ရော နိုင်ငံအတွင်းမှာပါ ငြိမ်းချမ်းရေးကို စံစားသင့်တဲ့၊ ငြိမ်းချမ်းရေးနဲ့ ထိုက်တန်တဲ့နိုင်ငံပါ။ ပြီးခဲ့တဲ့နှစ်နှစ်မှာ ဖြစ်ခဲ့တာတွေဟာ ကျွန်မတို့ မျှော်လင့်ထားတာထက် ပိုခဲ့ပါတယ်။ ဒါပေမယ့် ဆင်းရဲမွဲတေမှုအပါအဝင် ပြဿနာတွေအများကြီး ရှိနေတာကိုလည်း သတိထားမိပါတယ်။
(ရုသ်ဘရက်ဒလေဂျုန်း၊စ၊)

■ မြန်မာ့လာဘ်စားမှုတိုက်ဖျက်ရေး စစ်ဆင်မှုအတွင်း ဗျူရိုကရက် ထောင်နှင့်ချီအရေးယူခံရ။
■ ကချင်ငြိမ်းချမ်းရေးဆွေးနွေးမှုအပေါ် အကူအညီပေးရေးလုပ်သားများ သတိနှင့် စောင့်ကြည့်လျက်ရှိ။
■ မြန်မာ့ဗဟိုဘဏ် လွတ်လပ်တော့မည်။
■ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနိုင်မာရေး အီးယူနှင့် မြန်မာကြိုးပမ်း။
■ ရှေ့ခရီးဆက်ရဦးမည့် မြန်မာ့စီးပွားရေး ပြုပြင်ပြောင်းလဲမှု။
■ ဆုဇူကီးထရပ်ကားငယ်များ မြန်မာနိုင်ငံတွင် မေလမှစတင်ထုတ်လုပ်မည်။

အမှတ် ၃၇၅-၃၇၉ (ဘီ)၊ (၆)လွှာ၊ ဂလိုဘယ်လ်တာဝါ၊ ပန်းဆိုးတန်းလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-(၉၅)၀၁-၃၉၇၃၉၇၊ ၃၉၇၂၅၅ ကြာသပတေးနေ့တိုင်း ထွက်ပြီ





# မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Mr. Tomas Ojea Quintana စစ်တွေခရိုင်အတွင်း လေ့လာ

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ Mr. Tomas Ojea Quintana သည် ကုလသမဂ္ဂအဖွဲ့ အစည်းများဆိုင်ရာ ဌာနေညှိနှိုင်း ရေးမှူး Mr. Ashok Nigam နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော် ဝါရီ ၁၁ ရက် နံနက် ၉ နာရီတွင် ရခိုင် ပြည်နယ် စစ်တွေမြို့ ပြည်နယ်အစိုးရ အဖွဲ့ရုံး ဧည့်ခန်းမ၌ ပြည်နယ် ဝန်ကြီးချုပ် ဦးလှမောင်တင်အား တွေ့ဆုံ၍ ရခိုင်ပြည်နယ်၏ လက်ရှိ အခြေအနေ၊ ဒုက္ခသည်များအား ကူညီ ပံ့ပိုးနေမှု၊ ကယ်ဆယ်ရေးစခန်းများ အခြေအနေ၊ ပြန်လည်နေရာချထား ပေးမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ မေးမြန်းရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်နှင့် တာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် Mr. Tomas Ojea Quintana နှင့် အဖွဲ့ဝင်များသည် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီးထိန်လင်းနှင့် ပြည်နယ်ဥပဒေချုပ် ဦးလှသိန်းတို့ လိုက်ပါလျက် မွန်းလွဲ ၁ နာရီခွဲတွင် စစ်တွေခရိုင် မြေပုံမြို့သို့ ရောက်ရှိကြပြီး ကန်သာထွက်ဝရပ်ကွက် မြောက်ပိုင်းဘောလုံးကွင်းရှိ ကယ်ဆယ် ရေး စခန်းနှင့် တောင်ပေါ်ရပ်ကွက် ကယ်ဆယ်ရေးစခန်းများသို့ သွားရောက် လေ့လာကြည့်ရှုကာ ဒုက္ခသည်များနှင့် သီးခြားလွတ်လပ်စွာ တွေ့ဆုံ၍ သိလို သည်များကို မေးမြန်းကြသည်။

ဆက်လက်၍ ပေါက်တောမြို့နယ် ကြိမ်နီပြင်ကယ်ဆယ်ရေးစခန်းသို့ သွားရောက်လေ့လာကြပြီး ဒုက္ခသည် များနှင့် သီးခြားလွတ်လပ်စွာ တွေ့ဆုံ ၍ သိလိုသည်များကို မေးမြန်းကြသည်။



မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ Mr. Tomas Ojea Quintana နှင့် အဖွဲ့ဝင်များ မင်းဂံ ကယ်ဆယ်ရေးစခန်းတွင် ကြည့်ရှုစဉ်။ (သတင်းစဉ်)

Mr. Tomas Ojea Quintana နှင့် အဖွဲ့ဝင်များသည် ယနေ့နံနက် ၈ နာရီ ၁၅မိနစ်တွင် စစ်တွေ အကျဉ်း ထောင်သို့ သွားရောက်ပြီး အကျဉ်းသား များနှင့် တစ်ဦးချင်းစီ လွတ်လပ် ပွင့်လင်းစွာ တွေ့ဆုံမေးမြန်း၍ အမျိုးသားအဆောင်၊ အမျိုးသမီး အဆောင်နှင့် ဆေးရုံအဆောင်တို့ကို လှည့်လည်ကြည့်ရှုကာ အကျဉ်းသား အကျဉ်းသူများအား သီးခြားစီတွေ့ဆုံ ၍ သိလိုသည်များကို မေးမြန်းသည်။

ထို့မှတစ်ဆင့် မင်းဂံ ကယ်ဆယ်ရေး စခန်းနှင့် သက္ကေပြင် ကယ်ဆယ်ရေး စခန်းများသို့ သွားရောက်၍ စခန်း အတွင်း လှည့်လည်ကြည့်ရှုလေ့လာ ကာ ဒုက္ခသည်များနှင့် သီးခြား လွတ်လပ်စွာ တွေ့ဆုံသည်။

ယင်းနောက် စစ်တွေဟိုတယ်၌ ရပ်မိရပ်ဖများအား တွေ့ဆုံ၍ နှစ်ဖက် သဘောထားအမြင်များကို လွတ်လပ် ပွင့်လင်းစွာ မေးမြန်းဆွေးနွေးပြီး လေကြောင်းခရီးဖြင့် စစ်တွေမြို့မှ ရန်ကုန်မြို့သို့ ညနေပိုင်းတွင် ပြန်လည် ရောက်ရှိသည်။ **(သတင်းစဉ်)**

# အိန္ဒိယသမ္မတနိုင်ငံအောက်လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့ ချစ်ကြည်ရေးခရီးရောက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ ဖိတ်ကြား ချက်အရ အိန္ဒိယသမ္မတနိုင်ငံ အောက်လွှတ်တော် (LOK SABHA) ဥက္ကဋ္ဌ Honourable Smt. Meira Kumar ခေါင်းဆောင်သော အိန္ဒိယလွှတ်တော် ကိုယ်စားလှယ်အဖွဲ့ သည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ချစ်ကြည်ရေးခရီးရောက်ရှိလာကြသည်။

အဆိုပါ အိန္ဒိယသမ္မတနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်၊ ပြည်သူ့လွှတ်တော် နိုင်ငံ တကာ ဆက်ဆံရေးကော်မတီ အတွင်းရေးမှူး ဦးကိုကိုထွန်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥပဒေပြုရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးလှထွန်းနှင့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး Dr. Villur Sundararajan Seshadri နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

အိန္ဒိယသမ္မတနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဇဖားရ်ရှားဂူဗိမာန် သို့ သွားရောက်ဂါရဝပြုကြပြီး ဆက်လက်၍ ရွှေတိဂုံ စေတီတော်အား သွားရောက်ကြည်ညိုကြသည်။

ညပိုင်းတွင် အိန္ဒိယသမ္မတနိုင်ငံ အောက်လွှတ်တော် ဥက္ကဋ္ဌ Honourable Smt. Meira Kumar ခေါင်းဆောင် သော အိန္ဒိယလွှတ်တော်ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင် သက်ဌေးတို့က ကန်တော်ကြီးပဲလေ့ဟိုတယ်၌ ဂုဏ်ပြု ညစာဖြင့် တည်ခင်းဧည့်ခံသည်။

**(သတင်းစဉ်)**

# မွန်ငြိမ်းချမ်းရေး ကာကွယ်ရေးအဖွဲ့မှ ဗိုလ်မှူးအဆင့်ရှိ စိုးမြင့် ဦးစီး ၁၀ ဦး အလင်းဝင်ရောက်



**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

ဖေဖော်ဝါရီ ၁၀ ရက် ည ၇ နာရီခွဲခန့်တွင် တနင်္သာရီတိုင်းဒေသကြီး ပြည်ကြီးမဏ္ဍိုင်မြို့နယ်ခွဲ လေညာကျေးရွာရှိ နယ်မြေခံတပ်ရင်းသို့ မွန် ငြိမ်းချမ်းရေး ကာကွယ်ရေးအဖွဲ့မှ ဗိုလ်မှူးအဆင့်ရှိ နိုင်ညိုနှင့် ဗိုလ်အဆင့်ရှိ အချန်းတို့ နှစ်ဦးသည် အမ်(၃၂)ပစ္စတို တစ်လက်၊ပွိုင့်(၃၀)ကာဘိုင် တစ်လက်၊ ဆက်စပ်ပစ္စည်းများနှင့်အတူ အလင်းဝင်ရောက်ခဲ့ကြသည်။

တပ်မတော်၏ နွေးထွေးပျူငှာစွာဆက်ဆံမှုကြောင့် ၎င်းတို့ နှစ်ဦးက လက်ကျန်အဖွဲ့များအား ဆက်သွယ်ခေါ်ဆောင်ရာ ဖေဖော်ဝါရီ ၁၁ ရက် ညနေ ၄ နာရီခွဲခန့်တွင် ဗိုလ်မှူးအဆင့်ရှိ စိုးမြင့်ခေါင်းဆောင် အဖွဲ့ဝင် ရှစ်ဦးသည် ပွိုင့်(၃၀)ကာဘိုင် တစ်လက်၊ အမ်(၁၆) နှစ်လက်၊ အိပ်ချ်ကေ နှစ်လက်၊ ကေအေ(၄၇) ၁လက်၊ ပွိုင့်(၂၂) တစ်လက်၊ ပြောင်းချောသေနတ်ကြီး တစ်လက်၊ ၄၀ မမ ဗုံးပစ်လောင်ချာ တစ်လက်၊ လုပ်သေနတ်တို တစ်လက်၊ ဆက်စပ်ပစ္စည်း များနှင့်အတူ ထပ်မံအလင်းဝင်ရောက်လာခဲ့ကြောင်း သိရှိရသည်။ **(ဓါတ်ပုံ)**

၎င်းတို့ ၁၀ ဦးနှင့်အတူ လက်နက်မျိုးစုံ ၁၂ လက်၊ ခဲယမ်းမျိုးစုံ ၁၂၀၇ တောင့်၊ ကျည်အိမ်မျိုးစုံ ၂၂ ခု ပါရှိလာခဲ့ပြီး တာဝန်ရှိသူများမှ စားသောက် ဖွယ်ရာများ၊ အဝတ်အထည်များထောက်ပံ့ပေးအပ်၍ ၎င်းတို့ မိသားစုဘဝ လုံခြုံရေးနှင့် ပြန်လည်တည်ထောင်ရေးအတွက် လိုအပ်သည်များပံ့ပိုးကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**




## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၂ - ၂ - ၂၀၁၃

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| မြန်မာ (ကျပ်) | ၈၅၉. ၀၀၀ | ၀. ၀၀၁၁၆ |
| ထိုင်း (ဘတ်) | ၂၉. ၈၈၄၉ | ၀. ၀၃၃၄၆ |
| တရုတ် (ယွမ်) | ၆. ၂၃၃၆၇ | ၀. ၁၆၀၄၂ |
| အိန္ဒိယ(ရူပီး) | ၅၄. ၀၁၈၆ | ၀. ၀၁၈၅၁ |
| မလေးရှား (ရင်းဂစ်) | ၃. ၀၉၈၅၀ | ၀. ၃၂၂၇၄ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၄၄၄၄ | ၀. ၈၀၃၅၇ |
| ဂျပန် (ယန်း) | ၉၃. ၉၈၄၄ | ၀. ၀၁၀၆၄ |
| တောင်ကိုရီးယား(ဝမ်) | ၁၀၉၂. ၄၃ | ၀. ၀၀၀၉၂ |
| ယူရို | ၀. ၇၄၇၉၃ | ၁. ၃၃၇၀၃ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၃၉၀၆ | ၁. ၅၆၄၈၀ |



**❊ နိုင်ငံတော်သမ္မတမှ**

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းနှင့် ၎င်းတို့၏ဇနီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြည်ထောင်စုကိုယ်စားလှယ်များ စုံညီစွာ တက်ရောက်ကြသည်။

(၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း ဧည့်သည်တော်များအား မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့က ပဏာမ ဧည့်ခံတီးလုံးဖြင့်လည်းကောင်း၊ မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ ပြည်ထောင်စုတိုင်းရင်းသား၊ တိုင်းရင်းသူများနှင့် တေးသံရှင်များက တေးသံသာများဖြင့်လည်းကောင်း ဧည့်ခံဖျော်ဖြေ တင်ဆက်ကြသည်။

ညစာစားပွဲအပြီးတွင် ညစာစားပွဲသို့ တက်ရောက်လာကြသူများအား မြို့တော်ခန်းမ လေဟာပြင်ကဇာတ်ရုံ၌ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များနှင့် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်လာကြသော တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များက အဆိုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ **(သတင်းစဉ်)**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ဖိတ်ကြားထားသော ငြိမ်းချမ်းရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)



**❖ ရွှေဖုံးမှ**

တောင်ပေါ်ရေအိုင်ကြီး၏ ဧရိယာအကျယ်အဝန်းမှာ ၉၈ ဒသမ ၇ ဟတ်တာရှိပြီး ရေလီတာ ၁၉ ဒသမ ၇ ဘီလီယံရှိကြောင်း လေ့လာချက်တွင် ဖော်ပြသည်။

တောင်ပေါ်ရေအိုင်ကြီးသည် ရုတ်တရက်ကျိုးပေါက်နိုင်သော ဘေးအန္တရာယ်ရှိနေပြီး အကယ်၍ ယင်းသို့ကျိုးပေါက်မည်ဆိုပါက တောင်အောက်သို့ ရေများ ဒလဟော ကျဆင်းလာနိုင်ကာ ဘေးဥပဒ်ပေးနိုင်ကြောင်း သိပ္ပံပညာရှင်များက သတိပေးသည်။

သို့ရာတွင် မိမိတို့၏ လေ့လာချက်မှာ ပဏာမ လေ့လာသုံးသပ်သည့် အဆင့်သာလျှင်ဖြစ်ပြီး တောင်ပေါ်ရေအိုင်ကြီးက ပေးနိုင်သည့် ဘေးဥပဒ်နှင့်ပတ်သက်၍ ဂဃနဏသိရှိနိုင်ရန် ကွင်းဆင်းသုတေသနပြုလုပ်မှုများ လိုအပ်မည်ဖြစ်ကြောင်း မျက်မှောက်သိပ္ပံရေးရာအမည်ရှိ ဂျာနယ်တွင် ဖော်ပြသည်။ **ဗီတီအိုင်။**

**၂၀၁၃ ခုနှစ် (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ နို**
**အခမ်းအနား ကျင်းပစဉ်။**

**၂၀၁၃ ခုနှစ် (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့**
**အလေးပြုပွဲအခမ်းအနားသို့ တက်ရောက်လာကြသူမ**



# (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ တွင် နေပြည်တော်၌ ရောင်စုံမီးများ ထွန်းညှိထား






**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

**ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။**

## မြန်မာ-ဂျပန် ပထမအကြိမ် လူ့အ

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

မြန်မာ-ဂျပန် ပထမအကြိမ် လူ့အခွင့်အရေးဆိုင်ရာ ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၁ ရက်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပရာ ဆွေးနွေးပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော် တက်ရောက် အမှာစကားပြောကြား၍ ဖွင့်လှစ်ပေးခဲ့သည်။

ဆွေးနွေးပွဲသို့ ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား

ဝန်ကြီးဌာန၊ 
ဌာန၊ လူမှုဝန်
နှင့် ပြန်လ
ဝန်ကြီးဌာန၊ 
အကိုင်နှင့် လူမှ
မြန်မာနိုင်ငံ
အရေးကော်မ
အမျိုးသမီးရေး
နိုင်ငံရဲတပ်ဖွဲ့၊
ရေးဦးစီးဌာနနှ
တို့မှ ဘာသာ
သူများ၊ ဂျပန်
ဌာနမှ
သံအမတ်ကြီး



၂၀၁၃ ခုနှစ် (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

၂၀၁၃ ခုနှစ် (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

**☆ (၆၆)နှစ်မြောက်မှ**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဒုတိယသမ္မတနှင့် အခမ်းအနားသို့တက်ရောက်လာကြသူများက ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အလေးပြုကြရာ ဂုဏ်ပြုတပ်ဖွဲ့မှ နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှ ၂၀၁၃ ခုနှစ် (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ပေးပို့သောသဝဏ်လွှာကို ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါအခမ်းအနားသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တပ်ရင်းတပ်ဖွဲ့များမှ မိသားစုများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တိုင်းရင်းသား တိုင်းရင်းသူကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ စုစုပေါင်း အင်အား ၂၃၀၀ ကျော် တက်ရောက်ကြသည်။

၂၀၁၃ ခုနှစ် (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုညဖြစ်သည့် ယမန်နေ့ညနှင့် ယနေ့ညတို့တွင် နေပြည်တော်ရှိ ဝန်ကြီးဌာနရုံးများ၊ နေပြည်တော်မြို့တော်ခန်းမနှင့် လမ်းဆုံအဝိုင်းများ၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ မဏိရတနာကျောက်စိမ်းခန်းမနှင့် ကျောက်စိမ်းဥယျာဉ်၊ နေပြည်တော်ရှိဈေးများ၊ အဆောက်အအုံများ၊ ဝန်ထမ်းအိမ်ရာများ၌ ရောင်စုံမီးများလှပခံ့ညားစွာ ထွန်းညှိ၍ ပြည်ထောင်စုနေ့အား ဂုဏ်ပြုကြိုဆိုကြသည်ကို တွေ့ရသည်။

**(သတင်းစဉ်)**



## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၃-၂-၂၀၁၃ (ဗုဒ္ဓဟူးနေ့)

| | |
|---|---|
| ၇း၀၀ | ပရိတ်တရားတော် |
| ၈း၀၅ | "ရင်နှစ်ပန်းတို့လန်းစေချင်" |
| ၈း၃၀ | "Road to27th SEA GAMES" (ကြက်တောင်) |
| ၈း၄၅ | မြန်မာ့ရိုးရာတောလေ့ကျေးလက်တေးသံများ "စာကလေး" (ဆင်တပ်မင်္ဂလာဗြောညွှန့်) |
| ၄း၂၀ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (အင်္ဂလိပ်စာအထူးပြု) (အင်္ဂလိပ်စာ) |
| ၄း၄၀ | ဂီတမဟာပျော်စရာ |
| ၄း၅၀ | "ဖွံ့ဖြိုးမှုအလှပန်းစုံ ရန်ကုန်တိုင်းဌာနီ၊ ဖွံ့ဖြိုးဝေစည် တိုင်းဧရာဝတီ |
| ၇း၁၀ | "ကြယ်ပွင့်များရဲ့ရင်ခုန်သံ" |
| ၇း၂၅ | "လက်တွေ့တင်ဆက် ကလေးတို့ အိပ်မက်" |
| ၈း၀၀ | ပြည်တွင်းသတင်း နိုင်ငံတကာသတင်းများ မိုးလေဝသအခြေအနေ "Road to SEA Games" (Basketball) (သရုပ်ဆောင်-ဟက်ကက်၊ ခင်သဇင်) နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆုံး" (အပိုင်း-၁၂၉) |
| ၁၀း၀၀ | ပြည်တွင်းသတင်း မြန်မာရုပ်ရှင် "မြစ်တို့၏မာယာ" (ရန်အောင်၊ရဲအောင်၊ မေသန်းနု) (ဒါရိုက်တာ - မီးပွား) |



# မြန်မာ-ဂျပန် ပထမအကြိမ် လူ့အခွင့်အရေးဆိုင်ရာဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

မြန်မာ-ဂျပန် ပထမအကြိမ် လူ့အခွင့်အရေးဆိုင်ရာ ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၁ ရက်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပရာ ဆွေးနွေးပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော် တက်ရောက် အမှာစကားပြောကြား၍ ဖွင့်လှစ်ပေးခဲ့သည်။

ဆွေးနွေးပွဲသို့ ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ သာသနာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် အကျဉ်းဦးစီးဌာနတို့မှ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူများ၊ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ကုလသမဂ္ဂဆိုင်ရာ သံအမတ်ကြီး မစ္စတာ ဂျွန်ရှင်းမိ၊ ဂျပန်သံရုံးမှ သံမှူး မစ္စတာ ဟိစနဂ တိုမိအိုကာ၊ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန လူ့အခွင့်အရေးနှင့် လူသားချင်းစာနာမှု ရေးရာဌာနမှ မစ္စမိဟို နာဂါတာတို့ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် လူ့အခွင့်အရေးကဏ္ဍ၌ မြန်မာ-ဂျပန် ပူးပေါင်းဆောင်ရွက်နိုင်မှု၊ တိုးတက်ဖြစ်ပေါ်မှုများနှင့် အကူအညီပေးနိုင်မှုများကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

**ယနေ့ မိုးလေဝသ**

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

**မြန်မာနိုင်ငံ မြောက်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။**

# ကချင်ပြည်နယ်၌ တပ်မတော်အနေဖြင့် တိုက်ခိုက်မှုများ မဖြစ်ပွားစေရေး ထိန်းသိမ်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

ကချင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေးအမြန်ရရှိရန် ရည်ရွယ်၍ တပ်မတော်သည် နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၁၀ ရက် ရက်စွဲပါ ညွှန်ကြားချက်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သတင်းထုတ်ပြန်ကြေညာချက်(၃/၂၀၁၃)ပါအတိုင်း မိမိကိုယ်ကိုကာကွယ်ခြင်းမှအပ ပစ်ခတ်တိုက်ခိုက်မှုမပြုရန် အလေးထားလိုက်နာဆောင်ရွက်လျက်ရှိသည်။

ဖားကန့်မြို့နယ်အတွင်း နယ်မြေစိုးမိုးရေးဆောင်ရွက်လျက်ရှိသော တပ်မတော်စစ်ကြောင်းတစ်ကြောင်းသည် ယမန်နေ့ မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် ဝေ့လုံ/ဝေ့ခါအရှေ့ဘက် ဂျာရားယန်ကျေးရွာအနီး ရောက်ရှိခဲ့စဉ် ရွာအတွင်းမှ ကေအိုင်အေ ရင်း(၆)မှ ဗိုလ်ကြီးလဒွဲ ဦးစီး ၁၀ ဦးခန့်သည် တပ်မတော်စစ်ကြောင်းရှိရာသို့ ရောက်ရှိလာပြီး မိတ်ဆက်ပြောဆိုလာ၍ တပ်မတော်စစ်ကြောင်းမှလည်း ခင်မင်ရင်းနှီးစွာ နှုတ်ဆက်ကာ မိမိတာဝန်ကျနေရာသို့ ဆက်လက်ထွက်ခွာခဲ့ကြောင်း၊ ဖေဖော်ဝါရီ ၄ ရက်နောက်ပိုင်းတွင် တပ်မတော်အနေဖြင့် ပစ်ခတ်တိုက်ခိုက်မှုများ မဖြစ်ပွားစေရေးအတွက် ထိန်းသိမ်းလုပ်ဆောင်လျက်ရှိကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သော ၂၀၁၃ ခုနှစ် (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာအား နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူး(လက်ထောက်ညွှန်ကြားရေးမှူး) ဦးမြတ်သိန်းထွန်း ဖတ်ကြားစဉ်။

(ကြေးမုံ)

# မြန်မာမိန်းကလေးများ သတိပြု အတုယူစေချင်

**အတွေးအရေး ခင်လပြည့်ဝန်း**

(၅၅)ကြိမ်မြောက် ဂရမ်မီဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက် (တနင်္ဂနွေနေ့)က လော့စ်အိန်ဂျလိစ်မြို့မှာ ကျင်းပတဲ့ တကယ့်အခမ်းအနားကြီးမှာ တက်မယ့် အနုပညာရှင်တွေကလည်း တကယ့်နာမည်ကျော်အနုပညာရှင်တွေ၊ နှယ်နှယ်ရရလူတွေမဟုတ်၊ အဲဒီအခမ်းအနားကို တက်ရောက်မယ့် အနုပညာရှင်တွေကို မလုံ့တလုံလျှပ်ပေါ်လော်လည်တဲ့အဝတ်အစားတွေ ဝတ်ဆင်ခြင်းမပြုဖို့ တိုက်ရိုက်ရိုက်ကူးထုတ်လွှင့်မယ့် စီဘီအက်စ် (CBS) ရုပ်သံက မေတ္တာရပ်ခံထားခဲ့ပါတယ်။

အနုပညာရှင်တွေအနေနဲ့ အခမ်းအနားတိုက်ရိုက် ရိုက်ကူးနေစဉ်အတွင်းခန္ဓာကိုယ်အစိတ်အပိုင်းတွေကို လုံခြုံအောင် ဖုံးအုပ်ထားတဲ့ အဝတ်အစားတွေသာ ဝတ်ဆင်ကြဖို့၊ ခန္ဓာကိုယ်ကို အတိုင်းသားမြင်တွေ့စေနိုင်တဲ့ ပါးလွှာတဲ့ အဝတ်အစားဒီဇိုင်းတွေ ဝတ်ဆင်ကြတာတွေ ရှောင်ရှားပေးကြပါဆိုပြီး အဲဒီရုပ်သံလိုင်းက ဗုဒ္ဓဟူးနေ့ကတည်းက အမှာစာပေးပို့ မေတ္တာရပ်ခံထားခြင်း ဖြစ်ပါတယ်။

အဲဒီသတင်းလေးကို ဖတ်လိုက်ရတော့ ဝမ်းသာတဲ့စိတ်ဖြစ်မိပါရဲ့၊ အမေရိကန်နိုင်ငံလို နိုင်ငံကြီးတောင်မှ ဂရမ်မီဆုပေးပွဲအခမ်းအနားလိုမျိုးမှာ ဝတ်စားဆင်ယင်မှုနဲ့ပတ်သက်ပြီး မေတ္တာရပ်ခံထားလို့ အနုပညာရှင်တော်တော်များများလည်း ဝတ်စားဆင်ယင်မှုကို ထိန်းထိန်းသိမ်းသိမ်းဝတ်စားဆင်ယင်ခဲ့ကြတာကို တွေ့ရပါတယ်။ စာရေးသူတို့နိုင်ငံက အနုပညာရှင်တွေ သတိပြုစရာပါ။

တချို့မိန်းကလေးတွေဆိုရင် ရန်ကုန်မြို့ထဲမှာ အတွင်းခံသာသာ ဘောင်းဘီတိုနန့်နန့်တွေနဲ့ ရဲရဲတင်းတင်း ဝတ်စားဆင်ယင်တဲ့အပြုအမူကိုလည်း ဆင်ခြင်ဖို့ အချိန်ရောက်ပြီထင်ပါတယ်။ ဒါပေမယ့် ခုတလော သတိထားမိတာရှိပါတယ်။ လွန်ခဲ့တဲ့နှစ်လောက်ကစပြီး မြန်မာမိန်းကလေးတွေ တိုင်းရင်းသားလုံချည်၊ ပြည်တွင်းဖြစ်လုံချည်တွေကို ဝတ်စားဆင်ယင်တာများလာတယ်။ မြန်မာပြည်ရဲ့ မြို့ကြီးတွေမှာ တိုင်းရင်းသားဝတ်စုံလေးတွေ စတိုးဆိုင်တော်တော်များများနဲ့ ဈေးတွေမှာ နေရာယူလာတာ တွေ့ရပါပြီ။ ကုမ္ပဏီရုံးတွေမှာ ယူနီဖောင်းကို မြန်မာဝတ်စုံလှလှလေးတွေနဲ့ ဝတ်ဆင်ပြီး အလုပ်လာ၊ အလုပ်ပြန်ချိန်တွေမှာ တွေ့ရတော့ အမြင်တင့်တယ်လိုက်တာ၊ ကျက်သရေရှိလိုက်တာ၊ ဒါကောင်းတဲ့ အလားအလာမဟုတ်ပါလား။ မြန်မာလူမျိုးဆိုတာ မြန်မာဝတ်စုံနဲ့အလှဆုံးပဲပေါ့။

တိုင်းရင်းသားဝတ်စုံဖြစ်တဲ့ ကချင်၊ ချင်း၊ မွန်၊ ရှမ်း၊ ကရင်တို့ရဲ့ ပြည်တွင်းဖြစ်ဝတ်စုံလေးတွေ၊ လုံချည်လေးတွေကလည်း အဆင်အသွေးရောင်စုံလေးတွေနဲ့ ဈေးနည်းနည်းကနေ တန်ဖိုးကြီးတဲ့ ပြည်တွင်းဖြစ် လုံချည်၊ အင်္ကျီလေးတွေက မြန်မာမိန်းကလေးတွေကို ဆွဲဆောင်လို့နေတယ်။ တချို့လုံချည်လေးတွေက ဈေးသိပ်မများပေမယ့် ရောင်စုံအဆင်အသွေးနဲ့မို့ ဝတ်ပျော်တယ်ဆိုရမယ်။

မြန်မာမိန်းကလေးတွေဟာ မြန်မာတိုင်းရင်းသား၊ မြန်မာ့ယဉ်ကျေးမှုနဲ့ ကိုက်ညီတဲ့ မြန်မာဝတ်စုံလေးတွေနဲ့ အလှဆုံး၊ အယဉ်ဆုံး၊ အချောဆုံး၊ အလိုက်ဖက်ဆုံးပါ။ မယုံရင် မြန်မာမိန်းကလေးတွေ မြန်မာတိုင်းရင်းသားဝတ်စုံလေးတွေ ဝတ်ကြည့်ကြပါလား။ အလှစစ်ကို ရှာတတ်၊ မြင်တတ်၊ ကြည့်တတ်သူတိုင်း "မြန်မာမိန်းကလေးတွေ မြန်မာဝတ်စုံနဲ့ လှတယ်"လို့ ပြောကြမှာ အမှန်ပါပဲ။ ။

# မော်လမြိုင်နှင့် မုဒုံမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပြည်နယ်ဝန်ကြီးချုပ် ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

(၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများပူးပေါင်းဆောင်ရွက်သည့် ကျောက်တန်းရပ်ကွက် ဓမ္မာရုံလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက် နံနက် ၈ နာရီတွင် ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်တက်ရောက်ပြီး လမ်းသစ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

အဆိုပါလမ်းသစ်မှာ ၁ ဒသမ ၆၆ ဖာလုံ ရှည်လျားပြီး မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၁၀၂ သိန်းနှင့် ပြည်သူလူထုထည့်ဝင်ငွေကျပ် ၅၇ သိန်း စုစုပေါင်းငွေကျပ် ၁၅၉ သိန်းဖြင့် စုပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် မုဒုံမြို့နယ် ဒိုးမားကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ဖွင့်ပွဲနှင့် ကွမ်ကဘွီးနှင့် ဖယ်ဒိုကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားများသို့ တက်ရောက်ချီးမြှင့်သည်။ ယခု ဖွင့်လှစ်လိုက်သည့် ဒိုးမား၊ ကွမ်ကဘွီးနှင့် ဖယ်ဒိုကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲများမှာ အလျားပေ ၂၀၊ အနံပေ ၃၀ အာစီတစ်ထပ်ဖြစ်ပြီး အဆောက်အအုံတစ်ခုလျှင် ပြည်နယ်အစိုးရအဖွဲ့မှ ငွေကျပ်သိန်း ၆၀ စီနှင့် ပြည်သူလူထုထည့်ဝင်ငွေကျပ်သိန်း ၄၀ စီဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် မုဒုံမြို့နယ် ထုံမံ-တောင်ပ ကျေးရွာချင်းဆက်တံတား ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီး မုဒုံမြို့နယ်တာဝန်ခံ ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဒေါက်တာမင်းနွယ်စိုး၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာတိုးတိုးအောင်နှင့် ထုံမံကျေးရွာ အုပ်ချုပ်ရေးမှူးတို့က တံတားသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ အဆိုပါတံတားသစ်မှာ သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး အလျား ၁၈ ပေနှင့် အကျယ် ၁၈ ပေဖြစ်ကာ ပြည်နယ်အစိုးရအဖွဲ့က ငွေကျပ် ၄၅ သိန်းနှင့် ပြည်သူလူထုမှ ငွေကျပ်သိန်း ၄၀ စုစုပေါင်း ငွေကျပ် ၈၅ သိန်းဖြင့် စုပေါင်းဆောက်လုပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် နိုင်လုံကျေးရွာ အခြေခံပညာမူလတန်းကျောင်းဆောင်သစ် ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးပြီး ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ညောင်ရွှေမြို့နယ် အင်းလေးဒေသ အသက်မွေးဝမ်းကျောင်းမှု

**ညောင်ရွှေ ဖေဖော်ဝါရီ ၁၂**





အင်းလေးကန်သည် နိုင်ငံတကာမှ ခရီးသွားများကို အစဉ်ဖိတ်ခေါ်လျက်ရှိသည့် မြန်မာနိုင်ငံအမွေအနှစ်တစ်ခု ဖြစ်သည်။ အင်းလေးကန်ကို လာရောက်လေ့လာကြသော ကမ္ဘာလှည့်များသည် အင်းသားတို့၏ နေထိုင်သွားလာမှု၊ အသက်မွေးဝမ်းကျောင်းလုပ်ကိုင်ရှာဖွေခြင်းများကို လေ့လာကြသည်။ ၎င်းတို့အံ့သြရသည့် အကြောင်းအရာတစ်ခုမှာ လူအများ ကုန်းပေါ်တွင် နေထိုင်ခြင်းမရှိဘဲ ရေထဲတွင် ရွာတည်၍ နေထိုင်ကြသည်ကို အလွန်အံ့သြဖွယ်ဟု တွေးတော၍ ထူးခြားဆန်းပြားသည့် ဒေသဟုသတ်မှတ်ကာ လာရောက်ကြည့်ရှုနေကြခြင်းဖြစ်သည့် အင်းလေးကန်အတွင်း အင်းသားတို့ရေပြင်တွင် ငါးရှာဖွေဖမ်းဆီးပုံများကိုလည်း မှတ်တမ်းတင်ဓာတ်ပုံရိုက်၊ ဒေသ့လမ်းညွှန်ကို မေးမြန်း ဗဟုသုတရှာဖွေကြသည်။

ဖေဖော်ဝါရီ ၈ ရက် မွန်းလွဲပိုင်းက တွေ့မြင်ခဲ့ရသည့် ငါးဖမ်းခြင်းတစ်မျိုးမှာ ညောင်ရွှေမြို့အဝင် လမ်းတစ်နေရာ၌ လူငယ်တစ်ဦး လေးမြားသဏ္ဍာန်လက်နက်တစ်မျိုးဖြင့် ရေထဲမှငါးကို ပစ်၍၊ ထိသောအခါ မြား၌ တပ်ဆင်ထားသည့် စက်သီးအသေးဖြင့် မြားတံနောက်မှချည်ထားသော ကြိုးကိုရစ်၍ ဆွဲယူလိုက်သောအခါ ငါးမှာ မြားတံနှင့်အတူပါလာပြီး ကောက်ယူလိုက်သည်ကို တွေ့ရှိရသဖြင့် ယင်းလူငယ်ကိုမေးကြည့်ရာ ယင်းလက်နက်ကို ကိုယ်တိုင်တီထွင်၍ အသုံးပြုကြောင်း၊ အချို့လူများလည်း အသုံးပြုလျက်ရှိကြောင်း၊ တွင်ကျယ်မှုတော့မရှိသေးဘဲ ရေထုညစ်ညမ်းမှုမဖြစ်ပေါ်၊ သဘာဝဝန်းကျင်မထိခိုက်သဖြင့် ကျွန်တော်တို့ ယခုလိုအသုံးပြုနေကြောင်းကို ရှင်းပြသည်။ **(အပေါ်ယာပုံ)** **(စိုးငွေး)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁၃-၂-၂၀၁၃ (ဗုဒ္ဓဟူးနေ့)

| | |
|---|---|
| ၅း၀၀ | "ကုသိုလ်ပြုနည်း"တရားတော် (ဆရာတော်ဓမ္မဒူဝ အရှင်ပညာဝရ) |
| ၈း၄၀ | ပင်လုံနှင်းဆီကိုယ်ပိုင် အထက်တန်းကျောင်းစုံညီ ပွဲတော်အခမ်းအနား |
| ၁၀း၄၅ | ဟင်းချက်ရအောင် |
| ၅း၁၅ | Minute to Win It |
| ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချိုမြိန်သောဘဝလေး" (အပိုင်း-၁၀၀) |
| ၈း၁၅ | မြန်မာအမျိုးသမီးတို့၏ ယဉ်ကျေးမှုအသွင်အပြင် |
| ၉း၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေညင်းလေးရဲ့ပျော်ရွှင်မှု" (အပိုင်း-၁၉) |
| ၁၁း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မေတ္တာမှန်လျှင်" (အပိုင်း-၂၁) |


## Super Technology Product Service Co.,Ltd.

**Taxi** အငှားမောင်းလိုသူများနှင့် ရုံးလုပ်ငန်းယာဉ်မောင်းများအလိုရှိသည်။

**Taxi** အငှားယာဉ်မောင်းများ သက်သာသောနှုန်းထားဖြင့်ရရှိနိုင်ရန် အထူးစီစဉ်ထားပါသည်။

ယာဉ်မောင်းဦးရေ ကန့်သတ်မှုရှိပါသဖြင့် ဤနေ့မှစ၍ (၃၀)ရက်အတွင်း ဆက်သွယ်လျှောက်ထားရပါမည်။

**AA** ကားဝယ်လိုသူများနှင့် ကိုယ်ပိုင်ကားဝယ်လိုသူများအတွက် အရစ်ကျ ငွေပေးချေခြင်းစနစ်ဖြင့်လည်းကောင်း၊ လက်ငင်း ငွေပေးချေခြင်းစနစ်ဖြင့်လည်းကောင်း ဈေးနှုန်းသက်သာစွာ ရောင်းချပေးနေပါသည်။








ဆက်သွယ်ရန်ဖုန်းနံပါတ်-၀၁-၅၅၉၇၄၄၊
၀၉-၄၂၁၀၂၆၅၄၁၊ ၀၉-၇၃၁၇၉၃၆၉
Excel Treasure Tower
အမှတ်(၅၂၀)၊ ကမ္ဘာအေးစေတီလမ်း၊ ရွှေဂုံတိုင်၊
ဗဟန်းမြို့နယ်








## စစ်ကိုင်းမြို့နယ်အတွင်း သောက်သုံးရေရရှိရေး ဆောင်ရွက်ပေး

**စစ်ကိုင်း ဖေဖော်ဝါရီ ၁၂**

စစ်ကိုင်းမြို့နယ်အတွင်းရှိ ကျေးလက်ပြည်သူများ သောက်သုံးရေရှားပါးပြတ်လပ်မှု မရှိစေရေးအတွက် ဖေဖော်ဝါရီ ၈ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး ဦးတင့်လှိုင်မြင့်သည် တိုင်းဒေသကြီးအဆင့် စည်ပင်သာယာရေးအဖွဲ့၊ ဆည်မြောင်းဦးစီးဌာန၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ သစ်တောဦးစီးဌာနတို့မှဌာန ဆိုင်ရာအကြီးအကဲများ၊ စစ်ကိုင်းမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖအဖွဲ့ဝင်များ လိုက်ပါလျက် စစ်ကိုင်းမြို့နယ်တွင် သောက်သုံးရေရှားပါးသော တောင်ရင်း၊ ခက်ခ၊ ပဒူ၊ ဆည်လေးတော၊ ရွာသာယာနှင့် စကျင်ကျေးရွာများသို့ ကွင်းဆင်းသွားရောက်ကြည့်ရှုကြပြီး သောက်သုံးရေရရှိရေးနှင့် ရေသွယ်ယူနိုင်မည့် နည်းလမ်းများအား ကျေးရွာအလိုက် ရေရရှိရေးဆောင်ရွက်ထားရှိမှုများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးမျိုးသိန်းက တင်ပြရာ ဝန်ကြီးနှင့်အဖွဲ့က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၂၂၅)

## ရွှေတောင်မြို့နယ် ကံသုံးဆင့်ကျေးရွာ၌ စက်ရေတွင်းဖွင့်

**ရွှေတောင် ဖေဖော်ဝါရီ ၁၂**

(၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ၂၀၁၂ - ၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ရွှေတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ခဲ့သော ကံသုံးဆင့်ကျေးရွာ စက်ရေတွင်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၈ နာရီတွင် အဆိုပါစက်ရေတွင်းမုခ်ဦးရှေ့၌ ကျင်းပခဲ့ရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ကျေးရွာနေပြည်သူများ၊ NGO အဖွဲ့အစည်းများ တက်ရောက်ကြပြီး ခေတ္တမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

(၁၄၃)

## နိုင်ငံခြားခရီးသွားဧည့်သည်များနှင့် လုံခြုံရေး

**တောင်ကြီး ဖေဖော်ဝါရီ ၁၂**

ရှမ်းပြည်နယ် အင်းလေး၊ တောင်ကြီး၊ ကက္ကူ၊ ထမ်ဆန်းဒေသသို့ နိုင်ငံခြားခရီးသွားများ နေ့စဉ်လာရောက်လည်ပတ်လျက်ရှိသည်။ ထိုကဲ့သို့ လာရောက်လည်ပတ်သည့် ဧည့်သည်များအနက်မှ ညောင်ရွှေ၊ ခေါင်တိုင်၊ အင်းဒေသရှိ တည်းခိုခန်း၊ ဟိုတယ်များတွင် တည်းခိုနေထိုင်ကြသည့် ဧည့်သည်များအနက်မှ အချို့သည်ဒေသန္တရဗဟုသုတ အတွေ့အကြုံများအား စက်ဘီးစီးနင်း ရှာဖွေကြသည်။ ညောင်ရွှေမြို့မှ ရွှေရန်ပြေရှေးဟောင်းဘုန်းတော်ကြီးကျောင်းသို့လည်းကောင်း၊ မိုင်းသောက်၊ သလဲဦးလင်း အတိုင်းလည်းကောင်း၊ ခေါင်တိုင်-ဘဝသံသရာတံတား၊ ဟဲဟိုး-အောင်ပန်း-ကလော ခရီးစဉ်အားလည်းကောင်း၊ ညောင်ရွှေ-ရွှေညောင်-ခေါင်တိုင်ခရီးစဉ်အားလည်းကောင်း တစ်ဦးချင်း၊ အဖွဲ့လိုက် စက်ဘီးကိုယ်စီဖြင့် သွားရောက်ကြကြောင်း တွေ့ရှိရသည်။ အဆိုပါလမ်းကြောင်းများအနက် ညောင်ရွှေ၊ မိုင်းသောက်၊ သလဲဦးလင်း၊ ညောင်ရွှေ၊ ရွှေညောင်၊ ခေါင်တိုင်လမ်းကြောင်းများတွင် အချို့နေရာများ၌ လူပြတ်သဖြင့် ဧည့်သည် နိုင်ငံခြားအမျိုးသမီးများ တစ်ယောက်တည်း စက်ဘီးစီးနင်းသွားလာနေမှုကို တွေ့ရှိရသည်။ သာမန်အားဖြင့် ပြဿနာတစ်စုံတစ်ရာမရှိသော်လည်း အဆိုပါတစ်ဦးချင်း၊ အဖွဲ့လိုက်သွားလာနေသည့်



လမ်းကြောင်းအခြေအနေများကို ဧည့်လမ်းညွှန်များကလည်း လုံခြုံရေးရှုထောင့်မှ ထည့်သွင်းစဉ်းစားပေးသင့်ပါကြောင်း အကြံပြုလိုက်ရပါသည်။

**နိုင်ထွန်း (TGI)**

## ပဲတီစိမ်းအသစ်များ ဈေးကွက်အတွင်း စတင်ဝင်ရောက်

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့ရှိ ဈေးကွက်အတွင်းသို့ ပဲတီစိမ်းအသစ်များ စတင်ဝင်ရောက်လျက်ရှိသည်။ တစ်တင်း (ပိဿာ ၂၀) လျှင် ဖေဖော်ဝါရီ ၁၀ ရက် နံနက် ပေါက်ဈေး ငွေကျပ် ၂၄၄၀၀ ဖြစ်ကြောင်း သိရသည်။ အကောင်းအညွှံပေါ်မူတည်၍ ဈေးနှုန်းအနည်းငယ်ကွာခြားနိုင်သည်။

ယမန်နှစ်က ဈေးနှုန်းမှာ စတင်ပေါ်ချိန်တွင် ငွေကျပ် ၂၁၀၀၀ ဖြစ်သဖြင့် ယခုပေါက်ဈေးမှာ ယမန်နှစ်ကဈေးနှုန်းထက်မြင့်မားကြောင်း သိရသည်။ ပဲတီစိမ်းဈေးကွက်အတွင်းသို့ စတင်ဝင်ရောက်ခါစဖြစ်သည့်အတွက် ပေါက်ဈေးအမှန်မဟုတ်သေးကြောင်း၊ ဖြိုင်ဖြိုင်ပေါ်ပါက ဈေးနှုန်းအပြောင်းအလဲရှိနိုင်ကြောင်း သိရသည်။

သုံးခွမြို့တွင် မိုးစပါးနှင့်ဆောင်းသီးနှံ ပဲတီစိမ်းကို သီးထပ်အဖြစ်စိုက်ပျိုးကြသည်။ ယခုနှစ်ပဲတီစိမ်းစိုက်ချိန် နိုဝင်ဘာလတွင် အချိန်အခါမဲ့မိုးကြောင့် ဒီဇင်ဘာလမှ စိုက်ပျိုးရသဖြင့် စိုက်ပျိုးချိန် တစ်လနောက်ကျကြောင်း သိရသည်။ ပဲတီစိမ်းစိုက်ချိန်မှာ သုံးလကြာမြင့်ကြောင်း သိရသည်။

ယခုဈေးကွက်အတွင်း ဝင်ရောက်နေသော ပဲတီစိမ်းများမှာ ကုန်းမြင့်ပိုင်းရေမဝပ်သော လယ်ယာမြေပေါ်တွင် ပေါက်သောပဲ၊ ဒေသအခေါ်(ကုန်းပဲ)ဖြစ်ကြောင်း သိရသည်။ ပုံမှန်အားဖြင့် ဇန်နဝါရီလကုန်တွင် ဖြိုင်ဖြိုင်ပေါ်ရမည်ဖြစ်သော်လည်း အချိန်အခါမဲ့မိုးကြောင့် စိုက်ပျိုးချိန်နောက်ကျသဖြင့် ဖေဖော်ဝါရီလကုန်မှ ဖြိုင်ဖြိုင်ပေါ်မည်ဖြစ်ကြောင်း သိရသည်။

သုံးခွမြို့တွင် ရပ်ကွက်နှင့် ကျေးရွာအုပ်စုပေါင်း ၆၅ အုပ်စု၌ ဆောင်းသီးနှံ ပဲတီစိမ်းစိုက်ဧက ၁၂၄၅၈၆၊ ပဲလွမ်းစိုက်ဧက ၃၃၁ စုစုပေါင်း ပဲမျိုးစုံ ၁၂၄၉၁၇ ဧက စိုက်ပျိုးကြောင်း သိရသည်။

**ကိုကျော်ဆန်း (သုံးခွ)**

## မီးဘေးသင့်ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေး

**မြစ်ကြီးနား ဖေဖော်ဝါရီ ၁၂**

မြစ်ကြီးနားမြို့ ဒူကထောင်ရပ်ကွက် ပြည်သူ့ဆေးရုံကြီး ဝန်ထမ်းအိမ်ရာ စခန်း၌ မီးလောင်မှုဖြစ်ပွားခဲ့ပြီး အဆိုပါ မီးဘေးသင့်ပြည်သူများအား နိုင်ငံသား စိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးခြင်းကို ဖေဖော်ဝါရီ ၆ ရက်တွင် ဗေသလနှစ်ခြင်းခရစ်ယာန်ကျောင်း၌ ဆောင်ရွက်ပေးသည်။

ပြည်နယ်လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းလွင် ဦးဆောင်၍ ဝန်ထမ်းခြောက်ဦးတို့က နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးရာတွင် မိတ္တူ ၂၂ ဦး၊ (၁၈) နှစ်အထက် နှစ်ဦး၊ (၁၀) နှစ်အထက် တစ်ဦး စုစုပေါင်းမီးဘေးသင့်ပြည်သူ ၂၅ ဦးအား နေ့ချင်းပြီး နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မိုးယံကျ(မြစ်ကြီးနား)**


“ ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက် ”

RUBBER INTERTRADE CO., LTD. 162/1, Mu 12 Sukhapibal Road, Bangpleeyai, Samutprakarn 10540, THAILAND သည် RBI ကုန်အမှတ်တံဆိပ်အမည် အမှတ်အသား၏ပိုင်ရှင်ဖြစ်ပြီး၊ “ RBI ” ကုန်အမှတ်တံဆိပ်ပါ ကုန်ပစ္စည်းများကို မြန်မာနိုင်ငံအတွင်းတရားဝင် ဖြန့်ဖြူးရောင်းချရန်အတွက် GOLDEN POWER LAMP CO., LTD. အား တစ်ဦးတည်း ဖြန့်ချိရေး အရောင်းကိုယ်စားလှယ်အဖြစ် ခန့်အပ်ထားပြီး ဖြစ်ပါသည်။

RBI

Reg: No.IV/ 4329/2008, 7588/2011, 749/2013

အထက်ဖော်ပြပါ “ RBI ” ကုန်အမှတ်တံဆိပ်ပါ “ Engine Mounting, Engine Bushing, Rear Engine, Mounting, Insulator Engine Shock Absorber, Mounting, Center Bearing, Arm Bush, Suspension Bush, Bumper Bound, Link Assy, Drive Shaft Boot, Steering Gear Boot, Grommet Steering Rack, Stabilizer, Shaft Rubber, Strut Bear Rubber, Spring Shackle Rubber, Shock Absorber Bumper, Shock Dust Cover ” စသည့် ကုန်ပစ္စည်းများကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်ဈေး၊ အမှတ်-(၄၃/ဘီ)၊ အခန်းအမှတ်-(၄)ရှိ GOLDEN POWER LAMP CO., LTD. ၏ SALE CENTER မှတစ်ဆင့် မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

သို့ပါ၍ အဆိုပါ RBI ကုန်အမှတ်တံဆိပ်ပါ ကုန်ပစ္စည်းများကို GOLDEN POWER LAMP CO., LTD. ၏ ခွင့်ပြုချက်မရှိဘဲ မှာယူတင်သွင်းခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ ဖြန့်ဖြူးရောင်းချရန်အလို့ငှာလက်ဝယ်ထားရှိခြင်း မပြုလုပ်ကြပါရန်နှင့် အကယ်၍ လိုက်နာခြင်းမရှိပါက တရားဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

GOLDEN POWER LAMP CO., LTD. ၏
လွှဲအပ်ညွှန်ကြားချက်အရ
ဦးအီးနုစ်(တရားလွှတ်တော်ရှေ့နေ) (စဉ်-၅၃၄၁)
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၁၇၆(ပထမထပ်)၊ မိဘရိပ်မွန်အိမ်ရာ၊ ဗိုလ်တထောင်ဘုရားလမ်း၊ ရန်ကုန်မြို့
ဖုန်း- ၃၉၇၂၃၄ ၊ ၃၉၇၂၃၅ ၊ ၂၉၆၁၃၂ ။



အဖိုးတန်နေ့မှာကြိုတင်ပြင်ဆင်အောင်ပွဲဝင်ဖို့ စာသင်ကြပါစို့။

OVC ဦးနေအုပ် စိန်ပေါလ် ဦးတင်ကို B.A(Eng)Hons Essay, Letter, Grammar

OVC ငွေသချာ ၅-တန်း မှ ၈-တန်းထိ နွေ(၃)လပြတ်အထူး မတ်လ(၉)ရက်စမည်။

၉-၁၀တန်းနွေ၃-လပြတ်
မြန်မာ ဂုဏ်ထူးဦးသိန်းနိုင်
အင်္ဂလိပ် ဦးနေအုပ်(စိန်ပေါလ်) ဦးတင်ကို
သင်္ချာ ဆရာပိုင်(ပိုင်သင်္ချာ)
ရူပ ဦးဉာဏ်လွင်
ဓာတု ဒေါက်တာခင်မိုးမိုး
ဇီဝ ဒေါက်တာမြသိန်း
ဘောဂ စိုင်းထွန်းအောင်

၁၆၅၊ ပထပ်(ထောင့်ခန်း)၊ ဆိပ်ကမ်းသာ၊ ရန်ကုန်။ Ph:09-73105201



မိဘဂုဏ်(ကိုထွေး)အဆင့်မြင့်ဘလိတ်ဓားသွားဆူးကြိုး အရောင်းခန်းမမှ
သံမလိုက်သော စတီး ဘလိတ်ဓားသွားဆူးကြိုးများကို ဈေးနှုန်းချိုသာစွာဖြင့်
တိုက်ရိုက် ရောင်းချ တပ်ဆင်ပေးနေပါသည်။
ရန်ကုန်အရောင်းခန်းမ - အမှတ်(၁၂) အခန်း(၄/၅)မင်းနန္ဒာလမ်းမကြီး (Capital Hyper Market)အနီး သာကေတမြို့နယ်
Ph : 09 - 50-64145, 09 - 49-276627, 09 - 4200-60449
နေပြည်တော်အရောင်းခန်းမ - အမှတ်(၉/၄၁၂၆) ရာဇဌာနီလမ်းမကြီး (ဘောဂသိဒ္ဓိကားဝင်းအနီး) နေပြည်တော် ပျဉ်းမနားမြို့
Ph : 09 - 49-580855, 09 - 49-588063, 09 - 420-707316











# အောဒမ်ဆန်ဒလာ၏ သရီးဒီဇာတ်ကား အမေရိကန်တွင် ရောင်းအားအကောင်းဆုံးဖြစ်

သရုပ်ဆောင် အောဒမ်ဆန်ဒလာ၏ Hotel Transylvania သရီးဒီ ဟာသဇာတ်ကားသည် အမေရိကန်နိုင်ငံတွင် နံပါတ်တစ် ရောင်းအားအကောင်းဆုံး ဒီဗွီဒီအဖြစ်ရပ်တည်နေကြောင်း Rentrak ကော်ပိုရေးရှင်းမှ တနင်္လာနေ့က သတင်းထုတ်ပြန်ထားသည်။

ဗြိတိန် ရုပ်သံဇာတ်လမ်းတွဲ Masterpiece Classic: Downton Abbey Season 3 အမည်ရှိ ဒရာမာဇာတ်ကားက ဒုတိယနေရာတွင် လည်းကောင်း၊ သည်းထိတ်ရင်ဖို Taken 2 အက်ရှင်ဇာတ်ကားက တတိယနေရာတွင် လည်းကောင်း၊ Paranormal Activity 4 ဇာတ်ကားက စတုတ္ထနှင့် End of Watch ဇာတ်ကားက ပဉ္စမနေရာတွင် လည်းကောင်း ရပ်တည်နေသည်။

Blue Ray ၏ ဒီဗွီဒီရောင်းအားစာရင်းများအရ အော်စကာဆုအတွက် ဆန်ခါတင်ရွေးချယ်ခြင်းခံထားရသည့် ဟာသဇာတ်ကား Ted က ရောင်းအား အကောင်းဆုံးဖြစ်နေပြီး Ice Age: Continental Drift ဇာတ်ကား၊ The Dark Knight Rises ဇာတ်ကား၊ Looper ဇာတ်ကားတို့လည်း ရောင်းအားအကောင်းဆုံးစာရင်းတွင် ပါဝင်လျက်ရှိကြောင်း သိရသည်။

ဖြိုးစန္ဒာမြင့် စုစည်းသည်

# Dancing with the Stars အကပြိုင်ပွဲ ဖေဖော်ဝါရီ ၂၆ တွင် စတင်မည်

အနုပညာရှင်များ ပါဝင်ယှဉ်ပြိုင်တင်ဆက်မည့် Dancing with the Stars အကပြိုင်ပွဲအစီအစဉ်၏ နောက်ဆက်တွဲအစီအစဉ်အသစ်ကို အေဘီစီရုပ်သံ လိုင်းမှ ထုတ်လွှင့်ပြသလျက်ရှိသည့် Good Morning America အစီအစဉ်တွင် ဖေဖော်ဝါရီ ၂၆ ရက်၌ ထုတ်လွှင့်တင်ဆက်သွားမည်ဖြစ်ပြီး Dancing with the Stars ၏ Season 16 ကိုမူ မတ် ၁၈ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် မျိုးဆက်သစ်အနုပညာရှင် ၁၂ဦး ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ၎င်းတို့သည် ပွဲမတိုင်မီ အစမ်းလေ့ကျင့်မှုများကို ပြင်းပြင်းထန်ထန်ပြုလုပ်ထားရမည်ဖြစ်သည်။ ထို့ပြင် ကမ္ဘာ့အဆင့်မီ ကကွက်ဖန်တီးမှုများနှင့် ထူးခြားသည့် ဖျော်ဖြေမှုများကိုလည်း ပြုလုပ်ကြရမည်ဖြစ်ကြောင်း အေဘီစီရုပ်သံလိုင်းမှ သတင်းထုတ်ပြန်ထားသည်။

အဆိုပါ ပြိုင်ပွဲအစီအစဉ်တွင် သရုပ်ဆောင် ဘရုတ်ကီဘတ်ခ်ချာဗတ်နှင့် တီဗွီရုပ်သံလိုင်းမှ အစီအစဉ်တင်ဆက်သူ တွမ်ဘာဂျီရွန်တို့က အခမ်းအနားမှူးများအဖြစ် ပါဝင်တင်ဆက်ပေးကြမည် ဖြစ်ကြောင်း သိရသည်။



၂၀၁၂ ခုနှစ် Dancing with the Stars ပြိုင်ပွဲတွင် အကအဖွဲ့တစ်ဖွဲ့ ယှဉ်ပြိုင်နေစဉ်။




(၅၅)ကြိမ်မြောက် ဂရမ်မီဆုပေးပွဲ အခမ်းအနား ကျင်းပနေစဉ်။

# ဂရမ်မီဆုပေးပွဲတွင် ယမန်နှစ်ကထက် ကြည့်ရှုသူပရိသတ် ပိုမိုများပြားလာ

ဖေဖော်ဝါရီ ၁၀ ရက်က လော့စ်အိန်ဂျလိစ်မြို့ စတတ်ပယ်လ်စင်တာ၌ ကျင်းပခဲ့သည့် ဂရမ်မီဆုပေးပွဲအခမ်းအနားကို စီဘီအက်စ်ရုပ်သံလိုင်းမှ တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့ရာ ကြည့်ရှုသူပရိသတ်ပေါင်း ၂၈ ဒသမ ၃၇ သန်း ရှိခဲ့ကြောင်း အဆိုပါရုပ်သံလိုင်းမှ တနင်္လာနေ့တွင် သတင်းထုတ်ပြန်ထားသည်။

၁၉၉၃ ခုနှစ်မှ စတင်ကာ ဂီတပညာဆိုင်ရာပွဲတော်များထဲတွင် အဆိုပါအခမ်းအနားသည် ကြည့်ရှုသူပရိသတ် ဒုတိယအများဆုံးရရှိခဲ့သည့်အခမ်းအနားတစ်ခုဖြစ်ပြီး ပရိသတ်အရေအတွက်ကို အများဆုံး ရရှိသည့် အခမ်းအနားကိုမူ ဖော်ပြထားခြင်း မရှိပေ။

၂၀၁၁ ခုနှစ်က ကျင်းပခဲ့သည့် ဂရမ်မီဆုပေးပွဲတွင် ကြည့်ရှုသူပရိသတ်ပေါင်း ၂၆ ဒသမ ၇ သန်းရှိသည့်အတွက် ယခုနှစ်တွင် ပရိသတ်ပေါင်း ၂ သန်းနီးပါးတိုးတက်လာကြောင်း သိရသည်။




## ပြင်ဆင်ဖတ်ရှုပါရန်

ဖေဖော်ဝါရီလ(၁၂)ရက်နေ့ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၁၂)ပါ စာရေးသူ(ဒီစိုး)နှင့် ပတ်သက်၍ အသိပေးကြေညာခြင်းကြော်ငြာ၊ အပိုဒ်(၂)၊ စာကြောင်းရေ(၈)တွင် (၃၀-၁-၂၀၀၃)(အစား) (၃၁-၁-၂၀၀၃)ဟု လည်းကောင်း၊ အပိုဒ်(၅)၊ စာကြောင်းရေ(၂)တွင် (၃၀-၄-၂၀၀၇)(အစား) (၃၀-၄-၂၀၁၇)ဟုလည်းကောင်း ပြင်ဆင်ဖတ်ရှုပါရန်။

**မူးယစ်ဆန့်ကျင် အောင်ပွဲဆင်**





# IKBZ Insurance Company Ltd.

## Vacancy announcement

## (Local Service Only)

## (Salary in Kyats)

The IKBZ Insurance Company Ltd. is seeking for qualified applicants willing to work with strong determination and keen interest. The IKBZ Insurance Company Ltd is happy to announce Vacancies for the following positions:

**(Interview may be conducted in English)**

1. **Finance Manager** (1Post) Male/Female

**Requirements are:**
- B.Com, CPA or equivalent
- Experience in Insurance Industry will be preferable
- Able to work under stress
- Knowledge on computerized accounting
- At least five years in related field
- Age between 35 and 55

2. Sales and Marketing Manager (1Post)Male/Female

Requirements are:
- University degree, Sales/Marketing Diploma (MBA will be preferable)
- Good managerial and leadership skills
- Experience in Insurance industry will be perferable
- At least three years in related field
- Able to work under stress
- Age under 40

3. **Admin Staff** **(10 Posts) Male/ Female**

**Requirements are:**
- University degree or equivalent
- Good managerial skills and knowledge
- Age under 35

4. **Sales Executive** **(10 Posts) Male/ Female**

**Requirements are:**
- University degree/ related Sales certificates
- Sales supervisory skills
- Good communication skills and knowledge
- Age under 35

5. **Marketing Executive** **(5 Posts) Male/ Female**

**Requirements are:**
- University degree/ related Marketing certificates
- Good Marketing skills and knowledge
- Age under 35

6. **Accountant** **(5 Posts) Male/ Female**

**Requirements are:**
- B.Com, B.Act, DA, or LCCI Level III or equivalent
- Computerized accounting skills and knowledge
- Age under 35
- Good communication skills
- Able to work under stress
- At least three years experience in related field

7. **IT Staff** **(5 Posts) Male/ Female**

**Requirements are:**
- Computing degree / Computing Certificate
- At least two years experience in related field
- Good computer skills and knowledge
- Age under 35

Candidates must possess English proficiency (both spoken and written), good communication skills along with computer knowledge. Interested candidates must send a cover letter together with the followings:

1. Relevant Certificates
2. Other testimonial documents
3. Copy of Labour registration card and Household registration
4. Recommendation from respective Police Station

These must be sent no later than 15th February, 2013 to the following address:

No.608, Bosoonpat Condo, Corner of Merchant Road & Bosoonpat Street, Pabedan Township, Yangon.

Tele: 09 73243551, 09 73250173

## ရီးယဲလ်မက်ဒရစ်မှ စီရိုနယ်လ်ဒိုထွက်ခွာပါက ပီအက်စ်ဂျီအသင်းက ခေါ်ယူလိမ့်မည်ဟုဆို



ပေါ်တူဂီနှင့် ရီးယဲလ်မက်ဒရစ် တိုက်စစ်မှူး ခရစ္စတီယာနိုရိုနယ်လ်ဒိုသည် လက်ရှိကလပ် ရီးယဲလ်မက်ဒရစ်အသင်းနှင့် စာချုပ်သက်တမ်းတိုးထားခြင်းမရှိဘဲ ဘာနေဗျူးကို စွန့်ခွာရန်ရှိနေသည်။

ထို့ကြောင့် စီရိုနယ်လ်ဒိုအနေဖြင့် ရီးယဲလ်မက်ဒရစ်မှ ထွက်ခွာခဲ့ပါက ပြင်သစ်မြေမှ ငွေကြေးပုံအောကာသုံးစွဲနိုင်စွမ်းရှိသည့် ပီအက်စ်ဂျီအသင်းက ခေါ်ယူလိမ့်မည်ဖြစ်ကြောင်း အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးက ယုံကြည်ထားကြောင်း ပြောကြားခဲ့သည်။

ပေါ်တူဂီကြယ်ပွင့် ခရစ္စတီယာနိုရိုနယ်လ်ဒိုသည် ပေါ်တူဂီနိုင်ငံသားနည်းပြကြီး ဟိုဆေးမော်ရင်ဟို၏ ရီးယဲလ်မက်ဒရစ်အသင်းတွင် ကစားရသည်ကို မပျော်မရွှင်ဖြစ်ခဲ့၍ ၂၀၁၅ ခုနှစ်တွင် ကုန်ဆုံးမည့် ၎င်း၏စာချုပ်သက်တမ်းကိုလည်း ထပ်တိုးချုပ်ဆိုခဲ့ခြင်းမရှိခဲ့ပေ။

ထို့ကြောင့် ပီအက်စ်ဂျီအသင်းသည် ခရစ္စတီယာနိုရိုနယ်လ်ဒိုကို ချိတ်ဆက်မှုများ ပြုလုပ်ထားပြီး စီရိုနယ်လ်ဒိုအနေဖြင့် ဘာနေဗျူးကို စွန့်ခွာကာ ပီအက်စ်ဂျီသို့ သွားရောက်ကစားရန် သေချာနေကြောင်း နည်းပြအာစင်ဝင်းဂါးက ဆိုသည်။

## ဖယ်လိုင်နီအား အဲဗာတန်အသင်း၌ဆက်နေရန် မီရာလက်စ်တောင်းဆို



ဘယ်လ်ဂျီယံနှင့် အဲဗာတန်ကွင်းလယ်ကစားသမား ဖယ်လိုင်နီသည် လန်ဒန်အခြေစိုက် ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ကစားရန် ချိတ်ဆက်မှုများပြုလုပ်ခဲ့ပြီးနောက် ဖယ်လိုင်နီအား အဲဗာတန်အသင်း၌သာ ဆက်နေရန် ၎င်း၏အသင်းကစားဖော် ကီဗင်မီရာလက်စ်က တောင်းဆိုလိုက်ကြောင်း သိရသည်။

အသက် (၂၅) နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ဖယ်လိုင်နီသည် ချယ်လ်ဆီးအသင်းအနေဖြင့် မိမိအားစိတ်ဝင်စား၍ခေါ်ယူလိုပါက အသင့်ရှိကြောင်း ပြောကြားခဲ့သည့်အပြင် လန်ဒန်အခြေစိုက် ချယ်လ်ဆီးအသင်းနှင့် ချိတ်ဆက်မှုများလည်း ပြုလုပ်ခဲ့သူ ဖြစ်သည်။ သို့ရာတွင် ချယ်လ်ဆီးအသင်းအနေဖြင့် ပြီးခဲ့သည့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလက ခေါ်ယူနိုင်ခဲ့ခြင်းမရှိခဲ့ပေ။

ကွင်းလယ်ကစားသမား ဖယ်လိုင်နီသည် စတမ်းဖို့ဘရစ်ချ်သို့ ပြောင်းရွှေ့ကစားလိုသော်လည်း ၎င်း၏လက်ရှိ အဲဗာတန်အသင်းနှင့် စာချုပ်သက်တမ်းသည် သုံးနှစ်ကျန်ရှိသေးကြောင်းနှင့် ဖယ်လိုင်နီအား ဂွတ်ဒီဆင်ပက်ခ်တွင် ဆက်ရှိနေရေး ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း အဲဗာတန်အသင်းနည်းပြ ဒေးဗစ်မိုယက်က ပြောကြားခဲ့သည်။

ထို့အပြင် ဖယ်လိုင်နီ၏ အဲဗာတန်နှင့် ဘယ်လ်ဂျီယံ ကစားဖော် မီရာလက်စ်အနေဖြင့် ဖယ်လိုင်နီအား အဲဗာတန်တွင်ဆက်ရှိနေရန် တိုက်တွန်းသွားမည်ဟု ဆိုသည်။

ဘယ်လ်ဂျီယံကွင်းလယ်ကစားသမား ဖယ်လိုင်နီသည် ပြီးခဲ့သည့်နွေရာသီ အပြောင်းအရွှေ့ကာလက အိုလံပီယာကို့စ်အသင်းမှ အဲဗာတန်အသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး လက်ရှိအဲဗာတန်အသင်းတွင် ပုံမှန်ပွဲထွက်ခွင့်ရရှိခြင်းနှင့်အတူ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုအပြည့် ရရှိနေပြီဖြစ်ကြောင်းလည်း ဆိုသည်။

## ဝီရှိုင်းယား အင်္ဂလန်အသင်းခေါင်းဆောင် ဖြစ်လာနိုင်



အင်္ဂလန်နှင့် အာဆင်နယ်ကွင်းလယ်ကစားသမား ဝီရှိုင်းယားသည် လာမည့်နှစ် ကမ္ဘာ့ဖလားပြိုင်ပွဲပြီးဆုံးပါက အင်္ဂလန်အသင်းကို ဦးဆောင်မည့် အသင်းခေါင်းဆောင်တစ်ဦးဖြစ်လာနိုင်ကြောင်း အင်္ဂလန်အသင်းခေါင်းဆောင်ဟောင်း အလန်ရှီးယားက ပြောကြားခဲ့သည်။

အလန်ရှီးယားသည် ၁၉၉၆ ခုနှစ်နှင့် ၂၀၀၀ ခုနှစ်အတွင်း အင်္ဂလန်အသင်းခေါင်းဆောင် လက်ပတ်ကို ဝတ်ဆင်ခဲ့သူဖြစ်ပြီး အာဆင်နယ်ကွင်းလယ်ကစားသမား ဝီရှိုင်းယားသည် အင်္ဂလန်၏ထိပ်တန်းအဆင့်ရှိ ကစားသမားတစ်ဦးဖြစ်လာနိုင်သည့်အပြင် အင်္ဂလန်အသင်းခေါင်းဆောင်တစ်ဦးလည်းဖြစ်လာနိုင်ကြောင်း အလန်ရှီးယားက ဆိုသည်။

ဝီရှိုင်းယားသည် ၂၀၁၀ ခုနှစ်က ဒဏ်ရာရရှိခဲ့ခြင်းကြောင့် ၁၇ လကြာအောင် အနားယူခဲ့ရပြီး ဒဏ်ရာမှ ပြန်လည်သက်သာလာ၍ အင်္ဂလန်အသင်း၌ ပြန်လည်ပါဝင်ကစားနိုင်ခဲ့သည်မှာ နှစ်ပွဲသာလျှင်ရှိသေးသည်။

ပြီးခဲ့သည့်နှစ် အောက်တိုဘာလမှစတင်ကာ အသင်းတွင် ပြန်လည်ပါဝင်ကစားနိုင်ခဲ့ပြီး လက်ရှိအချိန်တွင် ကောင်းမွန်သည့်ခြေစွမ်း ရရှိနေပြီလည်းဖြစ်သည်။

ဝီရှိုင်းယားသည် ကမ္ဘာ့အကောင်းဆုံးကစားသမားများထဲမှ တစ်ဦးအပါအဝင်ဖြစ်လာနိုင်ကြောင်းနှင့် ဆက်လက်ပြီးလည်း ကောင်းသည်ထက်ကောင်းသော ခြေစွမ်းရှိသူတစ်ဦးဖြစ်လာမည်ဟု အင်္ဂလန်အသင်းခေါင်းဆောင် စတီဗင်ဂျာရတ်က ချီးကျူးစကားပြောကြားခဲ့သည်။

**နိုင်ငံခြား**

## ဂါရတ်ဘေးလ်အား ပေါင် ၃၈ သန်းဖြင့် ခေါ်ယူရန် ရီးယဲလ်ပြင်ဆင်

စပိန်လာလီဂါ၏ ထိပ်တန်းကလပ်အသင်းတစ်ခုဖြစ်သည့် ရီးယဲလ်မက်ဒရစ်အသင်းသည် စပါးအသင်းတောင်ပံကစားသမား ဂါရတ်ဘေးလ်အား ခေါ်ယူရန် အသင့်ရှိနေခြင်းကြောင့် စပါးအသင်းအနေဖြင့် ရောင်းချရန် ဆွဲဆောင်မှုများပြုလုပ်သွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် ဂါရတ်ဘေးလ်အား အသင်း၏နံပါတ်တစ်ပစ်မှတ်အဖြစ် သတ်မှတ်ထားပြီး ဖာဘီယိုကိုအန်ထရာအိုအား ရောင်းချသွားမည်ဟုဆိုသည်။

ဂါရတ်ဘေးလ်သည် ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲ ၂၉ ပွဲတွင် ၁၅ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့ပြီး ၂၀၀၇ ခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလတွင် ဝိုင်းဟတ်လိန်းသို့ ပြောင်းရွှေ့ကြေးပေါင် ၁၀ သန်းဖြင့် ရောက်ရှိလာခဲ့ချိန်မှစ၍ စပါးအသင်းအတွက် ၁၈၉ ပွဲ ကစားအပြီးတွင် အသင်းအတွက် ၄၄ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သော တိုက်စစ်မှူးတစ်ဦးဖြစ်သည်။

၆၆ နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြု၍ ဓမ္မသံတော်ဆင့်စာပေမှ ထုတ်ဝေသည်။




"အမြင်ကျဉ်းသည့်လူမျိုးငယ်ဝါဒနှင့် အပေါ်စီးကနေလိုသည့် လူမျိုးကြီးဝါဒတို့အကြား အားပြိုင်နေခြင်းဖြင့် စစ်မှန်သော ပြည်ထောင်စုနိုင်ငံတစ်ခုသို့ လျှောက်လှမ်းနိုင်မည်မဟုတ်ချေ"

ဒေါက်တာမြင့်သိန်း(သမိုင်းသုတေသန)

မြန်မာသံတော်ဆင့်သတင်းဌာန၊
ဓမ္မသံတော်ဆင့်စာပေ ဖုန်း-၀၁ ၃၉၈၄၇၅၊ ၀၉ ၄၃၁ ၃၆၈၅၂၊ ၀၉ ၄၂၅၂ ၈၆၇၅၈ က တစ်ပြည်လုံးသို့ ဖြန့်ချိပြီး တန်ဖိုး ၁၅၀၀ ကျပ် ဖြစ်သည်။







**အာရှနဂါး**
ချောင်းသာ / ငွေဆောင်
နံနက် / ည
Ph : 703790,09-861-9008
707062,09-861-7770

**နှင်း:** 09421063033
0943117021
ကျိုက်ထီးရိုး 25000
35000
ချောင်းသာ 40000

**ကျေးဇူးဆပ်ပါမည်**
Inn Pauk Wa Co.,Ltd.၏ သွင်းကုန်လိုင်စင်အမှတ် IL6/12-13/3863 (10-1-2013)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။
ဖုန်း- ၀၁-၂၀၂၅၄၀၊ ၀၁-၂၉၈၉၄၃၊ ၀၉-၈၅၀၀၂၁၃

**မန္တလေးသတင်း**

# မန္တလေးမြို့တော် ယာဉ်ကြောရှင်းလင်းစေရေး အဆင့်မြင့်ဒစ်ဂျစ်တယ် မီးပွိုင့်များတပ်ဆင်

**မန္တလေး ဖေဖော်ဝါရီ ၁၂**

မန္တလေးမြို့တော် ယာဉ်ကြောရှင်းလင်းစေရေးအတွက် အဆင့်မြင့်ဒစ်ဂျစ်တယ်မီးပွိုင့်များကို ချမ်းမြသာစည်မြို့နယ် ရန်ကုန်-မန္တလေးလမ်းနှင့် စစ်ကိုင်းလမ်းခွဲဆုံနှင့် ချမ်းအေးသာစံမြို့နယ် (၂၆) လမ်းနှင့် (၆၆) လမ်းဆုံတို့တွင် ဇန်နဝါရီ ဒုတိယပတ်မှစ၍ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ တပ်ဆင်ခဲ့ရာ ဖေဖော်ဝါရီလဆန်းတွင် ပြီးစီးခဲ့သည်။ အဆင့်မြင့်ဒစ်ဂျစ်တယ်မီးပွိုင့်မှာ အမြင့် ၂၂ ပေနှင့် လက်မောင်းတန်းအရှည်ပေ ၃၀ ရှိပြီး ယာဉ်ကြောသုံးခုအတွက် အချက်ပြစနစ်ပါရှိသည်။**(ယာပုံ)** အနေ့ယာဉ်ကြောမှာ လက်ယာဘက်မှကပ်၍ လည်းကောင်း၊ ပုံမှန်ယာဉ်ကြောမှာ အလယ်လမ်းကြောမှလည်းကောင်း၊ အမြန်ယာဉ်ကြောမှာ ဝဲဘက်ယာဉ်ကြောမှလည်းကောင်း အချက်ပြမည်ဖြစ်သည်။ ယာဉ်လမ်းကြောင်းလေးခုအတွက် ပြုလုပ်ပေးထားပြီး မီးဝါ၊ မီးနီ၊ မီးစိမ်းတို့၏အချက်ပြကြာချိန်ကို LED မီးများဖြင့် ဖော်ပြပေးသည်။ လမ်းဆုံနှစ်ခုအတွက် ကျပ်သိန်း ၆၀၀ ခန့် ကုန်ကျကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**





# ကုန်တင်ဂိတ်များ ပြည်ကြီးမင်္ဂလာကုန်တင်ယာဉ်ရပ်နားစခန်းသို့ ပြောင်းရွှေ့ရန် အသိပေး

**မန္တလေး ဖေဖော်ဝါရီ ၁၂**

မန္တလေးမြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း၌ ကုန်တင်ဂိတ်များဖွင့်လှစ်လုပ်ကိုင်နေသော ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းအားလုံးသည် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ အသစ်ဆောက်လုပ်ပြီးဖြစ်သည့် ပြည်ကြီးမင်္ဂလာ ကုန်တင်ယာဉ်ရပ်နားစခန်း (စွယ်တော်) သို့ ဂိတ်ခန်းများဝယ်ယူ(သို့)ငှားရမ်း၍ ဖေဖော်ဝါရီ ၅ ရက်မှ ၁၅ ရက်အတွင်း ပြောင်းရွှေ့ဖွင့်လှစ်ရမည်ဖြစ်သည်။ သတ်မှတ်ရက်အတွင်း ပြောင်းရွှေ့ဖွင့်လှစ်ခြင်းမရှိဘဲ မြို့အတွင်း၌ ဂိတ်ခန်းများဆက်လက်ဖွင့်လှစ်လုပ်ကိုင်ခြင်းများ တွေ့ရှိပါက စည်ပင်သာယာဥပဒေအရ အရေးယူသွားမည်ဖြစ်သည်။

ပြည်ကြီးမင်္ဂလာ ကုန်တင်ယာဉ်ရပ်နားစခန်း (စွယ်တော်)သို့ ကုန်တင်ဂိတ်များ ပြောင်းရွှေ့ဖွင့်လှစ်ပြီး ဖေဖော်ဝါရီ ၁၆ ရက်မှစ၍ မန္တလေးမြို့တော် နယ်နိမိတ်အတွင်း သုံးတန်နှင့်အထက်ယာဉ်များသည် မြောက်ဘက်ကမ်းနားလမ်းနှင့် မြို့ပတ်လမ်းဆုံ (ညောင်ကွဲ)မှ မြို့ပတ်လမ်းအတိုင်း ကျွဲရေကုန်းအထိ၊ အရှေ့ဘက် ကျွဲရေကုန်းလမ်းမှ မြို့ပတ်လမ်းအတိုင်း မန္တလေး-ပြင်ဦးလွင်ကားလမ်းနှင့် ၄၈ လမ်းဆုံအထိ၊ ၎င်းမှ မနော်ဟရီလမ်းအတိုင်း ၆၂ လမ်းဆုံအထိ၊ ၎င်းမှ ၆၂ လမ်းအတိုင်း အင်းခရုလမ်းဆုံအထိ၊ ၎င်းမှ စက်မှုပန်းခြံလမ်းမှ ရန်ကုန်-မန္တလေးလမ်းဆုံအထိ၊ တောင်ဘက်စက်မှုပန်းခြံနှင့် ရန်ကုန်-မန္တလေးလမ်းဆုံမှ တံခွန်တိုင်လမ်းခွဲအထိ၊ အနောက်ဘက် တံခွန်တိုင်လမ်းခွဲမှ ကပ်ကျော်လမ်းခွဲ၊ ရှမ်းကလေးကျွန်း ကမ်းနားလမ်းအထိ မဝင်ရ သတ်မှတ်ထားကြောင်း သိရသည်။

**ကိုကိုကြီး (မန္တလေး)**

# စက်မှုဇုန်များမှ ရေဆိုးများစွန့်ထုတ်မှုကြောင့် မန္တလေးမြို့ဝန်းကျင် ရေထု၊ လေထု၊ မြေထုညစ်ညမ်းမှုဖြစ်ပေါ်

**မန္တလေး ဖေဖော်ဝါရီ ၁၂**

မန္တလေးစက်မှုဇုန်များနှင့် ပတ်ဝန်းကျင်စက်ရုံများမှ ရေဆိုးများစည်းကမ်းမဲ့စွန့်ပစ်မှုကြောင့် အမရပူရမြို့နယ် တောင်သမန်ကန်နှင့် ပတ်ဝန်းကျင်ညစ်ညမ်းခြင်း၊ ဂေဟစနစ်များထိခိုက်စေခြင်း၊ တောင်အင်း၊မြောက်အင်းဒေသသို့ ရေဆိုးများတိုက်ရိုက်စွန့်ထုတ်ခြင်းများကြောင့် အနံ့ဆိုးများနှင့် ပတ်ဝန်းကျင်ရေထု၊ လေထု၊ မြေထုညစ်ညမ်းမှုများဖြစ်ပေါ်ပြီး ၎င်းရေများသည် ဒုဌဝတီမြစ်မှတစ်ဆင့် ဧရာဝတီမြစ်အတွင်းရောက်ရှိသွားသည့်အခါ မြစ်ရေသန့်ရှင်းမှုကို ထိခိုက်စေသည်။ တောင်သမန်ကန်အတွင်း ရေဆိုးများဝင်ရောက်မှုမြင့်တက်ကာ ငါးများသေဆုံးခြင်းဖြစ်ပေါ်ခဲ့ကြောင်း သတ္တဗေဒပညာရှင်များ၊ ဓာတုဗေဒပညာရှင်များ၏ ဆန်းစစ်လေ့လာချက်များအရ သိရသည်။**(အပေါ်ပုံ)**

မန္တလေးမြို့တော်တွင် ပတ်ဝန်းကျင်ညစ်ညမ်းမှုလျော့ကျစေရေးအတွက် စက်မှုဇုန်များနှင့် ပတ်ဝန်းကျင်စက်ရုံများမှ ရေဆိုးစွန့်ထုတ်ရာတွင် မိမိတို့၏ကိုယ်ပိုင်အစီအစဉ်ဖြင့် ပြုလုပ်ကာ သန့်စင်စွန့်ထုတ်သည့်စနစ်ကို အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် လိုက်နာမှုမရှိပါက အရေးယူမှုများပြုလုပ်သွားမည် ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁ ရက်က မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများနှင့် စက်မှုလုပ်ငန်းရှင်များ တွေ့ဆုံပြီး စနစ်တကျ ရေဆိုးစွန့်ပစ်ရေးနှင့်ပတ်သက်၍ ဆွေးနွေးရာတွင် အဆိုပါအတိုင်းသဘောတူအတည်ပြုခဲ့သည်။

မန္တလေးမြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း ရေဆိုးစွန့်ပစ်သောအရက်ချက်စက်ရုံ၊ သားရေနယ်လုပ်ငန်း၊ သကြား၊ သကြားလုံး၊ စက္ကူ၊ ဓာတ်ခဲ၊ ဆပ်ပြာ၊ ချည်ထည်ဆိုးဆေးစက်ရုံ ၉၀ ခန့်ရှိပြီး လတ်တလောမိမိစက်ရုံအစီအစဉ်အဖြစ်သာ ဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၁၃ ခုနှစ် နှစ်လယ်ပိုင်းတွင် ဗဟိုရေဆိုးသန့်စင်စနစ်ဖြင့် မန္တလေးမြို့တော်စည်ပင်သာယာက ဆောင်ရွက်သွားရန်ရှိကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

# မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး၌ အခမဲ့ကျန်းမာရေးစစ်ဆေး ဆေးဝါးကုသ

**မန္တလေး ဖေဖော်ဝါရီ ၁၂**

ကျန်းမာရေးဝန်ကြီးဌာနက ဆေးဝါးအသုံးစရိတ်များ တိုးမြှင့်ချထားပေးသဖြင့် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးရှိ အရေးပေါ်လူနာများအား ဇန်နဝါရီ ၂၁ ရက်မှစ၍ အခမဲ့ကျန်းမာရေးစစ်ဆေး ဆေးဝါးကုသပေးနေကြောင်း ဆေးရုံအုပ်ကြီး ဒေါက်တာမောင်ဝင်းက ပြောသည်။

မန္တလေးဆေးရုံကြီးတွင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ဆေးဝါးနှင့် ဆေးပစ္စည်းအသုံးစရိတ်ကျပ်သိန်း ၅၅၀၀ ရရှိခဲ့ကြောင်း၊ ဆေးရုံကြီးရှိ သမားတော်ကြီးများ၊ ဆရာဝန်၊ ဆရာမများ ပါဝင်သော ဆေးဝါးဝယ်ယူရေးအဖွဲ့ဖြင့် ဆွေးနွေးပြီး လိုအပ်သော ဆေးဝါးနှင့် ဆေးပစ္စည်းများဝယ်ယူဖြည့်ဆည်းပေးကာ ဆင်းရဲနွမ်းပါးသူများအား အခမဲ့ကုသပေးလျက်ရှိပြီး ငွေကြေးတတ်နိုင်သူများအား စရိတ်မျှပေး ကျန်းမာရေးစနစ်ဖြင့် ပြင်ပပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများထက် သက်သာသောနှုန်းထားဖြင့် ကျွမ်းကျင်သောဆရာဝန်၊ ဆရာမများက ၂၄ နာရီ ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည်။

**မောင်စေတနာ**



# ပြည်ထောင်စုနေ့ ဂုဏ်ပြု မန္တလေး၌ စုပေါင်းသွေးလှူ

**မန္တလေး ဖေဖော်ဝါရီ ၁၂**

(၆၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂုဏ်ပြုစုပေါင်းသွေးလှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၉ နာရီတွင် ချမ်းအေးသာစံမြို့နယ် သီရိဟေမာအရှေ့အိမ်တော်ရာ ဘုရားပုရိဝုဏ်အတွင်း (၁၄) ခန်းဇရပ်၌ ကျင်းပသည်။**(အောက်ပုံ)**



ရှေးဦးစွာ ဒေါက်တာ ဒေါ်ခင်စိန်ဝင်းက ဂုဏ်ပြု အမှာစကားပြောကြားသည်။ ထို့နောက် သွေးလှူရှင်အသင်း ဥက္ကဋ္ဌ ဦးထွန်းထွန်းက ပထမဦးဆုံးအကြိမ်အသင်းဖွဲ့စည်းပြီး ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဂုဏ်ပြုကြိုဆို သွေးလှူဒါန်းရခြင်းကို ရှင်းပြသည်။

ထို့နောက် အသင်းဝင်ကြက်ခြေနီ မောင်မယ် ၅၄ ဦးတို့က စုပေါင်း၍ သွေးလှူဒါန်းကြရာ တာဝန်ရှိသူများက ကြည့်ရှုအားပေးသည်။ ဆက်လက်၍ သွေးအိတ် ၅၄ အိတ်ကို အသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များက အမျိုးသားသွေးလှူဘဏ်တာဝန်ခံ ဒေါက်တာဒေါ်ခင်စိန်ဝင်းထံ ပေးအပ်လှူဒါန်းရာ လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ ပြည်သူအများလိုအပ်သော သွေးအမျိုးအစား၊ အရေအတွက်ကို အသင်းတည်ရာအမှတ် (၅၃/ခ) ၈၇ လမ်း ၂၆၊၂၇ လမ်းကြားတွင် ဆက်သွယ်ပါက အခမဲ့သွေးလှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

**(ထွဏ်းလှအောင်)**

# နိုင်ငံတကာအဆင့်မီ ကင်ဆာရောဂါကု ဓာတ်ရောင်ခြည်စက်သစ်ကြီးတပ်ဆင်

**မန္တလေး ဖေဖော်ဝါရီ ၁၂**

အမေရိကန်ဒေါ်လာသန်း ၂၀၀၀ တန်ဖိုးရှိသော နိုင်ငံတကာအဆင့်မီ ကင်ဆာရောဂါကုသသော ဓာတ်ရောင်ခြည်စက်ကို မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးတွင် ဇန်နဝါရီလမှစတင်၍ တပ်ဆင်လျက်ရှိသည်။**(အပေါ်ပုံ)**

ဓာတ်ရောင်ခြည်ကုသစက်ကြီးကို ဗြိတိန်နှင့် ဆွီဒင်နိုင်ငံတို့မှ ပူးတွဲထုတ်လုပ်ပြီး နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီမှ ပံ့ပိုးထုတ်ပေးခဲ့သော အဆောက်အအုံ၌ထားရှိကာ ကင်ဆာဝေဒနာရှင်များအား ထိရောက်စွာ ကုသပေးနိုင်မည်ဖြစ်သည်။ မန္တလေးဆေးရုံကြီး ဓာတ်ရောင်ခြည်ကုသဌာန၌ ၁၉၇၅ ခုနှစ်တွင် ဂျာမနီနိုင်ငံမှ တပ်ဆင်ပေးထားပြီး ပျက်စီးမှုများအား ပြန်လည်မွမ်းမံထားသော ကိုပေါ့စ်စနစ်သုံး ဓာတ်ရောင်ခြည်စက်ဟောင်းကြီးဖြင့် လူနာများအား ကုသပေးလျက်ရှိသည်။

အသစ် တပ်ဆင်လျက်ရှိသော ဓာတ်ရောင်ခြည်စက်သစ်ကြီး ကိုင်တွယ်တတ်ရန် ကျွမ်းကျင်ပညာရှင်များအား အိန္ဒိယနိုင်ငံသို့ ပို့လွှတ်၍ ပညာသင်ကြားလျက်ရှိရာ ဧပြီလတွင် စတင်ကုသနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(၆၅၃)**

အခန်းဆက်ဝတ္ထု

# ကလပ်နောင်

**(ယမန်နေ့မှအဆက်)**

ခက်ရချည့်နော်၊ ဟော့ ရှင်ထွေးရဲ့ လာစမ်းပါဦးအေ့၊ အေးတေးတေး လုပ်မနေစမ်းပါနဲ့. . . သခင်မကလေးအပါးမှာ ခဏနေလိုက်ဦးဟု ပြောဆိုကာ ပျာယီးပျာယာနှင့် မြို့ထဲသို့ထွက်သွားလေ၏။

လူအများထွက်ဝင်မစဲ အုပ်အုပ်သဲသဲရှိနေသော ဆေးဆိုင်တစ်ဆိုင်အနီးသို့ ရောက်ရှိလေရာ ထွက်ဝင်သူများလွန်းလှ၍ ခေတ္တရပ်ဆိုင်းနေဆဲ၌ ကြားသိရသည်မှာ. . .

ပထမမိန်းမ။ ။ ဟော့ ကောင်မရဲ့ ဘာဆေးများ ဝယ်လာခဲ့သလဲ အေ့၊ ငါ့ပြစမ်းပါဦး လိုတာရခဲ့တယ် မဟုတ်လား။

ဒုတိယမိန်းမ။ ။ ရှက်သောအမူအရာနှင့် ဟန်လုပ်ကာရခဲ့ပါတယ်အေ၊ ဒီမှာပါ။

ပထမမိန်းမ။ ။ “အလိုလာတုန်းကတော့ ခေါင်းကိုက်ဆေးဝယ်မလို့ဆို၊ ခုတော့ အလှဆီပုလင်းဝယ်လာပါကလား၊ ဟင်. . . တန်တော့ ဆေးရောင်းတဲ့ကိုယ့်လူမြင်တာနဲ့ . . . ဟာ ငါမပြောချင်ပါဘူး”

ဒုတိယမိန်းမ။ ။ အောင်မယ်အေ၊ အော်ကြီးအော်ကျယ်လုပ်မနေပါနှင့် ဒါထက် မင်းကော ဘာဆေးဝယ်ခဲ့သလဲ၊ ပြစမ်းပါဦး . . .

ပထမမိန်းမ။ ။မျက်နှာပျက်၍ ဘာဆေးပဲဝယ်ဝယ်အေ မကြည့်ချင်ပါနှင့်။

ဒုတိယမိန်းမ။ ။ အောင်မယ် ပြရမယ် ပြရမယ်။ ငါကတော့ ပြရတယ်။ ဟင်. . . မင်းကကော ကြည့်စမ်း ဒါဘာရေမွှေးလဲအေ့ ဟေးဟေး။

ဒေါ်စောခင်သည် ဆိုင်တွင်းသို့ရောက်လျှင် ရောက်ချင်း အံ့သြခြင်းဖြစ်မိလေ၏။ အကြောင်းမူကား ၎င်းဆေးရောင်းသူယောကျ်ားပျိုကလေးနှင့် သီရိရတနာသန်းသခင်မကလေးတို့သည် အရွယ်ချင်းတူ၊ အလှချင်းမှာမခြား၊ တစ်သားတည်းညီနေသောအကြောင်းကြောင့် ဖြစ်လေ၏။

ဒေါ်စောခင်သည် ဆေးရောင်းသူ ထိုယောကျ်ားပျိုအား အသိအကျွမ်းဖွဲ့၍ အကြောင်းခြင်းရာတို့ကို မေးမြန်းပြီးလျှင် မိမိကလည်း သီရိရတနာသန်းသခင်မကလေး အကြောင်းများကို ပြောပြလိုက်သည်နှင့် တစ်ပြိုင်နက် မောင်လွန်းကြည်မှာ မတ်တတ်မှ ယိုင်လဲတော့မည် ဖြစ်လေ၏။

ဆရာကြီးပြုလုပ်သူသည် ဒေါ်စောခင်ဆိုသူအား မသက်ာသဖြင့် ဒေါသဖြစ်လျက် ခက်ထန်စွာနှင့် ကြည့်နေဆဲ မောင်လွန်းကြည်က အမလေး ဒေါ်ဒေါ်ရယ်၊ ကျွန်တော်တို့ကို ကယ်ပါဦးဟုဆိုကာ ငိုယိုတောင်းပန်ရှာလေ၏။

ထိုအခါ ဆရာကြီးပြုလုပ်သူနှင့် မောင်လွန်းကြည်၊ ဒေါ်စောခင်တို့သည် တီးတိုးစွာတိုင်ပင်ကြပြီးလျှင် မကြာခင် ဒေါ်စောခင်ထွက်လာခဲ့လေ၏။

ရတနာသန်း။ ။“ဒေါ်စောပြန်လာပြီလား၊ ကြာလိုက်တာရှင် ဘယ်မလဲ၊ ကျွန်မမှာလိုက်တဲ့ဆေးများ ရခဲ့ရဲ့ မဟုတ်လား”

စောခင်။ ။ “မှန်လှပါ ရခဲ့ပါတယ်ဘုရားဟု ပြုံးတုံးတုံးလုပ်ပြီး ဟော့. . . ရှင်ထွေးရဲ့၊ ကဲကဲ သခင်မကလေး နည်းနည်းသက်သာပါပြီ။ အပြင်သို့ထွက်သွားလိုက်ကြပါဦးတော့”

သန်း။ ။ “ဘယ်မလဲရှင့် ပါခဲ့တဲ့ဆေး ပြစမ်းပါဦး၊ ဘာလဲ ရှင်က ပြုံးတုံးတုံးကြီးလုပ်နေတာ”

စောခင်။ ။လူသူလေးပါးကိုကြည့်ရင်း အရင်လိုလိုက်တာ သခင်မကလေးကလည်း ကဲ ဒီမှာကြည့်တော်မူပါဟု အင်္ကျီအိတ်တွင်းမှ စာတစ်စောင်ကို ထုတ်ပြလေရာ သီရိရတနာသန်းသည် ရုတ်တရက်အံ့သြပြီးလျှင် ထိုစာကို မြင်ရသည်ကစ၍ တဖြည်းဖြည်း ရွှင်ပျခြင်းဖြစ်လာလေ၏။

စော်ဘွားကြီး၏ နန်းတော်တံခါးအနီးတွင် မိန်းမပျိုကလေးတစ်ယောက်သည် တောင်မြောက်လေးပါးကို ကြည့်ရှုရင်း အတွင်းဆောင်မောင်းမလယ်သို့ လျှောက်လာခဲ့လေ၏။

တွေ့မြင်သမျှသော တံခါးမှူးနှင့်အစောင့် အကြပ်တို့သည်လည်း သီရိရတနာသန်းသခင်မလေးပင် ဖြစ်လေသည်အထင်နှင့် မည်သူမျှကန့်ကွက်တားဆီးမေးမြန်းခြင်း မပြုကြချေ။

ထိုမိန်းမပျိုသည် ဟိုဟိုသည်သည်နှင့် လျှောက်

“ လူသူလေးပါးကိုကြည့်ရင်း အရင်လိုလိုက်တာ သခင်မကလေးကလည်း ကဲ ဒီမှာကြည့်တော်မူပါဟု အင်္ကျီအိတ်တွင်းမှ စာတစ်စောင်ကိုထုတ်ပြလေရာ သီရိရတနာသန်းသည် ရုတ်တရက်အံ့သြပြီးလျှင် ထိုစာကို မြင်ရသည်ကစ၍ တဖြည်းဖြည်း ရွှင်ပျခြင်းဖြစ်လာလေ၏ ”

အလာ မဟာသုပဘာဒေဝီခေါ် စော်ဘွားကြီး၏ အစ်မတော်နှင့် ပက်ပင်းပါတွေ့ရှိလေ၍ ရုတ်တရက်မျက်နှာပျက်ကာ လာခဲ့ရင်းအတိုင်းမှ လွှဲဖယ်၍ အခြားအဆောင်သို့ သွားရောက်ပြုမည်တွင် အစ်မတော်မိဖုရားက မသက်ာသောကြောင့် မေးမြန်းလေရာ ဘာမျှပြန်လှန် ပြောဆိုခြင်းမရှိ၍အတင်းလိုက်ကာ ထိုမိန်းမပျို၏အင်္ကျီကို ဆွဲလိုက်ရာရင်သားမရှိ မိန်းမစင်စစ်မဟုတ်သည်ကို သိလေ၍ “ငါမေးတာကို မှန်မှန်ပြော၊ မပြောလျှင် မောင်တော်ဘုရားအား သံတော်ဦးတင်လိုက်က ရာဇဝတ်တော်ဘေးကျရောက်မည့်အရေးကို သင်မကြောက်ဘူးလား” ဟု ပြောသည်တွင်မှ. . .

ရိုသေစွာ ရှိခိုး၍ ဖြစ်ပျက်သမျှ အကြောင်းမျိုးကို ငိုယိုကာ လျှောက်ထားလေလျှင် အစ်မတော်ဘုရားသည်




သနားလှသဖြင့် သီရိရတနာသန်း၏ အဆောင်တော်သို့ ခေါ်ဆောင်သွားပြီး ၎င်းတို့နှစ်ဦးကို တွေ့ဆုံစေလေ၏။

ထိုနေ့မှစ၍ မောင်လွန်းကြည်သည် မိန်းမ၏ အဝတ်အစားနှင့်ပင် သီရိရတနာသန်းနှင့်အတူ နေရှာလေ၏။

၎င်းတို့နှစ်ဦးမှာ မည်မျှဝမ်းသာကြရှာလိမ့်မည်ကို ဖော်ပြရန် မလိုချေ။ သို့ရာတွင် အပြစ်မှလွတ်မြောက်ရန် မည်ကဲ့သို့ ခက်ခဲစွာ ကြံစည်ရလိမ့်ကို မကြံတတ်ဖြစ်ကြ၍ အစ်မတော်ဘုရားကြီးသာ ငိုယိုကာ တောင်းပန်ကြရှာလေ၏။

မဟာရာဇာစော်ဘွားကြီးသည် သမီးတော် သီရိရတနာသန်း၏ အဆောင်တော်သို့ လာရောက်ရှုစားတော်မူရာ သီရိရတနာသန်းသည် အခါတိုင်းကဲ့သို့ ညှိုးညှိုးငယ်ငယ် မဟုတ်ဘဲ၊ အထူးသဖြင့် ရွှင်လန်းချမ်းမြေ့စွာ နေထိုင်ခစားသည်ကို တွေ့မြင်ရလျှင် ငါ၏သမီးတော်မှာ ဘယ်ဆေးဘယ်ဝါးများ စားသောက်၍ ယခုလို ကျန်းမာလာပါသလဲဟု မေးတော်မူရာ. . .

လက်ပါးစေစောခင်ကလက်အုပ်ချီကာ “ မှန်လှပါ သခင်မကလေးသည် အခြားသော ဆေးဝါးများကြောင့် ကျန်းမာလာသည်မဟုတ်ပါ။ ဟောဒီ အပါးမှာ ခစားနေရှာတဲ့ တောကရောက်လာသော သခင်မကလေးရဲ့ အစ်မတစ်ဝမ်းကွဲနှင့် အတူတကွနေရပြန်သောကြောင့် ကျန်းမာ၍ ချမ်းသာလာကြောင်းပါဘုရား”

စော်ဘွားကြီးသည် သဘောတော်ကျလှ၍ “ ကောင်းပြီ၊ ငါ၏ သမီးတော်အလိုအတိုင်း နေထိုင်ပါစေ” ဟု မိန့်ဆိုတော်မူပြီး ထွက်သွားတော်မူလေ၏။

နောက် ၃ ရက်မျှ ကြာသောအခါ အစ်မတော်ဘုရားသည် မောင်တော် မဟာရာဇာစော်ဘွားကြီး အဆောင်တော်သို့ သွားရောက်၍ ဤသို့ လျှောက်ထားလေ၏။

“မောင်တော်ဘုရား. . . ယခုခက်ခဲသော တရားတစ်လုံးကို အစ်မတော်ကြံစည်တွေ့ရှိရပါသည်။ ၎င်းတရားများကို မည်ကဲ့သို့ ဆုံးဖြတ်ပေးနိုင်မည်ကို သိလိုပါသည်။

စော်ဘွား။ ။ “မိန့်ကြားစမ်းပါဦး၊ အစ်မတော်ရဲ့”

အစ်မတော်။ ။ “တရားကတော့သည်လိုပါ။ ဥပမာ ကလပ်နောင်မြို့ကြီး၌ အလွန်တရာ ချမ်းသာကြွယ်ဝသော ပွဲစားကြီး ဦးပဏ္ဍို၊ ပွဲကတော်ဒေါ်နှင်းအိတို့တွင် တစ်ယောက်တည်းသော သားကလေးကို ဖွားမြင်ပြီး၍ မောင်လွန်းကြည်ဟူသော အမည်ကို ခေါ်တွင်ပါသည်။ များမကြာမီ ထိုမြို့တွင်းသို့ ကချင်လူရိုင်း တစ်ယောက်သည် အလွန်လှပသော ပုခက်တွင်းဝယ် သူငယ်မကလေး တစ်ယောက်ကို လွယ်ပိုး၍ ရောင်းချလာသည်တွင် မိမိတို့၏ သားကလေးနှင့် ပုံသဏ္ဌာန်ချင်း တူလှသောကြောင့် ပွဲစားပွဲဖြတ်ထား၍ ဝယ်ခြမ်းလိုက်ပါသည်။ ၎င်းသူငယ်မမှာ သန်းရီဟူ၍ အမည်ခေါ်တွင်ပါသည်။ ထိုသူငယ်နှစ်ယောက်တို့သည် အစဉ်အတိုင်းကြီးပြင်းလာ၍ အရွယ်မြောက်သောအခါ ချစ်ခင်ရင်းရှိကြသည့် အလျောက် ထိမ်းမြားလက်ထပ်လိုက်ပါသည်။ ထိုအခါ ၎င်းမြို့ရှိ မြို့စားကြီးမင်းထင်လှကျော်သည် သမီးကညာမဟုတ်ဘဲလျက်၊ သမီးကညာအဖြစ်နှင့် ထိုသန်းရီအား ဖမ်းဆီးချုပ်ချယ်ပြီးလျှင် မိမိထက် ဘုန်းတန်ခိုးကြီးသူ မဟာရာဇာစော်ဘွားကြီးထံ သမီးကညာ ဆက်သပါသည်။ ထိုမဟာရာဇာစော်ဘွားကြီးသည် သမီးကညာ ဟုတ်သည် မဟုတ်သည်ကို စစ်ဆေးမေးမြန်းခြင်းမပြုဘဲ နိုသမွတရားကင်းငြား၍ လက်ခံသိမ်းပိုက်ထားပါသည်”

ထို့နောက် သန်းရီ၏ ခင်ပွန်းမောင်လွန်းကြည်သည် မင်းဘဏ္ဍာဖြစ်ပြီးသော သမီးကညာထံသို့ အသက်ကို စွန့်စားကာ လာရောက်ပြီးလျှင် ရှင်လွန်းဟူသော အမည်ကို ယူ၍ မိန်းမလိုဝတ်စားပြီးကာ၊ သီရိရတနာသန်းထံတွင် လက်ပါးစေအဖြစ်နှင့် အတူတကွ နေထိုင်ကြပါသည်။ ဤသို့သော တရားများ ဖြစ်ပွားခဲ့ပါလျှင် မူလသမီးကညာ ဟု ဆက်သသောသူက အပြစ်ရှိပါသလား၊ သို့မဟုတ် သမီးကညာ ဟုတ်သည်၊မဟုတ်သည်ကို မမေးမြန်းဘဲ လက်ခံထားရှိသောသူလျှင် အပြစ်ရှိပါသလား။ထို့ပြင် မင်းဘဏ္ဍာဖြစ်ပြီးသော မိမိမယားထံသို့ လာရောက်ကျူးလွန်သူကိုပင်လည်း အပြစ်ရှိပါသလား။ ထိုတရားများကို ဆုံးဖြတ်တော်မူစေလိုပါသည်မောင်တော်”

စော်ဘွားကြီး။ ။“အစ်မတော်ဘုရားကလည်း ကြံကောင်းစည်ရာရှာ၍ မေးတတ်ပလေတယ်။ ဒီလိုဆိုခဲ့လျှင် မူလသမီးကညာမဟုတ်ဘဲ၊ သမီးကညာဟု တင်ဆက်သောသူမှာ အပြစ်ရှိတာပဲ။

**(ဆက်လက်ဖော်ပြပါမည်)**

“ မိဘတွေ ဘာလိုချင်တယ်ဆိုတာ ကျွန်ုပ်တို့သိပါတယ် ”
UEC United Education Centre
အဆင့်မြင့် စာသင်ကျောင်းတော်
၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀ တန်းများ
၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက်
- ဆေးတက္ကသိုလ် (၁)၊ ရေကြောင်းတက္ကသိုလ် နှင့် ရန်ကုန်တက္ကသိုလ်နယ်မြေများ အနီး ပညာရေးဝန်းကျင်၌ တည်ရှိသည်။
- အဆင့်မြင့်နေထိုင်မှု၊ ရင်အုပ်မကွာစောင့်ရှောက်မှု၊ ပြီးပြည့်စုံသောသင်ကြားမှု၊ စဉ်ဆက်မပြတ် Guide များဖြင့် လေ့ကျင့်မှုတို့ကြောင့် မိဘများ၏ “ကျေနပ်ပီတိ” ကို ကျွန်ုပ်တို့ တန်ဖိုးထားသည်။
- ကျယ်ဝန်းသပ်ရပ်သော လုံးချင်းတိုက်များဖြင့် ကျောင်းသား/သူဆောင်သီးသန့်၊ ကစားကွင်းသီးသန့်၊ စာသင်ဆောင်သီးသန့် ထားရှိသည်။
- ကျူရှင်ထပ်ယူစရာမလိုအောင် ပြီးပြည့်စုံသော အလုံးစုံ ဘက်စုံ သင်ကြားရေးစနစ် ဖြစ်သည်။
“ မိဘတွေရဲ့ဆန္ဒ၊ ကလေးတွေရဲ့ဘဝ UEC ကြောင့် ပြည့်ဝရမည် ”
အမှတ် ၄၇၊ စံရိပ်ငြိမ် (၅) လမ်း၊ အင်းစိန်လမ်းမအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
Ph: 01 539875, 09 515 7988, 09 730 65707

Coca Suki Restaurant
Since 1957
ဖေဖော်ဝါရီလ(၁၄)ရက်နေ့ (Valentine Day) အထူးအစီအစဉ်အဖြစ်
ကြွရောက်လာသော အမျိုးသမီးတိုင်းအတွက်
One For One Free
(Suki buffet for next visit Adult only) အပြင်
Welcome Drink ဖြင့်
ကြိုဆိုဧည့် ခံမည်ဖြစ်ပါကြောင်း ကြိုတင်သတင်းကောင်းပါးအပ်ပါသည်။
Phone : 229904 , 229905 , Hp: 095037252 , 095127295

# မင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

မန္တလေးမြို့၊ ဝါးတန်းရပ်၊ ၈၅ လမ်းနေ မနှင်းဒါလီမြင့် B.A.(Eng:)၏ အစ်ကို
ဦးရဲမြင့်-ဒေါ်သင်းမြင့်အေးတို့၏ တစ်ဦးတည်းသောသား

**မောင်ရဲဇာနည်မြင့် B.E(Electronics)နှင့်**

မန္တလေးမြို့၊ အောင်တော်မူရပ်နေ ဦးစိုးလှိုင် (မန်နေးဂျင်းဒါရိုက်တာ၊ မန္တလေးစွမ်းအားဆောက်လုပ်ရေး)-ဒေါက်တာနွဲ့ (တွဲဖက်ပါမောက္ခ၊ အရိုးရောဂါပညာဌာန၊ ဆေးတက္ကသိုလ်-၁၊ ရန်ကုန်)တို့၏ သမီးကြီး၊
မနွဲ့သဥ္ဇာသက် M.E(Civil)၏ အစ်မ

**ဒေါက်တာနွဲ့ဇင်သက် M.B.,B.S First Year M.Med.Sc(Dermatology)**

တို့၏ ၂-၂-၂၀၁၃ (စနေနေ့)တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ထိုးပေးပါသော ဦးစိုးဝင်းမြင့် ဦးစီးအရာရှိ (ကျမ်းကျိန်အခွင့်ရအရာရှိ)၊မန္တလေးတိုင်းဒေသကြီး၊ တရားလွှတ်တော်အားလည်းကောင်း၊ ၃-၂-၂၀၁၃ (တနင်္ဂနွေနေ့)တွင် မန္တလေးမြို့ Oriental House ကျင်းပပြုလုပ်သော မင်္ဂလာညည့်ခံပွဲတွင် မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းချီးမြှင့်ပေးပါသော ပါမောက္ခဒေါက်တာဦးသစ်လွင်(ဥက္ကဋ္ဌ မြန်မာနိုင်ငံဆရာဝန်များအသင်း-မန္တလေး)-ဒေါ်မြင့်မြင့်ကြည်အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးဆင်မြန်းချီးမြှင့်ပေးပါသော ဒေါက်တာဦးရဲလွင်(မျက်စိအထူးကုဆရာဝန်ကြီး)-ဒေါက်တာလှမျိုးခင်အားလည်းကောင်း၊ မင်္ဂလာပန်းကြဲဖြန့်ပေးသော မနှင်းဒါလီမြင့်အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးကလပ် ကိုင်ဆောင်ပေးသော မထားသီရိခင်၊ မင်္ဂလာလက်ထပ်လက်စွပ်ကလပ်ကိုင်ဆောင်ပေးပါသော မမြင့်မြင့်မိုး၊ မင်္ဂလာသတို့သားအရံများအဖြစ်ဆောင်ရွက်ပေးသော မောင်ဉာဏ်ဇင်လင်းနှင့်ဒေါက်တာ လွင်မိုးအောင်တို့အားလည်းကောင်း၊ မင်္ဂလာသတို့သမီးအရံများအဖြစ်ဆောင်ရွက်ပေးပါသော ဒေါက်တာအေးအေးသန့်နှင့် မနွဲ့သဥ္ဇာသက်တို့အားလည်းကောင်း၊ သတို့သမီးအတွက် လက်ဝတ်ရတနာများအား မေတ္တာဖြင့် ဆင်မြန်းပေးပါသော ငွေထီးသုံးလက် လက်ဝတ်ရတနာမိသားစုအားလည်းကောင်း၊ မင်္ဂလာသတို့သမီးဝတ်စုံချုပ်လုပ်ပေးသော ဒီဇိုင်နာ မိတ်ကပ်၊ ဆံပင် တိုးတိုးအားလည်းကောင်း၊ သတို့သားအား အလှဆင်နှင့်သတို့သမီးလက်ကိုင်ပန်းအလှပြင်ပေးသော မာမီပုလဲ၊ သတို့သမီးမိတ်ကပ်၊ ဆံပင်အလှပြင်ပေးသော မဆုမွန်(ခင်စန်းဝင်း)အားလည်းကောင်း၊ ပန်းအလှပြင်မာမီကင်းနှင့်အဖွဲ့အားလည်းကောင်း၊ မင်္ဂလာမှတ်တမ်းတင်ပေးသော အင်ပါယာဓာတ်ပုံနှင့်ဗီဒီယိုအဖွဲ့ အားလည်းကောင်း၊ Oriental House ဝန်ထမ်းများအားလည်းကောင်း၊ ညည့်ခံပေးသော မန္တလေးမြို့ ဈေးချိုဝါးတန်းရပ်မှ ရပ်မိ/ရပ်ဖများ၊သူငယ်ချင်း၊အပေါင်းအသင်း၊မိတ်ဆွေများအားလည်းကောင်း၊မနှင်းဒါလီမြင့်၊ မမြင့်မြင့်မိုး၊ မထားသီရိခင်တို့အတွက် ဝတ်စုံများကို မေတ္တာဖြင့် ဒီဇိုင်းထွင်ချုပ်လုပ်ပေးပါသော ရန်ကုန်မြို့မှ မမုတြာ(MUCH & MORE) အားလည်းကောင်း၊ ၃-၂-၂၀၁၃ (တနင်္ဂနွေနေ့) Mandalay Hill Resort (Poolside) တွင် ကျင်းပသောမင်္ဂလာညစာစားပွဲအတွက် မင်္ဂလာညစာစားပွဲဝတ်စုံချုပ်ပေးသော ဒီဇိုင်နာကောင်းမြတ်၊ Forever မိတ်ကပ် မအိအိနိုင်အားလည်းကောင်း၊ ညစာစားပွဲကျင်းပနိုင်ရန် အစစအရာရာ ကူညီဆောင်ရွက်ပေးသော Mandalay Hill Resort Front Office Manager ဒေါ်သီတာခိုင်နှင့် ဝန်ထမ်းများအားလည်းကောင်း၊ ၇-၂-၂၀၁၃ (ကြာသပတေးနေ့)၊ ရန်ကုန်မြို့၊အလုံလမ်း၊ Jasper House တွင် ကျင်းပသော မင်္ဂလာညစာစားပွဲအတွက် မင်္ဂလာသတို့သမီးမိတ်ကပ်၊ ဆံပင်အလှပြင်ပေးသော မိတ်ကပ်ထက် (Pop Soul) အားလည်းကောင်း၊ အစစအရာရာ အဆင်ပြေအောင် ဆောင်ရွက်ပေးပါသော Jasper House ဝန်ထမ်းများ၊ မင်္ဂလာဖိတ်စာရိုက်နှိပ်ပေးသော Dagon ပုံနှိပ်တိုက်(ရန်ကုန်မြို့)နှင့် မြတ်ဝတ်ရည်(မန္တလေးမြို့)အားလည်းကောင်း၊ မင်္ဂလာပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် အစမှ အဆုံး မေတ္တာဖြင့် ကူညီပေးပါသော မန္တလေးစွမ်းအားဆောက်လုပ်ရေးမှ အင်ဂျင်နီယာများနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားသို့ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးသော မိတ်ဆွေများအားလည်းကောင်း အထူးကျေးဇူးဥပကာရ တင်ရှိပါကြောင်း မော်ကွန်းမှတ်တမ်းတင်အပ်ပါသည်။

**နှစ်ဖက်သော မိဘများနှင့်**
**မောင်ရဲဇာနည်မြင့်-ဒေါက်တာနွဲ့ဇင်သက်**

# မင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)၊ ၆၅×၆၆ကြား၊ ၃၈×၃၉ကြား၊ ဒ/၈၊ ၃၅နေ
မောင်ကျော်ဝေယံငွေး(စတုတ္ထနှစ်-မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်)၏အစ်ကို၊
အရိုးအကြောအဆစ်ခွဲစိတ်အထူးကုဆရာဝန်ကြီးဒေါက်တာဦးငွေးကြွယ်(မန္တလေးပြည်သူ့ဆေးရုံကြီး)-
ဒေါ်တင်ယုထွေး(ခ)ထူးထူး(အထက-၂၀)တို့၏သားကြီး

**မောင်သော်သူရိန်ငွေး (A.G.T.I) (EC), B.Sc(Maths)**

**BARMAHTI Co.,Ltd, Techvilla Mobile (Sale&Service)**

နှင့်

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ နန်းရှေ့အကွက်(၈)၊ အမှတ်(၉၃/၁)နေ
မောင်ကျော်ဇေယျ(ကမ္ဘောဇဘဏ်ခွဲ-၆)-မနွေးဒါလီသက်တင်(ကမ္ဘောဇဘဏ်ခွဲ-၉)၏အစ်မ
ဦးသက်တင်-(ဒေါ်အေးအေးမော်)တို့၏သမီးကြီး

**မဖြိုးဒါလီသက်တင် (B.A Myanmar)**

**ကမ္ဘောဇဘဏ်လီမိတက်(မန္တလေးဘဏ်ခွဲ-၃)**

တို့၏၁၂-၂-၂၀၁၃ရက်(အင်္ဂါနေ့)တွင်မစိုးရိမ်သီရိမင်္ဂလာစာသင်တိုက်၌ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးပွဲနှင့် ၎င်းနေ့တွင် Hotel Mandalay ၌ ကျင်းပပြုလုပ်သော မင်္ဂလာညည့်ခံပွဲသို့ ကိုယ်တိုင်ချီးမြှင့်ပေးကြပါသော အကြီးအကဲ မိဘဆရာသမားများနှင့် မိသားစုဝင်များအားလည်းကောင်း၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများအားလည်းကောင်း၊ လူကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ Hotel Mandalay မှ မန်နေဂျာနှင့်ဝန်ထမ်းများ၊ နှစ်ဖက်သောမိတ်ဆွေသင်္ဂဟများနှင့် အခြားသောကျေးဇူးတင်ထိုက်သည့်ပုဂ္ဂိုလ်များအား လှိုက်လှဲစွာဖြင့် ကျေးဇူးဥပကာရတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်သော်သူရိန်ငွေး-မဖြိုးဒါလီသက်တင်**


ဝန်ထမ်းများခွင့်ယူရန်မလို
ကျိုက်ထီးရိုး
OASIS
ချောင်းသာ ဓားတောင်းငြိမ်း
Ph: 09 50 38616, 09 73242469, 09 731 03031
သောကြာညထွက်၊ တနင်္လာနံနက်ပြန်ရောက်

ယာမင်းသူ
မြို့တွင်း၊မြို့ပြင်၊လချုပ်ငှားရန်
ကားမျိုးစုံနှင့် အိမ်၊ခြံ၊မြေ
ရောင်း၊ဝယ်၊ငှားရန် ရှိသည်။
ယာဉ်/အိမ်ပိုင်ရှင်များလည်းဆက်သွယ်ပါ
709255,0951 36421

ကွန်ပျူတာပျက်လျှင်
ဖုန်းဆက်လိုက်ပါ
ဖုန်း-၇၀၀၈၈၇၊ ၀၉၅၁၅၂၈၆၅

Eastern Princess Travels & Tours
◆ နွေရာသီကျောင်းပိတ်ရက်အထူးခရီးစဉ်များ ◆
ရန်ကုန် – ဘန်ကောက် – ပတ္တရား – အယုဒ္ဓယ (၆)ရက်/(၅)ည
March : 9,26 (USD-650)
(Dream World, Safari World, Dinner Cruise, Tiger Show, Crocodile Show, Alcaza Show, Coral Island, Nong Nooch Garden, Bangkok Shopping)
ရန်ကုန် – စင်ကာပူ – မလေးရှား (၆)ရက်/(၅)ည
March : 16,26 (USD-1170)
(Universal Studio, Genting, Kualalumpur, Sunway Lagoon, Singapore-Malaysia Shopping)
No.(156/158), Room (104), 1st Floor, 34th Street, Kyauktada Tsp; Yangon.
Contact : 249739, 09-73161721 မန္တလေးမြို့တွင်ဆက်သွယ်ရန် - 09 2005756, 09 91001119

FAME
Starnise®
Natural medicine for influenza
နာနတ်ပွင့်ဆေး
အအေးမိတုပ်ကွေးရောဂါ ကာကွယ်ရန်နှင့်ကုသရန်
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified
TMR 009069 (0714)
၂/၂၀၁၂၊ တဆထလ/တိုး(၀၆၅၇)

FAME
Echinacold®
For acute respiratory tract infection
အအေးမိတုပ်ကွေးရောဂါကုဆေး
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified
TMR 007347 (1213)
၂/၂၀၁၂ တဆထလ/တိုး(၀၆၅၇)

101 ဆံပင်ပေါက်ဆေး
နှစ်သစ်ကူး ကံစမ်းမဲအထူးအစီအစဉ်
နိုဝင်ဘာ – ၂၀၁၂ (မှ) မတ်လ – ၂၀၁၃ အထိ

သုံးစွဲသူများအတွက်
၁ ၁၀၁ ခေါင်းလျှော်ရည်အိတ်ခွံ (၅)ထုတ်နှင့်အတူ စာတိုက်သေတ္တာအမှတ်(၂၁၁)သို့ အမည်၊ လိပ်စာ၊ မှတ်ပုံတင်အမှတ် ပေးပို့ပြီးကံစမ်းနိုင်ပါသည်။
အရောင်းကိုယ်စားလှယ်ကြီးများအတွက်
၂ ကံစမ်းမဲကာလအတွင်း ကျပ်(၅-သိန်း)ဖိုး ဝယ်ယူပါက (၇. ၄. ၂၀၁၃)တွင် ပြုလုပ်မည့် ညစာစားပွဲ လက်မှတ်(၁-စောင်)နှင့်အတူ ဗလာမပါကံစမ်းမဲများ ပေးမှာဖြစ်ပါတယ်။

အမှတ်စဉ် ၁ နှင့် ၂ အတွက်


၃ ဆံပင်ပေါက်ဆေး၊ ခေါင်းလျှော်ရည် နှင့် ဝက်ခြံပျောက်ဆေး ဘူးများအတွင်းတွင် လက်ငင်းငွေသား (၂၀၀-ကျပ် မှ ၁၀-သိန်းကျပ်)ကိုသတ်မှတ်ထားသော ကံစမ်းမဲကာလအတွင်း ရယူနိုင်ပါပြီ။

ကံထူးရှင်များကိုလည်း (၂၀၁၃ - ဧပြီလ)တွင် မြန်မာ့အလင်းနှင့်ကြေးမုံသတင်းစာများတွင်ကြေညာပေးသွားပါမည်
ဆုမဲများကို (၃၀. ၆. ၂၀၁၃)တွင် နောက်ဆုံးထား၍ အောက်ပါလိပ်စာအတိုင်းထုတ်ယူနိုင်ပါသည်



ကံစမ်းမဲများကို
(၇. ၄. ၂၀၁၃)ရက်နေ့တွင်
ဖေါက်ပေးမည်

(၂၀)၊ မြေညီထပ်၊ သပြေညိုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ရန်ကုန် - ၀၁ - ၅၁၈၀၈၈၊ မန္တလေး - ၀၂-၆၂၂၅၃၊ နေပြည်တော် - ၀၆၇-၄၁၇၅၀၀။





# (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား ကျင်းပ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှ ပေးပို့သော (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာအား ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဖတ်ကြားစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဖေဖော်ဝါရီ ၁၂**

ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးနှင့် တိုင်းရင်းသားအားလုံး ပြည်ထောင်စုစိတ်ဓာတ်မွေးမြူရေး၊ ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားအားလုံး ဥမကွဲသိုက်မပျက် အတူတကွ ပူးပေါင်းနေထိုင်ရေး၊ ရရှိထားပြီးဖြစ်သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုကို ခိုင်မာအောင် တည်ဆောက်ရေး၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို နိုင်ငံသားအားလုံး အသိစိတ်ဓာတ်ဖြင့် ပါဝင်ဆောင်ရွက်ရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်ကြီးဖြစ်ထွန်းလာစေရန် ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးက ဥပဒေနှင့်အညီ တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်ရေးဟူသည့် အမျိုးသားရေးဦးတည်ချက်များနှင့်အညီ အနှစ်သာရပြည့်ဝစွာ ကျင်းပသည့် ၂၀၁၃ ခုနှစ် (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားတို့ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်မြို့တော်ခန်းမ ဥပစာရင်ပြင်၌ကျင်းပရာ နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှ ၂၀၁၃ခုနှစ် (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာကို ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်၍ ဖတ်ကြားသည်။

နံနက် ၅ နာရီမှစတင်၍ အခမ်းအနားသို့ တက်ရောက်ကြမည့် ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တိုင်းရင်းသား တိုင်းရင်းသူများသည် စုရပ်အသီးသီးမှ အခမ်းအနားကျင်းပမည့် မြို့တော်ခန်းမ ဥပစာရင်ပြင်ရှိ သတ်မှတ်နေရာများသို့ စနစ်တကျ ဝင်ရောက်နေရာယူကြသည်။

ထို့နောက် နံနက် ၅ နာရီခွဲတွင် ၂၀၁၃ ခုနှစ် (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကို စတင်ကျင်းပရာ တိုင်းရင်းသား တိုင်းရင်းသူများနှင့်အတူ အလံတင်တပ်စုက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံအား လွှင့်တင်ပေးသည်။

၂၀၁၃ ခုနှစ် (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကို နံနက် ၇ နာရီတွင် ကျင်းပရာ တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂုဏ်ပြုတပ်ဖွဲ့က မြို့တော်ခန်းမ ဥပစာရင်ပြင်သို့ ချီတက်နေရာယူကြသည်။

ယင်းနောက် (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ပြည်ထောင်စုနေ့အခမ်းအနားကျင်းပသည့် မြို့တော်ခန်းမ ဥပစာရင်ပြင်သို့ ရောက်ရှိလာပြီး စင်မြင့်ပေါ်၌ နေရာယူသည်။

စာမျက်နှာ ၉ ကော်လံ ၃ သို့ ☆

## ယနေ့ မာတိကာ


ညောင်ရွှေမြို့နယ် အင်းလေးဒေသ အသက်မွေးဝမ်းကျောင်းမှု — စာမျက်နှာ ✧ ၁၀

ဂရမ်မီဆုပေးပွဲတွင် ယမန်နှစ်ထက် ကြည့်ရှုသူ ပိုများပြား — စာမျက်နှာ ✧ ၁၂

ဝီရှိုင်းယား အင်္ဂလန်အသင်းခေါင်းဆောင် ဖြစ်လာနိုင် — စာမျက်နှာ ✧ ၁၃


## နည်းဥပဒေများ အချပ်ပိုပါရှိ

**ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေး နည်းဥပဒေများကို အချပ်ပို (က၊ ခ၊ ဂ၊ ဃ) ၌ ဖော်ပြထားပါသည်။**

# ပြည်တွင်းခရီးသွားဝန်ဆောင်မှုလုပ်ငန်း၌ ဟိုတယ်လုပ်ငန်းမှလွဲ၍ အခြားသော ခရီးသွားကဏ္ဍရင်းနှီးမြှုပ်နှံမှုများအတွက် လုပ်ငန်းရှင်အချို့ စိုးရိမ်

**ရန်ကုန် ဖေဖော်ဝါရီ ၁၂**

ပြည်တွင်းခရီးသွားလုပ်ငန်းရှင်များအနေဖြင့် ခရီးသွားကဏ္ဍ၌ ဟိုတယ်တည်ဆောက်ရင်းနှီးမြှုပ်နှံမှုများမှလွဲ၍ အခြားခရီးသွားကဏ္ဍနှင့် ဆက်စပ်နေသော လုပ်ငန်းများတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု မပေးရန် လုပ်ငန်းရှင်အချို့ ကန့်ကွက်လျက်ရှိကြောင်း သိရသည်။

ခရီးသွားလုပ်ငန်းတွင် ပြည်ပလုပ်ငန်းရှင်များ ဝင်ရောက်လာပါက လက်ရှိ လုပ်ကိုင်နေသည့် ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းယှဉ်ပြိုင်နိုင်မှုအခက်အခဲများနှင့် ကြုံတွေ့မည်ကို စိုးရိမ်နေကြ၍ ခရီးသွားကဏ္ဍတွင် ပြည်ပလုပ်ငန်းရှင်များ ဝင်ရောက်မှုကို ကန့်ကွက်ရခြင်းဖြစ်ကြောင်း ပြည်တွင်းခရီးသွားလုပ်ငန်းရှင်များထံမှ သိရသည်။

"နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ခရီးသွားကဏ္ဍကို ဝင်လာမယ်ဆိုရင် သူတို့က ဝန်ဆောင်မှုအပိုင်းမှာ အားသာချက်တွေရှိတယ်၊ တိုင်းရင်းသားလုပ်ငန်းရှင်တွေထက် ပိုသာတဲ့ ဝန်ဆောင်မှုတွေပေးမယ်ဆိုရင် အဲဒါကို တိုင်းရင်းသားလုပ်ငန်းရှင်တွေက စိုးရိမ်နေကြတယ်ဟု မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပြည်တွင်းခရီးသွားကဏ္ဍ၌ နိုင်ငံခြားသားလာရောက်

စာမျက်နှာ ၅ ကော်လံ ၁ သို့ ○


GS Oil

အထူးလှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

Kixx

အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်း၊ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း၊ ကုန်သေတ္တာပို့ဆောင်ရေးလုပ်ငန်း စသည့်လုပ်ငန်းများမှ လုပ်ငန်းပိုင်ရှင်ကြီးများအနေဖြင့် (၁-၁-၂၀၁၃ မှ ၃၁-၃-၂၀၁၃) ကာလအတွင်း GS Oil အမှတ်တံဆိပ်ပါ စက်ချောဆီ 25Li, 200 Li ဝယ်ယူမှုအပေါ် တစ်လတစ်ကြိမ် Sailum အမျိုးအစား 11.00-22.5 တာယာဆိုဒ်နှင့် 11.00-22.0 တာယာဆိုဒ်(၂)မျိုးအား တစ်မျိုးလျှင်(၆)လုံးစီ ကံထူးရှင် ရွေးချယ်လျက်ရှိရာ ၂၀၁၃ခုနှစ်၊ ဇန်နဝါရီလ အတွက် "ရွှေတောင်ရိုး" ရန်ကုန်-တောင်ကြီး ခရီးသည် ပို့ဆောင်ရေး လုပ်ငန်းမှ 11.00-22.5 တာယာ(၆)လုံးအားလည်းကောင်း၊ "အောင်ရတနာ" ရန်ကုန်-မကွေး ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းမှ 11.00-22.0 တာယာ(၆)လုံးအားလည်းကောင်း၊ ဆွတ်ခူးရရှိသွားသည့်အတွက် GS Oil ဝန်ထမ်းမိသားစုများမှ အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း. . . . .

No.2, Parami Road, 12th Ward, Hlaing Township, Yangon, Myanmar. Tel : 01 - 654507, 665406 Fax : 01 - 654507 E-mail: info_eternal@myanmar.com.mm

# ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေး နည်းဥပဒေများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပို့ဆောင်ရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ်၊ ၁၄ /၂၀၁၃**

**၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်**
**(၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်)**

ပို့ဆောင်ရေးဝန်ကြီးဌာနသည် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေး ဥပဒေပုဒ်မ ၃၆၊ ပုဒ်မခွဲ (က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

## အခန်း(၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေး နည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင် ပါရှိသော စကားရပ်များသည် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေတွင် ဖွင့်ဆိုထားသည့်အတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **ဥပဒေ** ဆိုသည်မှာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေး ဥပဒေကို ဆိုသည်။

(ခ) **နယ်စပ်မြစ်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် အချုပ်အခြာအာဏာပိုင်ဆိုင်သော အိမ်နီးချင်းနိုင်ငံတို့၏ နယ်နိမိတ် အကြားတွင်ရှိပြီး နှစ်နိုင်ငံသဘောတူညီချက်ဖြင့် နယ်နိမိတ်မျဉ်း သတ်မှတ်ထားသော မြစ်ကို ဆိုသည်။

(ဂ) **ဆိပ်ကမ်း** ဆိုသည်မှာ ကမ်းနားနယ်တွင် ခရီးသည်များ ဆင်းတက်ရန်နှင့် ကုန်စည်များတင်ချရေးအတွက် ရေယာဉ်များ ဆိုက်ကပ်ရန်အလို့ငှာ တည်ဆဲ ဆိပ်ကမ်းများအက်ဥပဒေအရဖြစ်စေ၊ ရန်ကုန်ဆိပ်ကမ်း အက်ဥပဒေအရဖြစ်စေ သတ်မှတ်ထားသော ဆိပ်ကမ်းတစ်ခုခုကို ဆိုသည်။

(ဃ) **ဆိပ်ကမ်းနယ်** ဆိုသည်မှာ ကမ်းနားနယ်တွင် ခရီးသည်များ ဆင်းတက်ရန်နှင့် ကုန်စည်များတင်ချရေးအတွက် ရေယာဉ်များ ဆိုက်ကပ်ရန် အလို့ငှာ ပို့ဆောင်ရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သီးခြားသတ်မှတ်ထားခြင်းမရှိလျှင် ဒီရေအမြင့်ဆုံးတက်ချိန်၌ မြစ်ရေ ရောက်ရှိသည့် သို့မဟုတ် မြစ်ရေတက်ချိန် အမြင့်ဆုံးပုံမှန် ရေမြင့်အမှတ် ရောက်ရှိသည့် ကမ်းပါးနယ်မှ ကုန်းတွင်းပိုင်းသို့ ပေ ၁၅၀ အထိရှိသော ဆိပ်ကမ်းမြေနယ်နိမိတ်ကို ဆိုသည်။

(င) **သင်္ဘောကျင်း** ဆိုသည်မှာ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနား နယ်အတွင်းတွင် ရေယာဉ်များ၏ ကိုယ်ထည်ပိုင်းနှင့် စက်ပိုင်းဆိုင်ရာများ ပြုပြင်သော အလုပ်ရုံကို ဆိုသည်။

(စ) **ရေစိုသင်္ဘောကျင်း** ဆိုသည်မှာ မြစ်ချောင်းနယ်နှင့် ကမ်းပါးနယ်အတွင်း တွင် ရေယာဉ်များ၏ ကိုယ်ထည်ပိုင်းဆိုင်ရာ ပြင်ဆင်ရန် ယာယီ တည်ဆောက်ထားပြီး ရေဝင်ရေထွက်တံခါးမရှိသော အလုပ်ရုံကို ဆို သည်။

(ဆ) **ရေလုံသင်္ဘောကျင်း** ဆိုသည်မှာ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်းတွင် ရေယာဉ်များ၏ ကိုယ်ထည်ပိုင်းနှင့် စက်ပိုင်း ဆိုင်ရာများပြုပြင်ရန် ရေဝင်ရေထွက်တံခါးဖြင့် တည်ဆောက်ထားသော အလုပ်ရုံကို ဆိုသည်။

(ဇ) **လွန်းလမ်း** ဆိုသည်မှာ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ် အတွင်း ရေယာဉ်အား လွန်းတင်၍ ပြင်ဆင်ရန် အလုပ်ရုံသို့ သယ်ယူ ပို့ဆောင်သောလမ်းကို ဆိုသည်။

(ဈ) **ကမ်းထိန်းနံရံ** ဆိုသည်မှာ မြစ်ချောင်းများ၏ ကမ်းပါးများ ရေတိုက် စားခြင်းမခံရစေရန် တည်ဆောက်ထားသည့် အဆောက်အအုံကို ဆိုသည်။

(ည) **ရေလွှဲရေကာ** ဆိုသည်မှာ မြစ်ချောင်းများ၏ ရေစီးကြောင်းလားရာ ပြောင်းလဲစေရန် ရည်ရွယ်၍ ဆောက်လုပ်ထားသော အဆောက်အအုံကို လည်းကောင်း၊ ကမ်းပြိုမှုကာကွယ်ရန်နှင့် ရေနက်ကြောင်း လမ်းကြောင်း ပြောင်းလဲမှုဖြစ်စေရန် တည်ဆောက်ထားသော အဆောက်အအုံကို လည်းကောင်း ဆိုသည်။

(ဋ) **ရေမြှောပေါက်ပိတ်ရေကာ** ဆိုသည်မှာ မြစ်ချောင်းများအတွင်း လိုအပ် သော ရေလမ်းကြောင်း ပိုမိုဖွံ့ဖြိုးစေရန် မလိုအပ်သော ရေမြှောပေါက်အား ပိတ်၍ တည်ဆောက်ထားသော အဆောက်အအုံကို ဆိုသည်။

(ဌ) **နုန်းဖမ်းရေကာ** ဆိုသည်မှာ ရေစီးတွင်ပါသော သဲနုန်းတို့အား အနည် ကျစေရန် တည်ဆောက်ထားသော အဆောက်အအုံကို ဆိုသည်။

(ဍ) **လှိုင်းကာ** ဆိုသည်မှာ လှိုင်းရိုက်ခတ်မှုကြောင့် ကမ်းပါးပြိုကျမှုမှ ကာကွယ်ရန် တည်ဆောက်ထားသော အဆောက်အအုံကို ဆိုသည်။

(ဎ) **နစ်မြုပ်ရေယာဉ်** ဆိုရာတွင် မြစ်ချောင်းနယ်၊ ကမ်းနားနယ်နှင့် ကမ်းပါး နယ်အတွင်း နစ်မြုပ်နေသော ရေယာဉ်များ၊ အခြားယာဉ်များ၊ ယန္တရား များနှင့် ပစ္စည်းတစ်မျိုးမျိုးတို့ ပါဝင်သည်။

(ဏ) **ဘေးအန္တရာယ်ဖြစ်စေတတ်သောပစ္စည်း** ဆိုရာတွင် ကုန်စည်များကို သယ်ဆောင်ရာ၌ လုံခြုံစိတ်ချပြီး ဘေးအန္တရာယ် မဖြစ်စေရေးအတွက် အပြည်ပြည်ဆိုင်ရာ ဥပဒေနှင့် စည်းမျဉ်းဥပဒေများအရ ဘေးအန္တရာယ် ဖြစ်စေတတ်သော ပစ္စည်းအဖြစ် အောက်ပါအတိုင်း အတန်းအစား ၉ မျိုးဖြင့် ခွဲခြား၍ သတ်မှတ်ထားသော ပစ္စည်းများ ပါဝင်သည်-

(၁) **အတန်းအစား ၁** -ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ။ (Explosives)၊

(၂) **အတန်းအစား ၂** -ဓာတ်ငွေ့များ (Gases) [မီးလောင်လွယ်သော ဓာတ်ငွေ့များ (Flammable Gases)၊ ဖိအားသုံးအလွယ်တကူ မီးမလောင်နိုင်သော ဓာတ်ငွေ့များ (Compressed Non - Flammable Gases) နှင့် အဆိပ်ဓာတ်ငွေ့များ (Toxic Gases)]၊

(၃) **အတန်းအစား ၃** -မီးလောင်လွယ်သော အရည်များ။ (Flammable Liquids)၊

(၄) **အတန်းအစား ၄** -မီးလောင်လွယ်သော ဝတ္ထုပစ္စည်းများ၊ အလို အလျောက် လောင်ကျွမ်းစေသော အရာဝတ္ထုများ၊ ရေနှင့်ထိတွေ့လျှင် မီးလောင်လွယ်သည့် ဓာတ်ငွေ့ ထွက်စေသော အရာဝတ္ထုများ (Flammable Solids ;Substances liable to Spontaneous Combustion; Substances, which in Contact with Water, emit Flammable Gas)၊

(၅) **အတန်းအစား ၅** -အောက်ဆီဂျင်နှင့် ဓာတ်ပေါင်းစပ်သည့် ဝတ္ထုပစ္စည်းများနှင့် ဟိုက်ဒရိုဂျင်ပါအောက်ဆိုက် အရည်များ [Oxidising Substances and Organic Peroxides (Oxidisers and Organic Peroxides)]၊

(၆) **အတန်းအစား ၆** - အဆိပ်အတောက်ဖြစ်စေသော အရာဝတ္ထုများနှင့် ကူးစက်တတ်သော အရာဝတ္ထုများ (Toxic Substances and Infectious Substances)၊

(၇) **အတန်းအစား ၇** - ဓာတ်ရောင်ခြည်သင့်စေသော ဝတ္ထုပစ္စည်းများ [Radioactive Material (Radioactive Substances)]၊

(၈) **အတန်းအစား ၈** -သံချေးတတ်စေသည့် သို့မဟုတ် အက်စစ်ကဲ့သို့ စားလောင်စေသည့် ဝတ္ထုပစ္စည်းများ (Corrosive Substances)၊

(၉) **အတန်းအစား ၉** -ကုလသမဂ္ဂမှ ထောက်ခံသတ်မှတ်ထားသော ဘေးအန္တရာယ်ဖြစ်စေသည့် အခြားအရာဝတ္ထုပစ္စည်းများ (Miscellaneous Dangerous Substances)။

(တ) **အဆိပ်သင့်စေသောပစ္စည်း (Poisonous Material)** ဆိုသည်မှာ ကုန်စည်များကို သယ်ဆောင်ရာ၌ လုံခြုံစိတ်ချပြီး အဆိပ်အတောက်မဖြစ် စေရေးအတွက် အပြည်ပြည်ဆိုင်ရာဥပဒေနှင့် စည်းမျဉ်းဥပဒေများအရ အတန်းအစား ၆ အဖြစ် သတ်မှတ်ထားသော အဆိပ်အတောက်ဖြစ်စေသည့် အရာဝတ္ထုများနှင့် ကူးစက်တတ်သောအရာဝတ္ထုများ (Toxic Substances and Infectious Substances) တို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ပို့ဆောင်ရေးဝန်ကြီးဌာနက အဆိပ်သင့်ပစ္စည်းအဖြစ် အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သော ဝတ္ထုပစ္စည်းများလည်း ပါဝင်သည်။

(ထ) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

## အခန်း(၂)
## ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းခြင်း

၃။ ပို့ဆောင်ရေးဝန်ကြီးဌာနသည် ဥပဒေပါ ရည်ရွယ်ချက်များကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ-

(က) ရေအရင်းအမြစ်နှင့်မြစ်ချောင်းများကို အများပြည်သူ အကျိုးရှိစွာ အသုံးပြုနိုင်ရေးအတွက် ထိန်းသိမ်းကာကွယ်ရမည်။

(ခ) မြစ်ချောင်းများအတွင်း ရေလမ်းကြောင်းဆက်သွယ်မှု လုံခြုံချောမွေ့စေရန် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနှင့်ညှိနှိုင်း၍ ဆောင်ရွက်ရမည်။

(ဂ) နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရေး အတွက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်စေရန် စီမံ ချက်များချမှတ်၍ ဆောင်ရွက်ရမည်။

(ဃ) ရေထုညစ်ညမ်းမှု မဖြစ်စေရေးနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု မရှိစေရေးအတွက် ကာကွယ်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် ကြီးကြပ်ခြင်းတို့ ပြုရမည်။

(င) ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့အတွက် လိုအပ်ပါက ပြည်တွင်းပြည်ပ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်သွယ် ဆောင်ရွက်နိုင်သည်။

(စ) ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးအတွက် ပြည်တွင်းရှိ မြစ်ချောင်းများအား ရေအနက် ပိုမိုလာစေရေးနှင့် ရေယာဉ်များဝန်တင် အလေးချိန် တိုးမြှင့်တင်ဆောင်နိုင်ရေးတို့အတွက် ပြည်တွင်းပြည်ပအစိုးရ ဌာန၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့်ညှိနှိုင်းပြီး မြစ် ချောင်းများအား အပိုင်းအလိုက်ခွဲ၍ စည်းကမ်းချက်များသတ်မှတ်ပြီး တာဝန်ပေးဆောင်ရွက်ခွင့်ပြုနိုင်သည်။

(ဆ) ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးအတွက် ရေအနက် ပိုမိုရရှိရေး ဆောင်ရွက်ရာမှ ထွက်ရှိလာသည့်စွန့်ပစ်ဘေးထွက်ပစ္စည်း များတွင် သယံဇာတတစ်မျိုးမျိုးပါဝင်ပါက တည်ဆဲဥပဒေနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့၏ သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရဌာန၊ အဖွဲ့အစည်း၏ ခွင့်ပြုချက်ရယူစေပြီး ဆက်လက်ဆောင်ရွက်ခွင့်ပြုနိုင်သည်။

၄။ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးအတွက် မြစ်ချောင်းများအား အပိုင်းအလိုက်ခွဲ၍ တာဝန်ပေးဆောင်ရွက်ခွင့်ပြုထားသော ပြည်တွင်းပြည်ပအစိုးရဌာန၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်းများသည်-

(က) ရေထုညစ်ညမ်းမှုမဖြစ်စေရန်နှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ခြင်းမရှိ စေရန် သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(ခ) ရေအရည်အသွေးကိုဖြစ်စေ၊ သဘာဝပတ်ဝန်းကျင်ကိုဖြစ်စေ၊ ရေလမ်း ကြောင်းကိုဖြစ်စေ ထိခိုက်မှုဖြစ်စေပါက ထိုသို့ ထိခိုက်မှုမရှိစေရန် ဆောလျင်စွာပြုပြင်ပေးရမည်။

(ဂ) နည်းဥပဒေခွဲ (ခ)အရ ထိခိုက်မှုအတွက် ပြုပြင်ပေးခြင်းမရှိလျှင် ဦးစီး ဌာနက လိုအပ်၍ပြုပြင်ပေးရသည့်အတွက် ကုန်ကျစရိတ်ကို ဦးစီးဌာနသို့ ပေးဆောင်ရမည်။

၅။ ဦးစီးဌာနသည်-

(က) မြို့ဆိပ်ကမ်းများတည်တံ့ပြီး မရွှေ့ပြောင်းစေရေးနှင့် မြစ်ချောင်းရေလမ်း ကြောင်းများ ကောင်းမွန်ပြီး အမြဲတစေ အသုံးပြုနိုင်ရေးတို့အတွက် ကြီးကြပ်ဆောင်ရွက်ရမည်။

(ခ) မြစ်ချောင်း၊ ရေလမ်းကြောင်းများ ပြောင်းလဲမှုကြောင့် မြို့ရွာများ ရေတိုက်စားကမ်းပြိုမှုမှ ကာကွယ်ရန် စီမံဆောင်ရွက်ရမည်။

(ဂ) မြစ်ချောင်းအတွင်းနှင့် မြစ်ချောင်းအနီးတို့တွင် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးခြင်းမရှိစေရန် စီမံဆောင်ရွက်ရမည်။

(ဃ) မြစ်ရေတက်ပြီး စိုးရိမ်ရေမှတ်ရောက်သည့်အခါ မြို့များအလိုက် စိုးရိမ် ရေမှတ် သတ်မှတ်ပေးရမည်။ ထိုသို့ သတ်မှတ်ရာတွင် မှန်ကန်မှုရှိစေရေး အတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ရမည်။

(င) မြစ်ချောင်းများအတွင်း ရေယာဉ်များ ကုန်စည်အလေးချိန် တိုးမြှင့်တင် ဆောင်၍ ခုတ်မောင်းသွားလာနိုင်ရန် မြစ်ကြောင်းများ၏ ရေအနက် ပိုမိုလာစေရေးနှင့် မြစ်ချောင်းများ မတိမ်ကောစေရေးတို့အတွက် မြစ်ချောင်းများတွင် လိုအပ်သည့် ရေဘက်ဆိုင်ရာနည်းပညာ တည် ဆောက်မှု လုပ်ငန်းများဆောင်ရွက်ခြင်း၊ သောင်တူးဖော်ခြင်းနှင့် တူးစာ များကို စနစ်တကျစွန့်ပစ်ခြင်းများ ပြုရမည်။

(စ) မြစ်ချောင်းနယ်၊ ကမ်းပါးနယ်၊ ကမ်းနားနယ်၊ ဆိပ်ကမ်းနယ်တို့နှင့် ဆက်စပ်၍ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းခြင်းလုပ်ငန်း လိုအပ်ချက်အရ မြစ်ချောင်းများအတွင်းတိုးချဲ့၍ မြေဖို့ပြုပြင်ခြင်းကြောင့် ရရှိလာသော မြေဧရိယာနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် လိုအပ်သော စီမံခန့်ခွဲပိုင်ခွင့်များရှိသည်။

## အခန်း(၃)
## ရေထုညစ်ညမ်းမှု ကာကွယ်ခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်း

၆။ ပို့ဆောင်ရေးဝန်ကြီးဌာနသည် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ထိန်းသိမ်း ရေးအတွက် မြန်မာနိုင်ငံက အကောင်အထည်ဖော်ဆောင်ရွက်ရန်ရှိသည့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများ၊ ဒေသဆိုင်ရာ သဘောတူစာချုပ်များ၊ နှစ်နိုင်ငံ သဘောတူစာချုပ်များနှင့်အညီ ဆောင်ရွက်ရမည်။

၇။ ဦးစီးဌာနသည် ပို့ဆောင်ရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ-

(က) ရေယာဉ်များမှ မစင်နှင့်အညစ်အကြေးများ မြစ်ချောင်းအတွင်းသို့ စွန့်ခြင်းမရှိစေရန်အလို့ငှာ ရေယာဉ်များ တည်ဆောက်ရာ၌ ရေလုံ ရေအိမ်သာများနှင့် အညစ်အကြေးစွန့်ကန်များ တပ်ဆင်အသုံးပြုရေး အတွက် ရေယာဉ်များအား မှတ်ပုံတင်ပေးသည့် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းနှင့်ညှိနှိုင်းပြီး လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်၍ ဆောင်ရွက်ခြင်း၊ ကြီးကြပ်ခြင်းပြုရမည်။

(ခ) မြစ်ချောင်းအတွင်း ခုတ်မောင်းသွားလာသည့် ရေယာဉ်ကြောင့်သော် လည်းကောင်း၊ မြစ်ချောင်းအနီးပတ်ဝန်းကျင်ရှိ စက်ရုံ၊ အလုပ်ရုံနှင့် လုပ်ငန်းများ သို့မဟုတ် နေထိုင်သူများကြောင့် သော်လည်းကောင်း ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရန်နှင့် ဂေဟစနစ်ပျက်စီးမှုမရှိစေရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းနှင့် ညှိနှိုင်းပြီးလိုအပ်သည့် အမိန့်နှင့်ညွှန်ကြားချက်များဖြင့် စည်းကမ်းချက်များ ထုတ်ပြန်သတ်မှတ်ထားရမည်။ ထိုအမိန့်နှင့် ညွှန်ကြားချက်များပါ စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင် ရွက်ခြင်းရှိ၊ မရှိ စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်းတို့ပြုရမည်။

(ဂ) မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်းသို့ စက်ရုံ၊ အလုပ် ရုံများမှ စွန့်ပစ်ရေဆိုးများကို သန့်စင်ပြီးမှသာ စွန့်ပစ်ခြင်း၊ ထုတ်လွှတ် ခြင်း၊ စီးဆင်းစေခြင်းတို့ ပြုစေရန် စက်ရုံ၊ အလုပ်ရုံ ပိုင်ရှင်များအား ညွှန်ကြားရမည်။ ထိုသို့ သန့်စင်ခြင်း ရှိ၊ မရှိ စစ်ဆေးခြင်းနှင့်ကြီးကြပ်ခြင်း တို့ပြုရမည်။

(ဃ) ရေထုညစ်ညမ်းစေသော အမှိုက်သရိုက်များ၊ အညစ်အကြေးများနှင့် တိရစ္ဆာန် အသေကောင်များကို မြစ်ချောင်းများအတွင်းသို့ စွန့်ပစ်ခြင်း မပြုရေးအတွက် ပြည်သူများလိုက်နာစေရန် အသိပညာပေးရမည်။

၈။ မည်သူမဆို-

(က) မြစ်ချောင်းများအတွင်းသို့ ဘေးအန္တရာယ် ဖြစ်စေတတ်သော ပစ္စည်းများ စီးဝင်ခြင်း၊ စိမ့်ထွက်ခြင်း သို့မဟုတ် ကျရောက်ခြင်းမရှိစေရန် ထိုပစ္စည်း များကို ရေယာဉ်ဖြင့် သယ်ဆောင်ရာတွင် သတ်မှတ်ထားသည့် နိုင်ငံ တကာစံနှုန်းနှင့်အညီ သယ်ဆောင်ရမည်။

(ခ) ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ်၊ နိုင်လွန်ကြိုးများနှင့် အခြား ပလတ်စတစ်ပစ္စည်းများကို မြစ်ချောင်းများအတွင်းသို့ ကျရောက်ခြင်း မရှိစေရန် စနစ်တကျ သယ်ဆောင်ရမည်။

(ဂ) မြစ်ချောင်းများအတွင်းသို့ မစင်နှင့်အညစ်အကြေးများ ကျရောက်ခြင်း မရှိစေရန် ကမ်းပါးနှင့် ဝေးရာတွင် ယင်လုံအိမ်သာဆောက်ရမည်။ ထို့ပြင် မစင်နှင့် အညစ်အကြေးများအား စွန့်ကန်သို့ ပိုက်ဖြင့် လုံခြုံစွာ စွန့်ပစ်ရမည်။

(ဃ) ရေထုမညစ်ညမ်းစေရန် မစင်နှင့် အညစ်အကြေးများ၊ စက်သုံးဆီ၊ ဓာတုပစ္စည်း၊ အဆိပ်သင့်ပစ္စည်း၊ ဘေးအန္တရာယ်ဖြစ်စေတတ်သော ပစ္စည်း၊ အဏုမြူဓာတ်ရောင်ခြည်သင့်ပစ္စည်းများနှင့် အခြားပစ္စည်းများကို မြစ်ချောင်းများအတွင်းသို့ စွန့်ပစ်ခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(င) မည်သည့်အကြောင်းကြောင့်မျှ မြစ်ချောင်းများအတွင်းသို့ မစင်နှင့် အညစ်အကြေးများကို စီးဝင်ခြင်း၊ စိမ့်ဝင်ခြင်းမရှိစေရန် လုံခြုံစိတ်ချ ရသည့် ကာကွယ်မှုများကို နိုင်ငံတကာသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၉။ မြစ်ချောင်းများအတွင်း ရေထုညစ်ညမ်းမှုနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှု ကျူးလွန်သူသည် ရေထုညစ်ညမ်းမှု ကာကွယ်ခြင်းနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်းတို့အတွက် ဦးစီးဌာနက လိုအပ်၍ ပြုပြင်ပေးရပါက ကုန်ကျစရိတ် ကာမိစေရန် လုံလောက်သောတန်ဖိုးကို ဦးစီးဌာနသို့ ပေးဆောင်ရမည်။

## အခန်း(၄)
## နယ်စပ်မြစ်များ၏ ရေလမ်းကြောင်းများအား ကာကွယ်ထိန်းသိမ်းခြင်း

၁၀။ ဦးစီးဌာနသည်-

(က) နိုင်ငံတော်ပိုင်နက် နယ်မြေ မဆုံးရှုံးစေရေးနှင့် ရေလမ်းကြောင်းများ ကောင်းမွန်ပြီး အသုံးချနိုင်ရေးတို့အတွက် နယ်စပ်မြစ်များ၏ ရေလမ်း ကြောင်းများအား ကာကွယ်ထိန်းသိမ်းခြင်းနှင့် လိုအပ်သည့်စီမံခန့်ခွဲ ခြင်းတို့ပြုရမည်။

**အချပ်ပို (ခ) သို့ ✳**

**✻ အချပ်ပို(က) မှ**

(ခ) နယ်စပ်မြစ်များ၏ ရေလမ်းကြောင်းများပြောင်းလဲခြင်း ရှိ မရှိ၊ ကမ်းပြိုကမ်းစားမှုများ ရှိ မရှိ စစ်ဆေး၍ တွေ့ရှိချက်များကို ပို့ဆောင်ရေးဝန်ကြီးဌာနသို့ တင်ပြရမည်။

(ဂ) နယ်စပ်မြစ်များ၏ ရေလမ်းကြောင်းများ သဘာဝအလျောက် ကမ်းပြိုကမ်းစား၍ ပြောင်းလဲသည့်အခါ ဖြစ်စေ၊ တစ်ဖက်နိုင်ငံက ရေလမ်းကြောင်း ပြောင်းလဲစေရန် တစ်စုံတစ်ရာ ပြုလုပ်မှုကြောင့် ရေလမ်းကြောင်း ပြောင်းလဲဖွယ်ရာ တွေ့ရှိလျှင်ဖြစ်စေ နိုင်ငံတော်ပိုင်နက်နယ်မြေမဆုံးရှုံးစေရေးအတွက် လိုအပ်သလို ဆက်လက်ဆောင်ရွက်နိုင်ရန် ပို့ဆောင်ရေးဝန်ကြီးဌာနသို့ ဆောလျင်စွာ တင်ပြရမည်။

၁၁။ ပို့ဆောင်ရေးဝန်ကြီးဌာနသည်-

(က) နည်းဥပဒေ ၁၀၊ နည်းဥပဒေခွဲ (ဂ) အရ တင်ပြချက်ကို စိစစ်ပြီး နယ်စပ်မြစ်ကြောင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်ပိုင်နက်နယ်မြေ ဆုံးရှုံးနိုင်ဖွယ်ရာ တွေ့ရှိလျှင် ဖြစ်စေ၊ နိုင်ငံတော်၏ နယ်နိမိတ်အမှတ်အသားကို ပြန်လည်သတ်မှတ်ရန်ရှိလျှင်ဖြစ်စေ လိုအပ်သလို လမ်းညွှန်မှုပြုနိုင်ရန်နှင့် ဆက်လက်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဆောလျင်စွာ တင်ပြပြီး နိုင်ငံခြားရေးဝန်ကြီးဌာနသို့ပါ အကြောင်းကြားရမည်။

(ခ) နိုင်ငံတော်ပိုင်နက် နယ်မြေဆုံးရှုံးမှုမရှိစေရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ နယ်စပ်မြစ်များ၏ ရေလမ်းကြောင်းများအား ကာကွယ်ထိန်းသိမ်းရေးအတွက် လိုအပ်သည်များကို ဆောင်ရွက်ရန် ဦးစီးဌာနအား ညွှန်ကြားရမည်။

၁၂။ ဦးစီးဌာနသည် ပို့ဆောင်ရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ နိုင်ငံတော်ပိုင်နက်နယ်မြေ မဆုံးရှုံးစေရေးအတွက် နယ်စပ်မြစ်များ၏ ရေလမ်းကြောင်းများအား လိုအပ်သလို ကာကွယ်ထိန်းသိမ်းခြင်းနှင့် စီမံဆောင်ရွက်ခြင်းတို့ပြုရမည်။

**အခန်း(၅)**
**ရေလမ်းကြောင်းများ ကောင်းမွန်ရေးနှင့် မြစ်ချောင်းများအတွင်း ရေယာဉ်များခုတ်မောင်းသွားလာခြင်း**

၁၃။ ဦးစီးဌာနသည် မြစ်ချောင်းများအတွင်း ရေယာဉ်များ အန္တရာယ်ကင်းရှင်းစွာ ခုတ်မောင်း သွားလာနိုင်ရန်အလို့ငှာ အောက်ဖော်ပြပါ လုပ်ငန်းကိစ္စများ၊ နေရာများနှင့်စပ်လျဉ်း၍ သတိပေးအမှတ်အသား သို့မဟုတ် ဆိုင်းဘုတ်များကို အဝေးမှ မြင်နိုင်စေရန် လိုအပ်သလို တပ်ဆင်ထားရမည်-

(က) ရေလမ်းထိန်းလုပ်ငန်း၊ တိုင်းတာရေးလုပ်ငန်း၊ သောင်တူးလုပ်ငန်း၊ ရေလမ်းညွှန်လုပ်ငန်းနှင့် ရေအောက်အန္တရာယ်ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေခြင်း၊

(ခ) မြစ်ကူးတံတားကြီးများ ဆောက်လုပ်နေခြင်းနှင့် ပြုပြင်နေခြင်း၊

(ဂ) မြစ်ချောင်းနယ်အတွင်း အန္တရာယ်ရှိစေနိုင်သော နစ်မြုပ်ရေယာဉ်ရှိသည့် နေရာများနှင့် နစ်မြုပ်ရေယာဉ် တူးဖော်ဆယ်ယူခြင်း လုပ်ငန်းလုပ်ကိုင်နေခြင်း၊

(ဃ) မြစ်ချောင်းနယ်အတွင်း သယံဇာတ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်း လုပ်ကိုင်နေခြင်း၊

(င) မြစ်ချောင်းနယ်အတွင်း မြေအောက် ရေအောက် ကြေးနန်းလိုင်း၊ ဆက်သွယ်ရေးကြိုး၊ ဓာတ်ငွေ့ပိုက်လိုင်းနှင့် ရေပိုက်လိုင်းများ သွယ်တန်းတပ်ဆင်ခြင်း လုပ်ငန်းများ၊ ရေအောက်ဥမင်လိုဏ်ခေါင်း ဖောက်လုပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေခြင်းနှင့် ပြုပြင်နေခြင်း၊

(စ) သွယ်တန်းတပ်ဆင်ထားသော ရေပေါ်ရေအောက် ဓာတ်ကြိုး၊ ဆက်သွယ်ရေးကြိုး၊ ဓာတ်ငွေ့ပိုက်လိုင်း၊ ရေပိုက်လိုင်းများနှင့် ဖောက်လုပ်ထားသော ရေအောက်ဥမင်လိုဏ်ခေါင်းတို့ရှိသည့် နေရာများ၊

(ဆ) မြစ်ကျဉ်း၊ ကျပ်တည်းရေကြောင်းနှင့်ကျဉ်းမြောင်းရေကြောင်းများ။

၁၄။ ဦးစီးဌာနသည် ရေလမ်းကြောင်းများကောင်းမွန်ပြီး ရေယာဉ်များ အန္တရာယ်ကင်းရှင်းစွာ ခုတ်မောင်းသွားလာနိုင်ရန် အလို့ငှာ-

(က) ရေလမ်းကြောင်းလိုအပ်ချက်အရ ခုတ်မောင်းသွားလာနိုင်သည့် ရေယာဉ်များ၏ အရွယ်အစားနှင့် လုံးပေါင်းတန်ချိန် (Gross Tonnage-GT) တို့ကို သတ်မှတ်ထားရမည်။

(ခ) တည်ဆဲဥပဒေများအရ သတ်မှတ်ထားသော ရေစူးများကို လိုအပ်ပါက ပြင်ဆင်၍ သတ်မှတ်နိုင်သည်။

(ဂ) ရေလမ်းညွှန် အမှတ်အသားများကို သတ်မှတ်ထားရမည်။

(ဃ) ရေယာဉ်မှူး၊ ရေယာဉ်အုပ်၊ တက်မကိုင်နှင့် စက်မောင်းသူတို့အား သက်ဆိုင်ရာမှ ထုတ်ပေးထားသော ကျွမ်းကျင်မှုလက်မှတ်များကို အခါအားလျော်စွာ စစ်ဆေးနိုင်သည်။

၁၅။ ရေယာဉ်ပိုင်ရှင်၊ ရေယာဉ်မှူး၊ ရေယာဉ်အုပ်နှင့် တက်မကိုင်တို့သည်-

(က) သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် ညီညွတ်သောရေယာဉ် အရွယ်အစား၊ စက်မြင်းကောင်ရေပမာဏ သို့မဟုတ် တွဲအရေအတွက်ဖြင့်သာ ရေယာဉ်ကို မြစ်ချောင်းအတွင်း ခုတ်မောင်းသွားလာရမည်။

(ခ) သတ်မှတ်ထားသည့် ရေစူးအနက်နှင့် ကိုက်ညီသော ရေယာဉ်ကိုသာ မြစ်ချောင်းအတွင်း ခုတ်မောင်းသွားလာရမည်။

(ဂ) သတ်မှတ်ထားသော ဝန်တင်ရေမှတ်ထက် ပို၍ ဝန်များတင်ဆောင်ခြင်း မပြုဘဲ သတ်မှတ်ထားသော ရေကြောင်းလမ်းအတွင်းမှသာ ခုတ်မောင်းသွားလာရမည်။

(ဃ) ဦးစီးဌာနမှ တာဝန်ရှိသူက ရေလမ်းထိန်းလုပ်ငန်း၊ တိုင်းတာရေးလုပ်ငန်း၊ သောင်တူးလုပ်ငန်း၊ ရေလမ်းညွှန်လုပ်ငန်း သို့မဟုတ် ရေပေါ်ရေအောက် အန္တရာယ်ရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်နေသဖြင့် ရေယာဉ်များ ရပ်တန့်စောင့်ဆိုင်းရန် အချက်ပြထားသည်ကို လိုက်နာပြီး ရေယာဉ်ကို ဖြတ်သန်းခုတ်မောင်းသွားလာရမည်။

၁၆။ ရေယာဉ်မှူး၊ ရေယာဉ်အုပ်နှင့် တက်မကိုင်တို့သည်-

(က) မြစ်ချောင်းများအတွင်း ရေယာဉ်ကို ခုတ်မောင်းသွားလာရာတွင် သတ်မှတ်ထားသော ရေလမ်းညွှန်အမှတ်အသားများကို ဂရုပြု၍ မောင်းနှင်ရမည်။

(ခ) ရေလမ်းကြောင်းအတွင်း ရေယာဉ်သောင်တင်ခြင်းနှင့် သောင်ငြိခြင်းများ မဖြစ်စေရန် အမြဲဂရုပြု၍ မောင်းနှင်ရမည်။ အကယ်၍ သောင်တင်ခြင်းနှင့် သောင်ငြိခြင်းများ ဖြစ်ပေါ်ပါက ရေလမ်းကြောင်း ပျက်စီးစေနိုင်သဖြင့် ရေယာဉ်ကို ချက်ချင်းရေနက်လမ်းကြောင်းသို့ ရွှေ့ပြောင်းနိုင်ရန် စီစဉ်ဆောင်ရွက်ရမည်။ ထိုသို့ ရွှေ့ပြောင်းခြင်းမပြုနိုင်ပါက ဦးစီးဌာနသို့ အမြန်ဆုံး အကြောင်းကြားရမည်။

(ဂ) မြစ်ကျဉ်း၊ ကျပ်တည်းရေကြောင်းနှင့် ကျဉ်းမြောင်းရေကြောင်းတို့တွင် အစုန်ကို ဦးစားပေး၍ ရေယာဉ်တစ်စီးချင်းသာ ဖြတ်သန်းရမည်။

(ဃ) မြစ်ကျဉ်း၊ ကျပ်တည်းရေကြောင်းနှင့် ကျဉ်းမြောင်းရေကြောင်းတို့တွင် ရေယာဉ်တစ်စီးက အခြားရေယာဉ်တစ်စီးကို ကျော်တက်ခြင်းမပြုရ။

၁၇။ ဦးစီးဌာနမှ တာဝန်ရှိသူတို့သည်-

(က) မြစ်ချောင်းများ၌ ရေလမ်းကြောင်းကိုအဟန့်အတားဖြစ်စေသူ သို့မဟုတ် ခုတ်မောင်းသွားလာနေသောရေယာဉ်အား အနှောင့်အယှက်ဖြစ်စေသူထံ အဆိုပါအဟန့်အတားဖြစ်စေသည့် ပစ္စည်းများ၊ အရာဝတ္ထုများကို အမြန်ဆုံး ရွှေ့ပြောင်းဖယ်ရှားပေးရန် အမိန့်ထုတ်နိုင်သည်။

(ခ) နည်းဥပဒေခွဲ (က) အရ အမိန့်ထုတ်ဆင့်သော်လည်း အမြန်ဆုံးရွှေ့ပြောင်းဖယ်ရှားပေးခြင်းမပြုပါက အဆိုပါအဟန့်အတားဖြစ်စေသည့် ပစ္စည်းများ၊ အရာဝတ္ထုများကို ညွှန်ကြားရေးမှူးချုပ်၏ သဘောတူညီချက်ဖြင့် ရှင်းလင်းဖယ်ရှားခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်းပြုနိုင်သည်။

၁၈။ မြစ်ချောင်းများ၌ ရေလမ်းကြောင်းကို အဟန့်အတားဖြစ်စေသူ သို့မဟုတ် ခုတ်မောင်းသွားလာနေသော ရေယာဉ်အား အနှောင့်အယှက်ဖြစ်စေသူသည် ဦးစီးဌာနမှ တာဝန်ရှိသူတို့က နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ (ခ) အရ ဆောင်ရွက်ရာ၌ ကုန်ကျသည့်စရိတ်ကို ဦးစီးဌာနသို့ ပေးဆောင်ရမည်။

၁၉။ (က) ဦးစီးဌာနသည် မိမိဌာန၏ ရေကြောင်းပြဖြင့်သာ ဖြတ်သန်းရမည့် ဘေးအန္တရာယ်ဖြစ်စေနိုင်သော ရေကြောင်းများနှင့် ဖြတ်သန်းရမည့် ရေယာဉ်အရွယ်အစားကို အခါအားလျော်စွာ သတ်မှတ်နိုင်သည်။

(ခ) ရေယာဉ်မှူး၊ ရေယာဉ်အုပ် သို့မဟုတ် တက်မကိုင်သည် ဦးစီးဌာနက နည်းဥပဒေခွဲ(က)အရ သတ်မှတ်ထားသည့် ရေကြောင်းများတွင် ဖြတ်သန်းခြင်းမပြုမီ ရေယာဉ်များဘေးအန္တရာယ်မဖြစ်စေရေးအတွက် ရေကြောင်းပြတာဝန်ထမ်းဆောင်ပေးရန် ဦးစီးဌာနသို့ တောင်းခံရမည်။

(ဂ) ဘေးအန္တရာယ်ဖြစ်စေတတ်သော ပစ္စည်းများ တင်ဆောင်လာသော ရေယာဉ်များ၊ ဝန်လေးတင်ရေယာဉ်များမှ ရေယာဉ်မှူး၊ ရေယာဉ်အုပ် သို့မဟုတ် တက်မကိုင်သည် ရေလမ်းကြောင်းတွင် ဘေးအန္တရာယ်မရှိစေရန် အလို့ငှာ ရေကြောင်းပြတာဝန်ထမ်းဆောင်ပေးရန် ဦးစီးဌာနသို့ ကြိုတင်၍ ခွင့်ပြုချက်တောင်းခံပါက သတ်မှတ်ထားသော ရေကြောင်းပြခကို ပေးဆောင်ရမည်။

(ဃ) နိုင်ငံခြားသားခရီးသည်ပါရှိသော အပျော်စီးရေယာဉ်များမှ ရေယာဉ်မှူး၊ ရေယာဉ်အုပ် သို့မဟုတ် တက်မကိုင်သည် ရေလမ်းကြောင်းတွင် ဘေးအန္တရာယ်မရှိစေရန် အလို့ငှာ ရေကြောင်းပြတာဝန်ထမ်းဆောင်ပေးရန် ဦးစီးဌာနသို့ ကြိုတင်၍ ခွင့်ပြုချက်တောင်းခံပါက သတ်မှတ်ထားသော ရေကြောင်းပြခကို ပေးဆောင်ရမည်။

(င) ဦးစီးဌာနသည် နည်းဥပဒေခွဲ (ခ) ၊(ဂ) နှင့် (ဃ) တို့အရ ခွင့်ပြုချက်တောင်းခံလာသည့်အခါ အဆိုပါရေယာဉ်များ ရေလမ်းကြောင်းတွင် ဘေးအန္တရာယ်မရှိစေရေးအတွက် ရေကြောင်းပြတာဝန်ထမ်းဆောင်ပေးရမည်။

**အခန်း (၆)**
**မြစ်ကူးတံတားနှင့် ချောင်းကူးတံတားကြီးများဆောက်လုပ်ခြင်း**

၂၀။ သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးသည် လုပ်ငန်းလိုအပ်ချက်အရ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း မြစ်ကူးတံတားကြီးများကိုဖြစ်စေ၊ ချောင်းကူးတံတားကြီးများကိုဖြစ်စေ ဆောက်လုပ်လိုလျှင် လုပ်ငန်းအတိုင်းအတာပမာဏနှင့် လုပ်ငန်းကာလတို့ကို ပို့ဆောင်ရေးဝန်ကြီးဌာနသို့ တင်ပြပြီး သဘောတူညီချက် တောင်းခံရမည်။

၂၁။ ပို့ဆောင်ရေးဝန်ကြီးဌာနသည် နည်းဥပဒေ ၂၀အရ သဘောတူညီချက် တောင်းခံခြင်းအပေါ် စိစစ်ပြီး ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ထိန်းသိမ်းကာကွယ်ခြင်းကို ထိခိုက်နိုင်ဖွယ်ရာမရှိပါက မြစ်ကူးတံတားကြီးများကို ဖြစ်စေ၊ ချောင်းကူးတံတားကြီးများကိုဖြစ်စေ ဆောက်လုပ်ရန်စည်းကမ်းချက်များ သတ်မှတ်၍ သဘောတူညီချက်ပေးနိုင်သည်။

၂၂။ နည်းဥပဒေ ၂၀ အရ သဘောတူညီချက်ပေးပါက သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် မြစ်ကူးတံတားကြီးများကိုဖြစ်စေ၊ ချောင်းကူးတံတားကြီးများကိုဖြစ်စေ ဆောက်လုပ်ခြင်းအတွက် တိုင်းတာမှုနှင့် ကွင်းဆင်းစစ်ဆေးမှု ဝန်ဆောင်ခကို ဦးစီးဌာနသို့ ပေးသွင်းရမည်။

**အခန်း(၇)**
**မြစ်ကူးတံတားကြီးများ ရေရှည်တည်တံ့ခိုင်မြဲရေး**

၂၃။ ပို့ဆောင်ရေးဝန်ကြီးဌာနသည် မြစ်ကူးတံတားကြီးများ ရေရှည်တည်တံ့ခိုင်မြဲရေးအလို့ငှာ အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) ရေလမ်းထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဦးစီးဌာန၏ တင်ပြချက်အပေါ် လိုအပ်ပါက သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ခ) မြစ်ကူးတံတားတစ်ခုချင်း၏ ကင်းလွတ်အကျယ်နှင့် အမြင့်တို့ကို ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီး အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ခြင်း။

၂၄။ ဦးစီးဌာနသည် ပို့ဆောင်ရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ-

(က) မြစ်ကူးတံတားကြီးများ ရေရှည်တည်တံ့ခိုင်မြဲရန်အလို့ငှာ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းနှင့်ညှိနှိုင်း၍လိုအပ်သော ရေလမ်းထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ရမည်။

(ခ) နည်းဥပဒေ ၂၃ ၊ နည်းဥပဒေခွဲ(ခ)အရ သတ်မှတ်ထားသော မြစ်ကူးတံတားတစ်ခုချင်း၏ ကင်းလွတ်အကျယ်နှင့် အမြင့်တို့ကို သက်ဆိုင်ရာတံတားတစ်ခုချင်း၌ မြင်သာသော ရေလမ်းညွှန်အမှတ်အသားများ ပြုလုပ်ထားရမည်။

(ဂ) မြစ်ကူးတံတားကြီးတစ်ခုချင်းအား ရေလမ်းသတ်မှတ်ချက် သတင်းထုတ်ပြန်ရမည်။

(ဃ) မြစ်ကူးတံတားကြီး တစ်ခုချင်းအလိုက် ဖြတ်သန်းနိုင်မည့် ရေယာဉ်များ၏ အရွယ်အစားနှင့် တွဲအရေအတွက်ကို သတ်မှတ်၍ သတင်းထုတ်ပြန်ရမည်။

၂၅။ ဦးစီးဌာနသည် မြစ်ကူးတံတားကြီးများ ရေရှည်တည်တံ့ခိုင်မြဲရန်အလို့ငှာ-

(က) မြစ်ချောင်း၊ ရေလမ်းကြောင်းများကို တိုင်းတာစစ်ဆေး၍သဘောထားမှတ်ချက်ဖြင့် ပို့ဆောင်ရေးဝန်ကြီးဌာနသို့ တင်ပြရမည်။

(ခ) ရေလမ်းထိန်းသိမ်းရေးလုပ်ငန်းများကို ပို့ဆောင်ရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

**အခန်း (၈)**
**နစ်မြုပ်ရေယာဉ်တူးဖော်ဆယ်ယူခြင်း**

၂၆။ ရေယာဉ်ပိုင်ရှင်သည်-

(က) မြစ်ချောင်းနယ်အတွင်း ရေယာဉ်နစ်မြုပ်ပါက မြစ်ချောင်းရေလမ်းကြောင်းများ ကောင်းမွန်ပြီး ရေယာဉ်များ အန္တရာယ်မရှိစေရေးအတွက် မည်သည့်နေရာ၊ မည်သည့်အချိန်၊ မည်သည့်အတွက် နစ်မြုပ်ကြောင်း ဦးစီးဌာနသို့ ချက်ချင်းအကြောင်းကြားပြီး ရက်ပေါင်း ၉၀ အတွင်း တူးဖော်ဆယ်ယူရေးအတွက် အမြန်ဆုံး စီမံဆောင်ရွက်ရမည်။ အကယ်၍ ရေယာဉ်များခုတ်မောင်းသွားလာသည့် ရေလမ်းကြောင်းတွင် ပိတ်ဆို့နိုင်သည့် အခြေအနေမျိုးဖြစ်ပါက ချက်ချင်းဆယ်ယူ ဖယ်ရှားရမည်။ ထိုသို့ ချက်ချင်း ဆယ်ယူဖယ်ရှားခြင်းမပြုသဖြင့် ဦးစီးဌာနက ဆယ်ယူဖယ်ရှားပေးရသည့်အတွက် ကုန်ကျစရိတ်ကို ဦးစီးဌာနသို့ ပေးဆောင်ရမည်။

(ခ) မြစ်ချောင်းနယ်အတွင်း နစ်မြုပ်ရေယာဉ်ကို တူးဖော်ဆယ်ယူခြင်း မပြုနိုင်လျှင် သော်လည်းကောင်း၊ တူးဖော်ဆယ်ယူခြင်းမပြုဘဲ စွန့်လွှတ်လိုလျှင်သော်လည်းကောင်း အကျိုးအကြောင်းဖော်ပြ၍ ဦးစီးဌာနသို့ ရေယာဉ်နစ်မြုပ်သည့် နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း တင်ပြရမည်။

(ဂ) ချက်ချင်းဆယ်ယူ ဖယ်ရှားရန်မလိုသည့် နစ်မြုပ်ရေယာဉ်ကို တူးဖော်ဆယ်ယူရေးအတွက် အမြန်ဆုံး စီမံဆောင်ရွက်သော်လည်း ရက်ပေါင်း ၉၀ အတွင်း တူးဖော်ဆယ်ယူခြင်း မပြုနိုင်သည့်အခါ ဆက်လက်၍ တူးဖော်ဆယ်ယူရေးအတွက် ရက်တိုးမြှင့်ပေးရန် ဦးစီးဌာနသို့ ခွင့်ပြုချက်တောင်းခံရမည်။

(ဃ) နစ်မြုပ်ရေယာဉ်ကို ရေယာဉ်နစ်မြုပ်သည့်နေ့မှ တစ်နှစ်အတွင်း နည်းဥပဒေခွဲ (က)နှင့် (ဂ)တို့အရ တူးဖော်ဆယ်ယူခွင့်ရှိသည်။ ထိုတစ်နှစ်ကုန်ဆုံးပြီးနောက် နစ်မြုပ်ရေယာဉ်ကို တူးဖော်ဆယ်ယူခွင့်နှင့် ပိုင်ဆိုင်ခွင့်တို့မရှိစေရ။

၂၇။ ဦးစီးဌာနသည်-

(က) ရေယာဉ်ပိုင်ရှင်က နည်းဥပဒေ ၂၆ ၊ နည်းဥပဒေခွဲ (ဂ)အရ ရက်ပေါင်း ၉၀ အတွင်း တူးဖော်ဆယ်ယူခြင်းမပြုနိုင်သဖြင့် ရက်တိုးမြှင့်ပေးရန် တင်ပြချက်ကို စိစစ်ပြီး စည်းကမ်းချက်သတ်မှတ်၍ အပြီးတူးဖော်ဆယ်ယူရန် ခံဝန်ချုပ်ပြုလုပ်စေပြီး သင့်လျော်သောရက်ကို တိုးမြှင့်ပေးနိုင်သည်။

(ခ) နစ်မြုပ်ရေယာဉ်နှင့် စပ်လျဉ်း၍ အောက်ပါအခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါ ပို့ဆောင်ရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ထိုရေယာဉ်ကို ဖယ်ရှားခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် သိမ်းယူခြင်း ပြုနိုင်သည်-

(၁) နည်းဥပဒေခွဲ (က) အရ ချုပ်ဆိုသော အပြီးတူးဖော်ဆယ်ယူရန် ခံဝန်ချုပ်ကို ရေယာဉ်ပိုင်ရှင်က ဖောက်ဖျက်ခြင်း၊

(၂) ရေယာဉ်ပိုင်ရှင်က ရေယာဉ်နစ်မြုပ်သည့်နေ့မှ တစ်နှစ်အတွင်း တူးဖော်ဆယ်ယူမှု မပြုနိုင်ခြင်း၊

(၃) နည်းဥပဒေ ၂၆၊ နည်းဥပဒေခွဲ (ခ) အရ နစ်မြုပ်ရေယာဉ်ကို တူးဖော်ဆယ်ယူမှုမပြုခြင်း သို့မဟုတ် စွန့်လွှတ်ခြင်း၊

(၄) ရေယာဉ်ပိုင်ရှင် မည်သူမည်ဝါဖြစ်ကြောင်း မသိရှိရဘဲ မြစ်ချောင်းနယ်အတွင်း နစ်မြုပ်နေသော ရေယာဉ်ရှိကြောင်း သတင်းကြားသိခြင်း။

၂၈။ ဦးစီးဌာနသည် နည်းဥပဒေ ၂၇၊ နည်းဥပဒေခွဲ (ခ) အရ ဖယ်ရှားခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် သိမ်းယူခြင်းပြုသည့် နစ်မြုပ်ရေယာဉ်ကို ဈေးပြိုင်စနစ်ဖြင့် တူးဖော်ဆယ်ယူခွင့်ပြုရေးအတွက် ပို့ဆောင်ရေးဝန်ကြီးဌာနသို့ တင်ပြရမည်။

၂၉။ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် နည်းဥပဒေ ၂၆ နှင့် ၂၇ တို့နှင့် မသက်ဆိုင်သည့် နစ်မြုပ်ရေယာဉ်ကို စီးပွားရေးအလို့ငှာ တူးဖော်ဆယ်ယူလိုသူသည် ပို့ဆောင်ရေးဝန်ကြီးဌာနသို့ ပုံစံ (၁) ဖြင့် လျှောက်ထားရမည်။

၃၀။ နည်းဥပဒေ ၂၉ အရ တူးဖော်ဆယ်ယူလိုသူသည်-

(က) အောက်ပါအချက်အလက်များ၊ အရည်အချင်းများနှင့် ပြည့်စုံသူဖြစ်ရမည်-

(၁) မြန်မာနိုင်ငံသားဖြစ်သူ၊

(၂) ဖော်ယူမည့် လုပ်ငန်းနှင့် စပ်လျဉ်း၍ ငွေကြေးနှင့် ပစ္စည်းကိရိယာ လုံလောက်မှုရှိသူ၊

(၃) နစ်မြုပ်ရေယာဉ်များ ဖော်ယူဆယ်ယူရာတွင် သက်ဆိုင်သည့် ရေကြောင်းဆိုင်ရာ ဥပဒေများ၊ ဦးစီးဌာနက သတ်မှတ်သည့် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်နိုင်သူ၊

(၄) သတ်မှတ်ချိန်အတွင်း ဖော်ယူနိုင်စွမ်းရှိသူ၊

(၅) လုပ်ငန်းဆောင်ရွက်မှုကို မိမိကိုယ်တိုင် တာဝန်ယူဆောင်ရွက်နိုင်စွမ်းရှိသူ။

(ခ) နစ်မြုပ်ရေယာဉ် ဆယ်ယူရေးအတွက် စပေါ်ငွေကျပ်ငါးသိန်း ပေးသွင်းပြီးဖြစ်ရမည်။

၃၁။ ပို့ဆောင်ရေးဝန်ကြီးဌာနသည် စီးပွားရေးအလို့ငှာ နစ်မြုပ်ရေယာဉ် တူးဖော်ဆယ်ယူခွင့်ပြုရေးနှင့်စပ်လျဉ်း၍ နည်းဥပဒေ ၂၈ အရ ဦးစီးဌာန၏ တင်ပြချက် သို့မဟုတ် နည်းဥပဒေ ၂၉ အရ နစ်မြုပ်ရေယာဉ်ကို စီးပွားရေးအလို့ငှာ တူးဖော်ဆယ်ယူခွင့်ပြုရန် လျှောက်ထားချက်အပေါ် စိစစ်ပြီး သဘောထားမှတ်ချက် တင်ပြနိုင်ရန် နစ်မြုပ်ရေယာဉ်များ တူးဖော်ဆယ်ယူရေး၊ ထုခွဲရောင်းချရေးနှင့် ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်း၍ ဖြစ်စေ၊ ဦးစီးဌာနကိုဖြစ်စေ တာဝန်ပေးရမည်။

၃၂။ နစ်မြုပ်ရေယာဉ်များတူးဖော်ဆယ်ယူရေး၊ ထုခွဲရောင်းချရေးနှင့် ကြီးကြပ်ရေးအဖွဲ့ သို့မဟုတ် ဦးစီးဌာနသည် နစ်မြုပ်ရေယာဉ်ကို တူးဖော်ဆယ်ယူခွင့်ပြုရေးနှင့်စပ်လျဉ်း၍-

(က) လိုအပ်ပါက ကွင်းဆင်းတိုင်းတာခြင်းနှင့် စစ်ဆေးခြင်းတို့ ပြုလုပ်ရမည်။

(ခ) ကန့်ကွက်သူမရှိပါက ကြမ်းခင်းဈေးတန်ဖိုး တွက်ချက်မှုနှင့်အတူ သဘောထားမှတ်ချက်ဖြင့် ပို့ဆောင်ရေးဝန်ကြီးဌာနသို့ တင်ပြရမည်။

၃၃။ ပို့ဆောင်ရေးဝန်ကြီးဌာနသည် နည်းဥပဒေ ၃၂ အရ တင်ပြချက်ကို စိစစ်ပြီး ခွင့်ပြုချက်ပေးရန် ငြင်းဆိုခြင်း သို့မဟုတ် ပုံစံ (၂) ဖြင့် စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုခြင်းပြုနိုင်သည်။

၃၄။ ဦးစီးဌာနသည်-

(က) နည်းဥပဒေ ၃၃ အရ ပို့ဆောင်ရေးဝန်ကြီးဌာနက ခွင့်ပြုချက်ပေးရန် ငြင်းဆိုကြောင်း သို့မဟုတ် စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုချက်ပေးကြောင်း အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ၁၀ ရက်အတွင်း ထိုသို့ ငြင်းဆိုကြောင်း သို့မဟုတ် ခွင့်ပြုကြောင်းကို လျှောက်ထားသူထံ အကြောင်းကြားရမည်။

(ခ) ပို့ဆောင်ရေးဝန်ကြီးဌာနက စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုချက်ပေးသော လျှောက်ထားသူအား တိုင်းတာမှုနှင့် ကွင်းဆင်းစစ်ဆေးမှု ဝန်ဆောင်ခကို ပေးသွင်းစေပြီး ခွင့်ပြုချက်လက်မှတ် ထုတ်ပေးရမည်။

၃၅။ နစ်မြုပ်ရေယာဉ် တူးဖော်ဆယ်ယူခွင့်ရသည့် အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည်-

(က) ရေလမ်းကျဉ်းမြောင်းသည့် နေရာဖြစ်ပါက ဦးစီးဌာနမှ သက်ဆိုင်ရာ တာဝန်ခံအရာရှိက သတ်မှတ်ပေးသော လုပ်ငန်းချိန်အတွင်း၌သာ ဆောင်ရွက်ရမည်။ ဤသို့ဆောင်ရွက်ရာတွင် ရေယာဉ်များ ခုတ်မောင်းသွားလာရာတွင် နှောင့်နှေးမှုနှင့် စောင့်ဆိုင်းရမှုများကို နည်းနိုင်သမျှ နည်းစေရမည်။

(ခ) မြစ်ချောင်းနယ်အတွင်းရှိ ရေလယ်ကျွန်းနှင့် သောင်ခုံများပေါ်တွင် နစ်မြုပ်ရေယာဉ်များကို တူးဖော်ဆယ်ယူပြီးပါက တူးဖော်သည့် နေရာများအား မူလအနေအထားအတိုင်း ပြန်လည်ဖို့ပေးရမည်။

(ဂ) နစ်မြုပ်ရေယာဉ် တူးဖော်ဆယ်ယူပြီး ထွက်ရှိလာသည့် တူးစာများနှင့် စွန့်ပစ်ပစ္စည်းများကို ရေလမ်းကြောင်း အတွင်းသို့ စွန့်ပစ်ခြင်းမပြုရ။

(ဃ) နစ်မြုပ်ရေယာဉ် တူးဖော်ဆယ်ယူခြင်းနှင့် စပ်လျဉ်း၍ နောက်ဆက်တွဲ (က) ဖြင့် သတ်မှတ်ထားသော စည်းကမ်းချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရမည်။

**အချပ်ပို (ဂ) သို့ ○**

## နည်းဥပဒေများ

○ **အချပ်ပို (ခ) မှ**

၃၆။ နစ်မြုပ်ရေယာဉ် တူးဖော်ဆယ်ယူခွင့်ရသည့် အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် နည်းဥပဒေ ၃၅ ပါ နစ်မြုပ်ရေယာဉ်တူးဖော်ဆယ်ယူခြင်းဆိုင်ရာတာဝန်များနှင့် စည်းကမ်းချက်များကို တိကျစွာလိုက်နာမည်ဖြစ်ကြောင်း ဦးစီးဌာနတွင် ကတိခံဝန်ချုပ်ကို ချုပ်ဆိုရမည်။

၃၇။ ဦးစီးဌာနသည် နည်းဥပဒေ ၃၆ အရချုပ်ဆိုသော ကတိခံဝန်ချုပ်ကို ဖောက်ဖျက်၍ နစ်မြုပ်ရေယာဉ် တူးဖော်ဆယ်ယူခြင်းဆိုင်ရာ တာဝန်တစ်ရပ်ရပ်ကိုလည်းကောင်း၊ နောက်ဆက်တွဲ (က)ဖြင့် သတ်မှတ်ထားသော စည်းကမ်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သော အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား ထုတ်ပေးထားသော ခွင့်ပြုချက်ကို ပို့ဆောင်ရေးဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် ရုပ်သိမ်းနိုင်သည်။

၃၈။ နစ်မြုပ်ရေယာဉ် တူးဖော်ဆယ်ယူခွင့်ရသည့် အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည်-

(က) ခွင့်ပြုချက်ရရှိသည့်နေ့မှ တစ်နှစ်အတွင်း အပြီးတူးဖော်ဆယ်ယူ၍ မြစ်ချောင်းနယ်မှ ဖယ်ရှားရမည်။

(ခ) နည်းဥပဒေခွဲ (က)အရ တစ်နှစ်အတွင်း တူးဖော်ဆယ်ယူ ဖယ်ထုတ်နိုင်ခြင်းမပြုနိုင်ပါက မည်သည့်အတွက် သတ်မှတ်ပေးသည့် အချိန်အတွင်း ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း ကျိုးကြောင်းခိုင်လုံစွာ ဖော်ပြပြီး တူးဖော်ဆယ်ယူခွင့် သက်တမ်းတိုးမြှင့်ပေးရန် နစ်မြုပ်ရေယာဉ်များ တူးဖော်ဆယ်ယူရေး၊ ထုခွဲရောင်းချရေးနှင့် ကြီးကြပ်ရေးအဖွဲ့ သို့မဟုတ် ဦးစီးဌာနသို့ ပုံစံ (၃) ဖြင့် လျှောက်ထားရမည်။

၃၉။ နစ်မြုပ်ရေယာဉ်များ တူးဖော်ဆယ်ယူရေး၊ ထုခွဲရောင်းချရေးနှင့် ကြီးကြပ်ရေးအဖွဲ့ သို့မဟုတ် ဦးစီးဌာနသည် နည်းဥပဒေ ၃၈၊ နည်းဥပဒေခွဲ (ခ) အရ လျှောက်ထားချက်ကို စိစစ်ပြီး -

(က) ခွင့်ပြုသင့်ကြောင်း တွေ့ရှိပါက ပုံစံ(၄)ဖြင့် သက်တမ်းတစ်ကြိမ်လျှင် ၁၂ လဖြင့် သက်တမ်းနှစ်ကြိမ်အထိ တိုးမြှင့်ပေးနိုင်သည်။

(ခ) ခွင့်မပြုသင့်ကြောင်း တွေ့ရှိလျှင်ဖြစ်စေ၊ နည်းဥပဒေခွဲ (က)အရ သက်တမ်း နှစ်ကြိမ်အထိ တိုးမြှင့်ပေးသော်လည်း အပြီးတူးဖော်ဆယ်ယူ ဖယ်ရှားနိုင်ခြင်း မရှိလျှင်ဖြစ်စေ ထုတ်ပေးထားသော ခွင့်ပြုချက်လက်မှတ်ကို ပို့ဆောင်ရေးဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် ရုပ်သိမ်းနိုင်သည်။

၄၀။ နစ်မြုပ်ရေယာဉ် တူးဖော်ခွင့်ရသည့် အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် ပထမအကြိမ်သက်တမ်းအတွင်း အပြီးတူးဖော်ဆယ်ယူဖယ်ရှားနိုင်ရန် ကြိုးပမ်းအားထုတ်၍ ဆောင်ရွက်ရမည်။ အကယ်၍ ပထမအကြိမ် သက်တမ်းအတွင်း အပြီးတူးဖော်ဆယ်ယူ ဖယ်ရှားနိုင်ခြင်းမပြုနိုင်ပါက အကျိုးအကြောင်းခိုင်လုံစွာဖြင့် ဖော်ပြပြီး ဒုတိယအကြိမ် သက်တမ်းတိုးမြှင့်ပေးရန် နစ်မြုပ်ရေယာဉ်များ တူးဖော်ဆယ်ယူရေး၊ ထုခွဲရောင်းချရေးနှင့် ကြီးကြပ်ရေးအဖွဲ့ သို့မဟုတ် ဦးစီးဌာနသို့ ပုံစံ(၃)ဖြင့် လျှောက်ထားရမည်။

၄၁။ နစ်မြုပ်ရေယာဉ်များ တူးဖော်ဆယ်ယူရေး၊ ထုခွဲရောင်းချရေးနှင့် ကြီးကြပ်ရေးအဖွဲ့ သို့မဟုတ် ဦးစီးဌာနသည် နည်းဥပဒေ ၄၀ အရ လျှောက်ထားချက်ကို စိစစ်ပြီး ခွင့်ပြုသင့်ကြောင်းတွေ့ရှိပါက ပုံစံ(၄)ဖြင့် ဒုတိယအကြိမ် သက်တမ်း ၁၂ လအထိ တိုးမြှင့်ပေးနိုင်သည်။

၄၂။ နစ်မြုပ်ရေယာဉ် တူးဖော်ဆယ်ယူခွင့်ရသည့် အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် နည်းဥပဒေ ၃၉၊ နည်းဥပဒေခွဲ (က)အရ သက်တမ်းတိုးမြှင့်ပေးပါက ပထမအကြိမ် သက်တမ်းတိုးမြှင့်ခအဖြစ် သတ်မှတ်ထားသော နစ်မြုပ်ရေယာဉ်တန်ဖိုး၏ ၁၀ ရာခိုင်နှုန်းကိုလည်းကောင်း၊ နည်းဥပဒေ ၄၁ အရ သက်တမ်းတိုးမြှင့်ပေးပါက ဒုတိယအကြိမ် သက်တမ်းတိုးမြှင့်ခအဖြစ် ထိုတန်ဖိုး၏ ၂၀ ရာခိုင်နှုန်းကို လည်းကောင်း ဒဏ်ကြေးအဖြစ် ပေးဆောင်ရမည်။

၄၃။ နစ်မြုပ်ရေယာဉ်တူးဖော်ဆယ်ယူခွင့်ရသည့်အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည်-

(က) တူးဖော်ဆယ်ယူခြင်း၊ စတင်ဆောင်ရွက်ခြင်းနှင့် တိုးတက်မှုအခြေအနေကို တစ်လတစ်ကြိမ် ဦးစီးဌာန၊ ရုံးချုပ်နှင့် သက်ဆိုင်ရာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသရုံးများသို့ သတင်းပို့ရမည်။

(ခ) တူးဖော်ဆယ်ယူမှုအောင်မြင်ပြီးစီးသည့်အခါ ပြီးစီးသည့်နေ့မှ ၁၀ ရက်အတွင်း ဦးစီးဌာနရုံးချုပ်နှင့် သက်ဆိုင်ရာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသရုံးများသို့ တင်ပြရမည်။

(ဂ) တူးဖော်ဆယ်ယူပြီးသော ရေယာဉ်အား ဦးစီးဌာန၏ ခွင့်ပြုချက်ရရှိမှသာ မိမိလိုရာသို့ သယ်ဆောင်ခွင့်ရှိသည်။

၄၄။ (က) နစ်မြုပ်ရေယာဉ်တူးဖော်ဆယ်ယူခွင့်ရသည့် အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် ဒုတိယအကြိမ် သက်တမ်းတိုးမြှင့်ပေးသည့်ကာလ ကုန်ဆုံးပြီးနောက် ရာသီဥတုဆိုးရွားမှုကြောင့် ဖြစ်စေ၊ သဘာဝဘေးအန္တရာယ်အပါအဝင် မျှော်မှန်း၍ မရနိုင်သည့်အပြင် တားဆီးခြင်းမပြုနိုင်သော အခြားအကြောင်းတစ်ခုခုကြောင့်ဖြစ်စေ တူးဖော်ဆယ်ယူခြင်းလုပ်ငန်းကို သတ်မှတ်ချိန်အတွင်း ဆောင်ရွက်နိုင်ခြင်းမရှိပါက ကြောင်းကျိုးခိုင်လုံစွာဖြင့် ဦးစီးဌာနသို့ သင့်လျော်သည့် တူးဖော်ဆယ်ယူခွင့်ကာလ တိုးမြှင့်ပေးရန် တင်ပြနိုင်သည်။

(ခ) နစ်မြုပ်ရေယာဉ်များ တူးဖော်ဆယ်ယူရေး၊ ထုခွဲရောင်းချရေးနှင့် ကြီးကြပ်ရေးအဖွဲ့ သို့မဟုတ် ဦးစီးဌာနသည် နည်းဥပဒေခွဲ (က)အရ တူးဖော်ဆယ်ယူခွင့်ကာလတိုးမြှင့်ပေးရန် တင်ပြချက်ကို စိစစ်ပြီး သင့်လျော်သည့် တူးဖော်ဆယ်ယူခွင့်ကာလနှင့် နစ်မြုပ်ရေယာဉ်တန်ဖိုး၏ ၁၀ ရာခိုင်နှုန်း ထက်မပိုသော ဒဏ်ကြေးတို့ကို သတ်မှတ်၍ တိုးမြှင့်ပေးနိုင်သည်။

၄၅။ နစ်မြုပ်ရေယာဉ်များ တူးဖော်ဆယ်ယူရေး၊ ထုခွဲရောင်းချရေးနှင့် ကြီးကြပ်ရေးအဖွဲ့ သို့မဟုတ် ဦးစီးဌာနမှ တာဝန်ပေးအပ်သည့် အရာရှိသည် နစ်မြုပ်ရေယာဉ် တူးဖော်ဆယ်ယူခြင်းနှင့်စပ်လျဉ်း၍ ဥပဒေနှင့် ဤနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များအား လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိကို လည်းကောင်း၊ သတ်မှတ်ပေးသော စည်းကမ်းချက်များနှင့် ညီညွတ်မှု ရှိ၊ မရှိကို လည်းကောင်း အခါအားလျော်စွာ ကွင်းဆင်းစစ်ဆေးပြီး တွေ့ရှိချက်ကို ပို့ဆောင်ရေးဝန်ကြီးဌာနသို့ အစီရင်ခံရမည်။

၄၆။ (က) ရေယာဉ်နစ်မြုပ်သည့်နေ့မှ တစ်နှစ်အတွင်း နစ်မြုပ်ရေယာဉ်ပိုင်ဆိုင်ခွင့်နှင့်စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လျှင် ရေယာဉ်ပိုင်ရှင်နှင့် နစ်မြုပ်ရေယာဉ် တူးဖော်ဆယ်ယူခွင့်ရသည့် အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် အချင်းချင်းညှိနှိုင်း၍ မရရှိပါက နစ်မြုပ်ရေယာဉ်များ တူးဖော်ဆယ်ယူရေး၊ ထုခွဲရောင်းချရေးနှင့် ကြီးကြပ်ရေးအဖွဲ့ သို့မဟုတ် ဦးစီးဌာနသို့ စေ့စပ်ညှိနှိုင်းပေးရန် တင်ပြနိုင်သည်။

(ခ) နစ်မြုပ်ရေယာဉ်များ တူးဖော်ဆယ်ယူရေး၊ ထုခွဲရောင်းချရေးနှင့် ကြီးကြပ်ရေးအဖွဲ့ သို့မဟုတ် ဦးစီးဌာနသည် နှစ်ဖက်အငြင်းပွားသူတို့အား ဆင့်ခေါ်၍ ပြေလည်မှုရစေရန် စေ့စပ်ညှိနှိုင်းပေးပြီး ရေယာဉ်တန်ဖိုး၏ ကြမ်းခင်းဈေးကို ပြင်ဆင်တွက်ချက်၍ သတ်မှတ်ပေးနိုင်သည်။

(ဂ) နစ်မြုပ်ရေယာဉ်ပိုင်ဆိုင်ခွင့်နှင့်စပ်လျဉ်း၍ နှစ်ဖက်အငြင်းပွားသူတို့သည် နည်းဥပဒေခွဲ (ခ)အရ စေ့စပ်ညှိနှိုင်း၍မရလျှင် သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ကို ခံယူနိုင်သည်။

### အခန်း(၉)
### ရေနုတ်မြောင်းဖောက်လုပ်ခြင်း၊ ရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်ခြင်းနှင့် မြစ်ချောင်းရေ ထုတ်နုတ်သုံးစွဲခြင်း

၄၇။ သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် လုပ်ငန်းလိုအပ်ချက်အရ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း ရေနုတ်မြောင်းဖောက်လုပ်လိုလျှင် ဖြစ်စေ၊ ရေအားလျှပ်စစ် စက်ရုံများ တည်ဆောက်လုပ်ကိုင်လိုလျှင်ဖြစ်စေ၊ မြစ်ရေတင်စီမံကိန်းများ ဆောင်ရွက်ပြီး မြစ်ချောင်းရေ ထုတ်နုတ်သုံးစွဲလိုလျှင်ဖြစ်စေ လုပ်ငန်းတည်နေရာ၊ လုပ်ငန်းအတိုင်းအတာပမာဏဖြင့် လုပ်ငန်းကာလတို့ကို ဖော်ပြ၍ ပို့ဆောင်ရေးဝန်ကြီးဌာနသို့ သဘောတူညီချက်တောင်းခံရမည်။

၄၈။ ပို့ဆောင်ရေးဝန်ကြီးဌာနသည် နည်းဥပဒေ ၄၇ အရ သဘောထားတောင်းခံချက်အပေါ် စိစစ်ပြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းကာကွယ်ခြင်းကို ထိခိုက်နိုင်ဖွယ်ရာမရှိပါက ရေနုတ်မြောင်းဖောက်လုပ်ခြင်း၊ ရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်လုပ်ကိုင်ခြင်း သို့မဟုတ် မြစ်ရေတင်စီမံကိန်းများဆောင်ရွက်ပြီး မြစ်ချောင်းရေထုတ်နုတ်သုံးစွဲခြင်းကို စည်းကမ်းချက်များ သတ်မှတ်၍ သဘောတူညီချက်ပေးနိုင်သည်။

၄၉။ နည်းဥပဒေ ၄၈ အရ သဘောတူညီချက်ပေးပါက သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် တိုင်းတာပုံထုတ်ခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်းတို့အတွက် ပို့ဆောင်ရေးဝန်ကြီးဌာနက သတ်မှတ်သော ဝန်ဆောင်ခကို ဦးစီးဌာနသို့ ပေးသွင်းရမည်။

### အခန်း(၁၀)
### မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း ပိုက်လိုင်း၊ လျှပ်စစ်ဓာတ်အားလိုင်းနှင့် ကြေးနန်းလိုင်းဆက်သွယ်ခြင်း

၅၀။ သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် လုပ်ငန်းလိုအပ်ချက်အရ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း ပိုက်လိုင်း၊ လျှပ်စစ်ဓာတ်အားလိုင်းနှင့် ကြေးနန်းလိုင်းဆက်သွယ်ခြင်း သို့မဟုတ် တူးဖော်ခြင်းပြုလုပ်လိုလျှင် လုပ်ငန်းတည်နေရာ၊ အတိုင်းအတာပမာဏနှင့် လုပ်ငန်းကာလတို့ကို ဖော်ပြ၍ ပို့ဆောင်ရေးဝန်ကြီးဌာနသို့ သဘောတူညီချက်တောင်းခံရမည်။

၅၁။ ပို့ဆောင်ရေးဝန်ကြီးဌာနသည် နည်းဥပဒေ ၅၀ အရ သဘောတူညီချက်တောင်းခံခြင်းအပေါ် စိစစ်ပြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းကာကွယ်ခြင်းကို ထိခိုက်နိုင်ဖွယ်ရာ ရှိ၊ မရှိနှင့်စပ်လျဉ်း၍ ကွင်းဆင်းတိုင်းတာစစ်ဆေးပြီး အောက်ပါအချက်များနှင့် ညီညွတ်ပါက မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့အတွင်း ပိုက်လိုင်းကိုဖြစ်စေ၊ လျှပ်စစ်ဓာတ်အားလိုင်းကိုဖြစ်စေ၊ ကြေးနန်းလိုင်းကိုဖြစ်စေ ဆက်သွယ်ခြင်း၊ တူးဖော်ဖောက်လုပ်ခြင်းပြုလုပ်ရန် စည်းကမ်းချက်များ သတ်မှတ်၍ သဘောတူညီချက်ပေးနိုင်သည်-

(က) ကမ်းပါးပြိုနိုင်မှုမရှိခြင်း၊

(ခ) နုန်းထိုင်၍ သောင်ဖြစ်ထွန်းပြီး ရေကြောင်းပြောင်းလဲနိုင်မှုနှင့် တစ်ဖက်ကမ်းကို ထိခိုက်နိုင်မှု မရှိခြင်း၊

(ဂ) ရေယာဉ်များ ခုတ်မောင်းမှုကို အနှောင့်အယှက်အဟန့်အတားဖြစ်နိုင်မှု မရှိခြင်း၊

(ဃ) ရေကြောင်းအန္တရာယ်ဖြစ်နိုင်မှု မရှိခြင်း၊

(င) သဘာဝပတ်ဝန်းကျင်ထိခိုက်နိုင်မှု မရှိခြင်း။

၅၂။ နည်းဥပဒေ ၅၁ အရ သဘောတူညီချက်ပေးပါက သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း ပိုက်လိုင်းကိုဖြစ်စေ၊ လျှပ်စစ်ဓာတ်အားလိုင်းကိုဖြစ်စေ၊ ကြေးနန်းလိုင်းကိုဖြစ်စေ ဆက်သွယ်ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ တိုင်းတာမှုနှင့် ကွင်းဆင်းစစ်ဆေးမှုများအတွက် ဝန်ဆောင်ခနှင့် လုပ်ငန်းဆောင်ရွက်စဉ် ရေလမ်းကြောင်းကြီးကြပ်ကွပ်ကဲမှုပြုရာတွင် ကုန်ကျသည့်စရိတ်ကို ဦးစီးဌာနသို့ ပေးသွင်းရမည်။

### အခန်း (၁၁)
### မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း အဆောက်အအုံဆောက်လုပ်ခြင်း

၅၃။ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် အဆောက်အအုံဆောက်လုပ်ခွင့်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦး၏ လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသည် ဦးစီးဌာန၏ ထောက်ခံချက်ကို တောင်းခံရမည်။

၅၄။ ဦးစီးဌာနသည် နည်းဥပဒေ ၅၃ အရ ထောက်ခံချက်တောင်းခံခြင်းအပေါ် စိစစ်ပြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းကာကွယ်ခြင်းကို ထိခိုက်နိုင်ဖွယ်ရာ ရှိ၊ မရှိနှင့်စပ်လျဉ်း၍ ကွင်းဆင်းတိုင်းတာစစ်ဆေးပြီး အောက်ပါအချက်များနှင့် ညီညွတ်ပါက မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း အဆောက်အအုံဆောက်လုပ်ရန် ထောက်ခံချက်ပေးနိုင်သည်-

(က) ကမ်းပါးပြိုနိုင်မှု မရှိခြင်း၊

(ခ) နုန်းထိုင်၍ သောင်ဖြစ်ထွန်းပြီး ရေကြောင်းပြောင်းလဲနိုင်မှုနှင့် တစ်ဖက်ကမ်းကို ထိခိုက်နိုင်မှု မရှိခြင်း၊

(ဂ) ရေယာဉ်များ ခုတ်မောင်းမှုကို အနှောင့်အယှက်အဟန့်အတားဖြစ်နိုင်မှု မရှိခြင်း၊

(ဃ) ရေကြောင်းအန္တရာယ်ဖြစ်နိုင်မှုမရှိခြင်း၊

(င) သဘာဝပတ်ဝန်းကျင် ထိခိုက်နိုင်မှုမရှိခြင်း။

၅၅။ နည်းဥပဒေ ၅၃ အရ ထောက်ခံချက်တောင်းခံခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အစိုးရဌာန၊ အဖွဲ့အစည်းသို့ ခွင့်ပြုချက်တောင်းခံသည့် အစိုးရဌာန အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း အဆောက်အအုံ ဆောက်လုပ်ခြင်းအတွက် တိုင်းတာပုံထုတ်ခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်းတို့ပြုရာတွင် ပို့ဆောင်ရေးဝန်ကြီးဌာနက သတ်မှတ်ထားသည့် ဝန်ဆောင်ခကို ဦးစီးဌာနသို့ ပေးသွင်းရမည်။

၅၆။ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုသည် နည်းဥပဒေ ၅၃ ပါ ဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ၊ ရေလမ်းကြောင်းများ မထိခိုက်စေရေးအတွက် ဦးစီးဌာန၏ ထောက်ခံချက်ရရှိမှသာ မိမိတို့၏လုပ်ပိုင်ခွင့်အရ ခွင့်ပြုနိုင်သော ကိစ္စများကို ခွင့်ပြုရမည်။

### အခန်း (၁၂)
### သဲစုပ်ခြင်း၊ သဲတူးခြင်း၊ သဲကျုံးခြင်းနှင့် မြစ်ကျောက်ထုတ်ခြင်း

၅၇။ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးက မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း သဲစုပ်ခြင်း၊ သဲတူးခြင်း၊ သဲကျုံးခြင်းနှင့် မြစ်ကျောက်ထုတ်ခြင်း လုပ်ငန်းတစ်ခုခုကို လုပ်ကိုင်ခွင့်ပြုရန် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသို့ လျှောက်ထားလာသည့်အခါ ယင်းအစိုးရဌာန၊ အဖွဲ့အစည်းသည် ခွင့်ပြုချက်မပေးမီ ဦးစီးဌာန၏ ထောက်ခံချက်ကို တောင်းခံရမည်။

၅၈။ ဦးစီးဌာနသည် နည်းဥပဒေ ၅၇ အရ ထောက်ခံချက်တောင်းခံခြင်းနှင့် စပ်လျဉ်း၍ စိစစ်ပြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းကာကွယ်ခြင်းကို ထိခိုက်နိုင်ဖွယ်ရာမရှိပါက မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း သဲစုပ်ခြင်း၊ သဲတူးခြင်း၊ သဲကျုံးခြင်းနှင့် မြစ်ကျောက်ထုတ်ခြင်းလုပ်ငန်းပြုလုပ်ရန် ထောက်ခံချက်ပေးနိုင်သည်။

၅၉။ နည်းဥပဒေ ၅၇ အရ ထောက်ခံချက်တောင်းခံခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းသို့ ခွင့်ပြုချက်တောင်းခံသည့် အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း သဲစုပ်ခြင်း၊ သဲတူးခြင်း၊ သဲကျုံးခြင်းနှင့် မြစ်ကျောက်ထုတ်ခြင်းလုပ်ငန်းအတွက် တိုင်းတာ ပုံထုတ် ကွင်းဆင်းစစ်ဆေးမှုပြုရာတွင် ပို့ဆောင်ရေးဝန်ကြီးဌာနက သတ်မှတ်ထားသည့် ဝန်ဆောင်ခကို ဦးစီးဌာနသို့ ပေးသွင်းရမည်။

၆၀။ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းတို့သည် မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း အဆိုပါ သဲစုပ်ခြင်း၊ သဲတူးခြင်း၊ သဲကျုံးခြင်းနှင့် မြစ်ကျောက်ထုတ်ခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ၊ ရေလမ်းကြောင်းများ မထိခိုက်စေရေးအတွက် ဦးစီးဌာန၏ ထောက်ခံချက်ရရှိမှသာ မိမိတို့၏ လုပ်ပိုင်ခွင့်အရ ခွင့်ပြုနိုင်သော ကိစ္စများကို ခွင့်ပြုရမည်။

၆၁။ သဲစုပ်ခြင်း၊ သဲတူးခြင်း၊ သဲကျုံးခြင်းနှင့် မြစ်ကျောက်ထုတ်ခြင်း လုပ်ငန်းတစ်ခုခုကို လုပ်ကိုင်ရန် ဦးစီးဌာနက ထောက်ခံချက်ထုတ်ပေးထားသော အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည်-

(က) ဦးစီးဌာနက သတ်မှတ်ထားသည့် နေရာ၊ အတိုင်းအတာ(အလျား×အနံ×အနက်)များအတိုင်းသာ တူးဖော်ထုတ်လုပ်ရမည်။ ထိုသတ်မှတ်ချက်ထက်ကျော်လွန်၍ မြစ်သဲ၊ ကျောက်စရစ်ကို တူးဖော်ထုတ်လုပ်ခြင်း မပြုရသည့်အပြင် မြစ်ကြောင်းပျက်စီးမှုအတွက် ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း၏ ကုန်ကျစရိတ်များကိုလည်း ကျခံရမည်။

(ခ) မြစ်သဲ၊ ကျောက်စရစ် တူးဖော်ထုတ်လုပ်မည့် နေရာတွင် မထုတ်လုပ်မီ ဦးစီးဌာနမှ ကွင်းဆင်းတိုင်းတာခြင်း၊ တူးဖော်ထုတ်လုပ်ပြီးနောက် ဦးစီးဌာနမှ ကွင်းဆင်းတိုင်းတာစစ်ဆေးခြင်းများအတွက် ဝန်ဆောင်ခများကို ကျခံရမည်။

(ဂ) မြစ်သဲ၊ ကျောက်စရစ်တူးဖော်ထုတ်လုပ်မှုကြောင့် မမျှော်လင့်သော ရေကြောင်း ရေလမ်းပျက်စီးလာမှုနှင့် ရေထုညစ်ညမ်းမှုများ ဖြစ်ပေါ်လာသဖြင့် ဦးစီးဌာနက လုပ်ငန်းရပ်ဆိုင်းရန် ညွှန်ကြားသည့်အခါ ထိုလုပ်ငန်းကို ချက်ချင်းရပ်ဆိုင်းရမည်။

(ဃ) မြစ်သဲ၊ ကျောက်စရစ်တူးဖော်ထုတ်လုပ်မှု ဆောင်ရွက်နေစဉ်အတွင်း ဦးစီးဌာနမှ သက်ဆိုင်ရာတာဝန်ရှိသူများ၏ ကွင်းဆင်းစစ်ဆေးမှုကို ခံယူရမည်။

(င) ရေလမ်းကြောင်းတွင် ရေယာဉ်များ ခုတ်မောင်းသွားလာမှုကို အနှောင့်အယှက်မဖြစ်စေရ။

(စ) ရေလမ်းကြောင်းအတွင်း မြစ်သဲ၊ ကျောက်စရစ်တူးဖော်ထုတ်လုပ်ခြင်း မပြုရဘဲ ရေလမ်းကြောင်း ပြင်ပတွင်သာ လွတ်ကင်းစွာ တူးဖော်ရမည်။

(ဆ) မြစ်သဲ၊ ကျောက်စရစ်တူးဖော်ထုတ်လုပ်မှုလုပ်ငန်းနှင့် ဆက်စပ်၍ ရေလမ်းကြောင်းအတွင်း ရေနက်ကြောင်း ဖော်ထုတ်ရန် လိုအပ်ပါက ဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် တူးဖော်ပေးရမည်။

(ဇ) တူးဖော်ပြီး မလိုအပ်သော သဲများ၊ နုန်းသဲများနှင့် တံစုန်းများအား ရေလမ်းကြောင်းအတွင်းသို့ စွန့်ပစ်ခြင်းမပြုရ။

(ဈ) မြစ်သဲ၊ ကျောက်စရစ် တူးဖော်ထုတ်လုပ်မည့် ယန္တရားနှင့်ရေယာဉ်ဆိုင်ရာ အချက်အလက်များကို ဦးစီးဌာနသို့ ပေးပို့ရမည်။

(ည) မြစ်သဲ၊ ကျောက်စရစ်တူးဖော်ထုတ်လုပ်မည့် ရေယာဉ်များသည် နွေရာသီ ရေနည်းကာလတွင် ဦးစီးဌာနက ထုတ်ပြန်ထားသည့် ရေစူးကန့်သတ်ချက်ကို လိုက်နာရမည်။

(ဋ) မြစ်သဲ၊ ကျောက်စရစ်သယ် ရေယာဉ်များ၊ တွဲများနှင့် မြစ်သဲ၊ ကျောက်စရစ်ထုတ်လုပ် ရေယာဉ်များသည် ကြံ့ခိုင်ကောင်းမွန်ပြီး ရေယာဉ်ဝန်ထမ်းများသည် ရေယာဉ်များအား မှတ်ပုံတင်ပေးသည့် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းမှ သတ်မှတ်ပေးထားသော ကျွမ်းကျင်မှုလက်မှတ်ရဝန်ထမ်းများ ဖြစ်ရမည်။

(ဌ) မြစ်သဲ၊ ကျောက်စရစ် တူးဖော်ထုတ်လုပ်မှုလုပ်ငန်း စတင်ဆောင်ရွက်ခြင်းနှင့် ထုတ်လုပ်မှုအခြေအနေကို ဦးစီးဌာနရုံးချုပ်နှင့် သက်ဆိုင်ရာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသရုံးများသို့ တစ်လလျှင် တစ်ကြိမ် သတင်းပို့ရမည်။

(ဍ) တူးဖော်ထုတ်လုပ်သော မြစ်သဲ၊ ကျောက်စရစ်ပမာဏအတွက် ဦးစီးဌာနမှ တိုင်းတာစစ်ဆေး၍ ထုတ်ပေးသော အတည်ပြုချက်ရယူရမည်။

(ဎ) ဦးစီးဌာနက ထုတ်ပေးထားသော ထောက်ခံချက်အရ သတ်မှတ်ထားသည့် လုပ်ငန်းအတိုင်းအတာအတိုင်း ဆောင်ရွက်ပြီးစီးသည့်အခါ ဦးစီးဌာန ရုံးချုပ်နှင့် သက်ဆိုင်ရာရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသရုံးသို့ တင်ပြရမည်။

(ဏ) မြစ်သဲ၊ ကျောက်စရစ် တူးဖော်ထုတ်လုပ်ခြင်းနှင့်ပတ်သက်၍ အခါအားလျော်စွာ ထုတ်ပြန်သော အမိန့်နှင့် ညွှန်ကြားချက်များကိုပါ လိုက်နာဆောင်ရွက်ရမည်။

(တ) နောက်ဆက်တွဲ (ခ)ဖြင့် သတ်မှတ်ထားသော မြစ်သဲ၊ ကျောက်စရစ် တူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ စည်းကမ်းများကို တိကျစွာ လိုက်နာဆောင်ရွက်ရမည်။

၆၂။ သဲစုပ်ခြင်း၊ သဲတူးခြင်း၊ သဲကျုံးခြင်းနှင့် မြစ်ကျောက်ထုတ်ခြင်းလုပ်ငန်းတစ်ခုခုကို လုပ်ကိုင်ရန် ဦးစီးဌာနက ထောက်ခံချက်ပေးသည့်အခါ နည်းဥပဒေ ၆၁ ပါ မြစ်သဲ၊ ကျောက်စရစ် တူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ တာဝန်များနှင့် စည်းကမ်းချက်များကို တိကျစွာ လိုက်နာမည်ဖြစ်ကြောင်း အဆိုပါလုပ်ငန်းလုပ်ကိုင်ရန် လျှောက်ထားသည့် အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် ဦးစီးဌာနတွင် ကတိခံဝန်ချုပ်ကို ချုပ်ဆိုရမည်။

၆၃။ ဦးစီးဌာနသည်-

(က) နည်းဥပဒေ ၆၂ အရ ချုပ်ဆိုသော ကတိခံဝန်ချုပ်ကို ဖောက်ဖျက်၍ မြစ်သဲ၊ ကျောက်စရစ်တူးဖော်ထုတ်လုပ်ခြင်းဆိုင်ရာ တာဝန်တစ်ရပ်ရပ်ကိုလည်းကောင်း၊ နောက်ဆက်တွဲ (ခ)ဖြင့် သတ်မှတ်ထားသော စည်းကမ်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သော အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား ထုတ်ပေးထားသော ထောက်ခံချက်လက်မှတ်ကို ရုပ်သိမ်းနိုင်သည်။

**အချပ်ပို (ဃ) သို့ ❖**

❖ အချပ်ပို (ဂ)မှ

(ခ) နည်းဥပဒေခွဲ(က)အရ ထောက်ခံချက်ကို ရုပ်သိမ်းကြောင်း သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းသို့ အကြောင်းကြားရမည်။

၆၄။ ထုတ်ပေးထားသော ထောက်ခံချက်လက်မှတ်ကို နည်းဥပဒေ ၆၃ အရ ရုပ်သိမ်းခြင်းခံရသော အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် ထောက်ခံချက်လက်မှတ်ကို ထပ်မံ၍လျှောက်ထားရယူခြင်းမပြုဘဲ ဆက်လက်၍ မြစ်သဲ၊ ကျောက်စရစ်တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရ။

## အခန်း (၁၃)
## ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတထုတ်လုပ်ခြင်း

၆၅။ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးက မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတထုတ်လုပ်ခြင်းလုပ်ငန်းတစ်ခုခုကို လုပ်ကိုင်ခွင့်ပြုရန် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုသို့ လျှောက်ထားလာသည့်အခါ ယင်းဝန်ကြီးဌာနနှင့် အစိုးရဌာန၊ အဖွဲ့အစည်းသည် ခွင့်ပြုချက်မပေးမီ ဦးစီးဌာန၏ ထောက်ခံချက်ကို တောင်းခံရမည်။

၆၆။ ဦးစီးဌာနသည် နည်းဥပဒေ ၆၅ အရ ထောက်ခံချက်တောင်းခံခြင်းအပေါ် စိစစ်ပြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းကာကွယ်ခြင်းကို ထိခိုက်နိုင်ဖွယ်ရာမရှိပါက မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်း သို့မဟုတ် သယံဇာတထုတ်လုပ်ခြင်းလုပ်ငန်း ပြုလုပ်ရန် ထောက်ခံချက်ပေးနိုင်သည်။

၆၇။ နည်းဥပဒေ ၆၅ အရ ထောက်ခံချက်တောင်းခံခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ အစိုးရဌာန အဖွဲ့အစည်းသို့ ခွင့်ပြုချက်တောင်းခံသည့် အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်း သို့မဟုတ် သယံဇာတထုတ်လုပ်ခြင်းလုပ်ငန်း အတွက် တိုင်းတာပုံထုတ် ကွင်းဆင်းစစ်ဆေးမှုပြုရာတွင် ပို့ဆောင်ရေးဝန်ကြီးဌာနက သတ်မှတ်ထားသည့် ဝန်ဆောင်ခကို ဦးစီးဌာနသို့ ပေးသွင်းရမည်။

၆၈။ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အစိုးရဌာနအဖွဲ့အစည်းတို့သည် မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း အဆိုပါ ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတထုတ်လုပ်ခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ၊ ရေလမ်းကြောင်းများ မထိခိုက်စေရေးအတွက် ဦးစီးဌာန၏ ထောက်ခံချက်ရရှိမှသာ မိမိတို့၏ လုပ်ပိုင်ခွင့်အရ ခွင့်ပြုနိုင်သောကိစ္စများကို ခွင့်ပြုရမည်။

၆၉။ ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတထုတ်လုပ်ခြင်း လုပ်ငန်းတစ်ခုခုကို လုပ်ကိုင်ရန် ဦးစီးဌာနက ထောက်ခံချက်ထုတ်ပေးထားသော အစိုးရဌာန အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည်-

(က) ဦးစီးဌာနကသတ်မှတ်ထားသည့်နေရာ၊ အတိုင်းအတာ(အလျား×အနံ×အနက်)များအတိုင်းသာ တူးဖော်ထုတ်လုပ်ရမည်။ ထိုသတ်မှတ်ချက် ထက်ကျော်လွန်၍ ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတ ထုတ်လုပ်ခြင်းမပြုရသည့်အပြင် မြစ်ကြောင်းပျက်စီးမှုအတွက် ပြန်လည် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း၏ ကုန်ကျစရိတ်များကိုလည်း ကျခံရမည်။

(ခ) ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတထုတ်လုပ်မည့် နေရာတွင် မထုတ်လုပ်မီ ဦးစီးဌာနမှ ကွင်းဆင်းတိုင်းတာခြင်း၊ တူးဖော်ထုတ်လုပ်ပြီးနောက် ဦးစီးဌာနမှ ကွင်းဆင်းတိုင်းတာ စစ်ဆေးခြင်းများ အတွက် လုပ်ငန်းကုန်ကျစရိတ်များကို ကျခံရမည်။

(ဂ) ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတထုတ်လုပ်မှုကြောင့် မမျှော်လင့်သော ရေကြောင်းရေလမ်း ပျက်စီးလာမှု၊ ရေထုညစ်ညမ်းမှုနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများ ဖြစ်ပေါ်လာသဖြင့် ဦးစီးဌာနက လုပ်ငန်းရပ်ဆိုင်းရန် ညွှန်ကြားသည့်အခါ ထိုလုပ်ငန်းကို ချက်ချင်း ရပ်ဆိုင်းရမည်။

(ဃ) ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတထုတ်လုပ်မှု ဆောင်ရွက်နေစဉ်အတွင်း ဦးစီးဌာနမှ သက်ဆိုင်ရာတာဝန်ရှိသူများ၏ ကွင်းဆင်းစစ်ဆေးမှုကို ခံယူရမည်။

(င) ရေလမ်းကြောင်းတွင် ရေယာဉ်များ ခုတ်မောင်းသွားလာမှုကို အနှောင့်အယှက်မဖြစ်စေရ။

(စ) ရေလမ်းကြောင်းအတွင်း ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတထုတ်လုပ်ခြင်းမပြုရဘဲ ရေလမ်းကြောင်းပြင်ပတွင်သာ လွတ်ကင်းစွာ တူးဖော်ရမည်။

(ဆ) ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတ ထုတ်လုပ်မှု လုပ်ငန်းနှင့်ဆက်စပ်၍ ရေလမ်းကြောင်းအတွင်း ရေနက်ကြောင်း ဖော်ထုတ်ရန် လိုအပ်ပါက ဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် တူးဖော်ပေးရမည်။

(ဇ) တူးဖော်ပြီး မလိုအပ်သော သဲများ၊ နုန်းသဲများနှင့် တံစုန်းများအား ရေလမ်းကြောင်းအတွင်းသို့ စွန့်ပစ်ခြင်းမပြုရဘဲ မြစ်ချောင်းကမ်းပါး အပေါ်ဘက် သို့မဟုတ် ဦးစီးဌာနမှ သတ်မှတ်ပေးထားသော စွန့်ပစ်ရမည့်နေရာများ၌သာ စွန့်ပစ်ရမည်။ တူးဖော်ရာတွင် ရရှိသော သဲကျောက်များကို သန့်စင်ခြင်းနှင့် ရွှေကျင်ယူခြင်းတို့ ပြုလုပ်ရာတွင် ရေကြည်မှအပ အဆိုပါ သဲများ၊ နုန်းများနှင့် ကျောက်များကို မြစ်ချောင်းအတွင်းသို့ ပြန်လည်ကျရောက်စေခြင်းမရှိစေရ။

(ဈ) ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတထုတ်လုပ်မည့် ယန္တရားနှင့် ရေယာဉ်ဆိုင်ရာအချက်အလက်များကို ဦးစီးဌာနသို့ ပေးပို့ရမည်။

(ည) ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတထုတ်လုပ်မည့် ရေယာဉ်များသည် နွေရာသီရေနည်းကာလတွင် ဦးစီးဌာနက ထုတ်ပြန်ထားသည့် ရေစူးကန့်သတ်ချက်ကို လိုက်နာရမည်။

(ဋ) ရွှေကျင်ယူသည့် လုပ်ငန်းဆောင်ရွက်ရာတွင် ရေထုညစ်ညမ်းစေမည့် အရာဝတ္ထုပစ္စည်းများကို မြစ်ချောင်းအတွင်းသို့ စွန့်ပစ်ခြင်းမပြုရ။ ထို့ပြင် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေသော ကုန်းနေ ရေနေ လူနှင့် သတ္တဝါများ၊ သစ်ပင်များကို အန္တရာယ်ရှိစေသည့် ဘေးဖြစ်စေတတ်သောပစ္စည်းများ၊ အဆိပ်သင့်စေသောပစ္စည်းများနှင့် ဓာတုဆေးဝါး ပစ္စည်းများကို သုံးစွဲခြင်းမပြုရ။

(ဌ) ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတထုတ်လုပ်သည့် ရေယာဉ်များသည် ကြွံခိုင်ကောင်းမွန်ပြီး ရေယာဉ်ဝန်ထမ်းများသည် ရေယာဉ်များအား မှတ်ပုံတင်ပေးသည့် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းမှ သတ်မှတ်ပေးထားသော ကျွမ်းကျင်မှုလက်မှတ်ရ ဝန်ထမ်းများ ဖြစ်ရမည်။

(ဍ) ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတထုတ်လုပ်မှုလုပ်ငန်း စတင်ဆောင်ရွက်ခြင်းနှင့် ထုတ်လုပ်မှုအခြေအနေကို ဦးစီးဌာန ရုံးချုပ်နှင့် သက်ဆိုင်ရာရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒေသရုံးသို့ တစ်လလျှင် တစ်ကြိမ် သတင်းပို့ရမည်။

(ဎ) ဦးစီးဌာနက ထုတ်ပေးထားသော ထောက်ခံချက်အရ သတ်မှတ်ထားသည့် လုပ်ငန်းအတိုင်းအတာအတိုင်း ဆောင်ရွက်ပြီးစီးသည့်အခါ ဦးစီးဌာနရုံးချုပ်နှင့် သက်ဆိုင်ရာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသရုံးသို့ တင်ပြရမည်။

(ဏ) ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတထုတ်လုပ်ခြင်းနှင့် ပတ်သက်၍ အခါအားလျော်စွာ ထုတ်ပြန်သောအမိန့်နှင့် ညွှန်ကြားချက်များကိုပါ လိုက်နာဆောင်ရွက်ရမည်။

(တ) နောက်ဆက်တွဲ (ခ) ဖြင့် သတ်မှတ်ထားသော ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတထုတ်လုပ်ခြင်းဆိုင်ရာ စည်းကမ်းများကို တိကျစွာ လိုက်နာဆောင်ရွက်ရမည်။

၇၀။ ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတထုတ်လုပ်ခြင်းလုပ်ငန်း တစ်ခုခုကို လုပ်ကိုင်ရန် ဦးစီးဌာနက ထောက်ခံချက်ပေးသည့်အခါ နည်းဥပဒေ ၆၉ ပါ ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတထုတ်လုပ်ခြင်းဆိုင်ရာ တာဝန်များနှင့် စည်းကမ်းချက်များကို တိကျစွာ လိုက်နာမည်ဖြစ်ကြောင်း အဆိုပါ လုပ်ငန်း လုပ်ကိုင်ရန် လျှောက်ထားသည့် အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ် တစ်ဦးဦးသည် ဦးစီးဌာနတွင် ကတိခံဝန်ချုပ်ကို ချုပ်ဆိုရမည်။

၇၁။ ဦးစီးဌာနသည်-

(က) နည်းဥပဒေ ၇၀ အရ ချုပ်ဆိုသော ကတိခံဝန်ချုပ်ကို ဖောက်ဖျက်၍ ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတထုတ်လုပ်ခြင်း ဆိုင်ရာ တာဝန်တစ်ရပ်ရပ်ကိုလည်းကောင်း၊ နောက်ဆက်တွဲ (ခ) ဖြင့် သတ်မှတ်ထားသော စည်းကမ်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သော အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား ထုတ်ပေးထားသော ထောက်ခံချက်လက်မှတ်ကို ရုပ်သိမ်းနိုင်သည်။

(ခ) နည်းဥပဒေခွဲ (က)အရ ထောက်ခံချက်ကို ရုပ်သိမ်းကြောင်း သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းသို့ အကြောင်းကြားရမည်။

၇၂။ ထုတ်ပေးထားသော ထောက်ခံချက်လက်မှတ်ကို နည်းဥပဒေ ၇၁ အရ ရုပ်သိမ်းခြင်းခံရသော အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် ထောက်ခံချက်လက်မှတ်ကို ထပ်မံ၍ လျှောက်ထားရယူခြင်းမပြုဘဲ ဆက်လက်၍ ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်းနှင့် သယံဇာတ ထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရ။

## အခန်း(၁၄)
## လွန်းလမ်း၊ သင်္ဘောကျင်း၊ ရေစိုသင်္ဘောကျင်း၊ ရေလုံသင်္ဘောကျင်း တည်ဆောက်ခြင်း၊ ဆိပ်ခံတံတား၊ ဖောတံတားနှင့် ရေဆင်းတံတား ဆောက်လုပ်ခြင်း၊ မြောင်းဖော်၍ သင်္ဘောကမ်းထိုးခြင်း

၇၃။ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် လွန်းလမ်းတည်ဆောက်ခြင်း၊ သင်္ဘောကျင်း တည်ဆောက်ခြင်း၊ ရေစိုသင်္ဘောကျင်း တည်ဆောက်ခြင်း သို့မဟုတ် ရေလုံသင်္ဘောကျင်း တည်ဆောက်ခြင်းလုပ်ငန်း လုပ်ကိုင်လိုသူသည် အောက်ပါအချက်များကို ဖော်ပြ၍ လုပ်ငန်းခွင့်ပြုချက်ရရှိရန် ဦးစီးဌာနသို့ ပုံစံ(၅)ဖြင့် လျှောက်ထားရမည်-

(က) လုပ်ငန်းဆောင်ရွက်မည့်နေရာ၊ မြေပုံကြမ်း၊

(ခ) လုပ်ငန်းဆောင်ရွက်မည့် နေရာအကျယ်အဝန်း၊ အတိုင်းအတာ၊

(ဂ) လုပ်ငန်းဆောင်ရွက်မည့် ဒီဇိုင်းပုံစံနှင့် အတိုင်းအတာ။

၇၄။ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် ဆိပ်ခံတံတား သို့မဟုတ် ဖောတံတား၊ ရေဆင်းတံတားဆောက်လုပ်ခြင်း လုပ်ငန်းလုပ်ကိုင်လိုသူသည် အောက်ပါ အချက်များကို ဖော်ပြ၍ လုပ်ငန်းခွင့်ပြုချက်ရရှိရန် ဦးစီးဌာနသို့ ပုံစံ (၆)ဖြင့် လျှောက်ထားရမည်-

(က) လုပ်ငန်းဆောင်ရွက်မည့်နေရာ၊ မြေပုံကြမ်း၊

(ခ) တံတား၏ တည်နေရာပြ မြေပုံ၊

(ဂ) တံတား၏ ဒီဇိုင်းပုံစံနှင့် အတိုင်းအတာ။

၇၅။ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် မြောင်းဖော်၍ သင်္ဘောကမ်းထိုးခြင်းလုပ်ငန်းလုပ်ကိုင်လိုသူသည် အောက်ပါအချက်များကို ဖော်ပြ၍ လုပ်ငန်းခွင့်ပြုချက်ရရှိရန် ဦးစီးဌာနသို့ ပုံစံ (၇) ဖြင့် လျှောက်ထားရမည်-

(က) လုပ်ငန်းဆောင်ရွက်မည့်နေရာ၊ မြေပုံကြမ်း၊

(ခ) မြောင်း၏ အတိုင်းအတာ (အလျား×အနံ×အနက်)၊

(ဂ) မြောင်း၏ တည်နေရာပြ မြေပုံ။

၇၆။ (က) ဦးစီးဌာနသည် နည်းဥပဒေ ၇၃၊ ၇၄ နှင့် ၇၅ တို့အရ လုပ်ငန်းခွင့်ပြုချက် ရရှိရန် လျှောက်ထားချက်အပေါ် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းကာကွယ်ခြင်းကို ထိခိုက်နိုင်ဖွယ်ရာ ရှိ၊ မရှိ စိစစ်ပြီး ထိခိုက်နိုင် ဖွယ်ရာရှိပါက ငြင်းပယ်ခြင်း သို့မဟုတ် ထိခိုက်နိုင်ဖွယ်ရာမရှိပါက ခွင့်ပြုပြီး စည်းကမ်းချက်များသတ်မှတ်၍ လုပ်ငန်းခွင့်ပြုချက် ပုံစံ(၈)ဖြင့် ထုတ်ပေးနိုင်သည်။

(ခ) နည်းဥပဒေခွဲ (က)အရ ထုတ်ပေးထားသည့် လုပ်ငန်းခွင့်ပြုချက်သက်တမ်း သည် ထုတ်ပေးသည့်နေ့မှစ၍ သုံးနှစ်ဖြစ်သည်။

၇၇။ နည်းဥပဒေ ၇၆ အရ လုပ်ငန်းခွင့်ပြုချက် ရရှိသူသည်-

(က) လုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုထားသည့် နေရာအကျယ်အဝန်း၏ တစ်စတုရန်းမီတာလျှင် တစ်လ ၁၂၅ ကျပ်နှုန်းဖြင့် ဦးစီးဌာနသို့ ပေးသွင်း ရမည်။

(ခ) နောက်ဆက်တွဲ (ဂ) ဖြင့် သတ်မှတ်ထားသော သက်ဆိုင်ရာ သင်္ဘောကျင်း၊ ရေစိုသင်္ဘောကျင်း၊ ရေလုံသင်္ဘောကျင်း၊ ဆိပ်ခံတံတား သို့မဟုတ် ဖောတံတား၊ ရေဆင်းတံတားနှင့် မြောင်းဖော်၍ ကမ်းထိုးခြင်း လုပ်ငန်း ဆိုင်ရာ စည်းကမ်းချက်များကို လိုက်နာရမည်။

၇၈။ ဦးစီးဌာနသည် လုပ်ငန်းခွင့်ပြုချက်ရရှိသူက သတ်မှတ်ထားသော လုပ်ငန်းဆိုင်ရာ စည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင် ထုတ်ပေးထားသော လုပ်ငန်းခွင့်ပြုချက်ကို ရုပ်သိမ်းနိုင်သည်။

## အခန်း(၁၅)
## ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်းတည်ဆောက်ရေးလုပ်ငန်းသုံးသဲများ၊ ကျောက်များ၊ အုတ်များ၊ သစ်များနှင့် အခြားအရာဝတ္ထုများ စုပုံခြင်း

၇၉။ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း တည်ဆောက်ရေးလုပ်ငန်းသုံးသဲများ၊ ကျောက်များ၊ အုတ်များ၊ သစ်များ၊ ဝါးများ၊ ဓနိများနှင့် အခြားအရာဝတ္ထုများကို စီးပွားရေး အလို့ငှာ စုပုံခြင်း ပြုလုပ်လိုသူသည် စုပုံလိုသော အရာဝတ္ထုပစ္စည်းအမျိုးအမည်၊ အရေအတွက်၊ အကျယ်အဝန်း၊ တည်နေရာ၊ အချိန်ကာလတို့ကို ဖော်ပြ၍ လုပ်ငန်းခွင့်ပြုချက် ရရှိရန် ဦးစီးဌာနသို့ ပုံစံ (၉)ဖြင့် လျှောက်ထားရမည်။

၈၀။ ဦးစီးဌာနသည် နည်းဥပဒေ ၇၉ အရ လုပ်ငန်းခွင့်ပြုချက်ရရှိရန် လျှောက်ထားချက်အပေါ် ကွင်းဆင်း၍ တိုင်းတာစစ်ဆေးပြီး မြစ်ချောင်းကမ်းပါးပြိုကျမှု မဖြစ်စေရေးနှင့် ကမ်းပါးနယ် တည်ငြိမ်ရေးကို ရှေးရှု၍စိစစ်ပြီး ကမ်းပါးနယ်၊ ကမ်းနားနယ်တွင် အရာဝတ္ထုများ စုပုံခြင်းဖြင့် အပိုဝန်ကြောင့် ကမ်းပါးပြိုကျမှု၊ ကမ်းပါးတည်ငြိမ်မှုကို ထိခိုက်နိုင်ဖွယ်ရာဖြစ်ပေါ်စေနိုင်ပါက စုပုံခွင့်ပြုရန် ငြင်းပယ်ခြင်း သို့မဟုတ် ထိခိုက်နိုင်ဖွယ်ရာမရှိပါက ခွင့်ပြုပြီး စည်းကမ်းချက်များ သတ်မှတ်၍ စုပုံရန်လုပ်ငန်းခွင့်ပြုချက် ပုံစံ(၁၀) ကိုထုတ်ပေးနိုင်သည်။

၈၁။ နည်းဥပဒေ ၈၀ အရ လုပ်ငန်းခွင့်ပြုချက် ရရှိသူသည်-

(က) လုပ်ငန်းအတွက် နောက်ဆက်တွဲ (ဃ)တွင် သတ်မှတ်ထားသည့် နှုန်းထားအတိုင်း စုပုံခကို ဦးစီးဌာနသို့ ပေးဆောင်ရမည်။

(ခ) သတ်မှတ်ထားသော သဲများ၊ ကျောက်များ၊ အုတ်များ၊ သစ်များ၊ ဝါးများ၊ ဓနိများနှင့် အခြားအရာဝတ္ထုများကို စုပုံခြင်းလုပ်ငန်းဆိုင်ရာ စည်းကမ်း ချက်များကို လိုက်နာရမည်။

၈၂။ နည်းဥပဒေ ၈၀ အရ ထုတ်ပေးထားသည့် လုပ်ငန်းခွင့်ပြုချက် သက်တမ်းသည် ထုတ်ပေးသည့်နေ့မှစ၍ တစ်နှစ်ဖြစ်သည်။

၈၃။ ဦးစီးဌာနသည် စုပုံရန်လုပ်ငန်းခွင့်ပြုချက်ရရှိသူက သတ်မှတ်ထားသော လုပ်ငန်းဆိုင်ရာစည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက ထုတ်ပေးထားသော စုပုံရန်လုပ်ငန်းခွင့်ပြုချက်ကို ရုပ်သိမ်းနိုင်သည်။

## အခန်း(၁၆)
## ကမ်းပါးနယ်နှင့်ကမ်းနားနယ်အတွင်း ရေတွင်း ရေကန် တူးဖော်ခြင်းနှင့်မြေတူးခြင်း

၈၄။ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း ရေတွင်းဖြစ်စေ၊ ရေကန်ဖြစ်စေ တူးဖော်ခြင်း သို့မဟုတ် မြေတူးခြင်း ပြုလုပ်လိုသူသည် အောက်ပါအချက်များကို ဖော်ပြ၍ ခွင့်ပြုချက်ရရှိရန်ဦးစီးဌာနသို့ ပုံစံ (၁၁)ဖြင့် လျှောက်ထားရမည်-

(က) လုပ်ငန်းဆောင်ရွက်မည့် နေရာ၊ မြေပုံကြမ်း၊

(ခ) တည်ဆောက်မည့်နေရာ၊

(ဂ) တည်ဆောက်မည့် အတိုင်းအတာ (အလျား× အနံ× အနက်)။

၈၅။ ဦးစီးဌာနသည် နည်းဥပဒေ ၈၄ အရ ခွင့်ပြုချက်ရရှိရန် လျှောက်ထားချက်အပေါ် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းကာကွယ်ခြင်းကို ထိခိုက်နိုင်ဖွယ်ရာ ရှိ၊ မရှိ စိစစ်ပြီး ထိခိုက်နိုင်ဖွယ်ရာရှိပါက ငြင်းပယ်ခြင်း သို့မဟုတ် ထိခိုက်နိုင်ဖွယ်ရာမရှိပါက စည်းကမ်းချက်များသတ်မှတ်၍ ခွင့်ပြုချက်ပုံစံ(၁၂)ဖြင့် ထုတ်ပေးခြင်းပြုနိုင်သည်။

၈၆။ နည်းဥပဒေ ၈၅ အရ ခွင့်ပြုချက်ထုတ်ပေးရာတွင် စီးပွားရေးအလို့ငှာ မြေတူးခြင်းအတွက် လျှောက်ထားသူသည်-

(က) လုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုထားသည့် နေရာအကျယ်အဝန်း၏ တစ်စတုရန်း မီတာလျှင် တစ်လ ၁၂၅ ကျပ်နှုန်းဖြင့် ဦးစီးဌာနသို့ ပေးသွင်းရမည်။

(ခ) ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း ရေတွင်းရေကန်တူးဖော်ခြင်းနှင့် မြေတူးခြင်းအတွက် သတ်မှတ်ထားသောစည်းကမ်းချက်များကို လိုက်နာ ရမည်။

၈၇။ ဦးစီးဌာနသည် ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း ရေတွင်းရေကန် တူးဖော်ခြင်းနှင့် မြေတူးခြင်းအတွက် ခွင့်ပြုချက်ရရှိသူက သတ်မှတ်ထားသော လုပ်ငန်းဆိုင်ရာ စည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင် ထုတ်ပေးထား သော ခွင့်ပြုချက်ကို ရုပ်သိမ်းနိုင်သည်။

## အခန်း(၁၇)
## ရေလမ်းထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ရေလမ်းအကောက်စခန်းများ သတ်မှတ်ခြင်း

၈၈။ ဦးစီးဌာနသည် မြစ်ချောင်း ရေလမ်းကြောင်းများတွင် ရေယာဉ်များ ချောမွေ့စွာ ခုတ်မောင်းနိုင်ရေးအတွက် ရေကြောင်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ပို့ဆောင်ရေးဝန်ကြီးဌာန၏လမ်းညွှန်ချက်နှင့်အညီ စီမံချက်ချမှတ်၍ ဆောင်ရွက်ခြင်း၊ စစ်ဆေးခြင်းနှင့်ကြီးကြပ်ခြင်းတို့ပြုရမည်။

၈၉။ ရေလမ်းကြောင်းများတွင် သွားလာသည့် ရေယာဉ်များအား နောက်ဆက်တွဲ(င)ပါ နှုန်းထားအတိုင်းသတ်မှတ်ထားသော ရေလမ်းကြောင်း ဖြတ်သန်းခကို ကောက်ခံရမည့် ရေလမ်းအကောက်စခန်းများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တွံတေးတူးမြောင်း၊

(ခ) ညောင်တုန်းမြို့ (ပန်းလှိုင်မြစ်)၊

(ဂ) ဟင်္သာတမြို့ (ဧရာဝတီမြစ်)၊

(ဃ) ပြည်မြို့ (ဧရာဝတီမြစ်)၊

(င) မကွေးမြို့(ဧရာဝတီမြစ်)၊

(စ) ပခုက္ကူမြို့ (ဧရာဝတီမြစ်)၊

(ဆ) မန္တလေးမြို့ (ဧရာဝတီမြစ်)၊

(ဇ) ကသာမြို့ (ဧရာဝတီမြစ်)၊

(ဈ) ဗန်းမော်မြို့ (ဧရာဝတီမြစ်)၊

(ည) မုံရွာမြို့ (ချင်းတွင်းမြစ်)၊

(ဋ) ကလေးဝမြို့ (ချင်းတွင်းမြစ်)

(ဌ) ဟုမ္မလင်းမြို့ (ချင်းတွင်းမြစ်)

(ဍ) ပို့ဆောင်ရေးဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီ ချက်ဖြင့် ရေလမ်းအကောက်စခန်းများအဖြစ် သတ်မှတ်ထားရှိသော အခြားရေလမ်းကြောင်းများရှိ မြို့များ။

၉၀။ ဦးစီးဌာနမှ တာဝန်ရှိသူများသည် ဖြတ်သန်းသောရေယာဉ်များ၏ အတိုင်း အတာနှင့် ဝန်တင်ပမာဏတို့အား လိုအပ်ပါက နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ တိုင်းတာ စစ်ဆေးခြင်း ပြုနိုင်သည်။

၉၁။ ရေယာဉ်မှူး၊ ရေယာဉ်အုပ်နှင့် တက်မကိုင်တို့သည် ရေလမ်းကြောင်းဖြတ်သန်းခ အတွက် ပြေစာမထုတ်ပေးမီအထိ သက်ဆိုင်ရာ ရေလမ်းအကောက်စခန်းတွင် ရေယာဉ်ကို ခေတ္တရပ်တန့်ထားရမည်။

## အခန်း (၁၈)
## အထွေထွေ

၉၂။ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့အတွင်း ဥပဒေနှင့် ဤ နည်းဥပဒေများအရ လုပ်ငန်းတစ်ခုခုအတွက် ထောက်ခံချက်ပေးခြင်း သို့မဟုတ် ခွင့်ပြုချက်ပေးခြင်းသည် လုပ်ငန်းလုပ်ကိုင်ခွင့်အတွက်သာဖြစ်ပြီး မြေပိုင်ဆိုင်ခွင့်နှင့် သက်ဆိုင်ခြင်းမရှိစေရ။

၉၃။ ဥပဒေအာဏာမတည်မီက မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့ အတွင်း တည်ဆောက်ထားရှိသော လုပ်ငန်းတစ်ခုခုကို ဥပဒေအာဏာတည်ပြီး နောက် ဆက်လက်၍လုပ်ကိုင်ဆောင်ရွက်လိုလျှင် လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိရန် ဥပဒေ နှင့် ဤနည်းဥပဒေများနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။

၉၄။ ဦးစီးဌာနသည် ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (စ)အရ မြစ်တွင်းသွားရေယာဉ်များ ဆိုက်ကပ်ရပ်နားရေးအတွက် ရွေးချယ်သတ်မှတ်ထားသည့် ဆိပ်ကမ်းများတွင် ပို့ဆောင်ရေးဝန်ကြီးဌာနက သတ်မှတ်ထားသော ဆိပ်ကမ်းကပ်ခကို ကောက်ခံရမည်။

၉၅။ (က) ဥပဒေနှင့် ဤနည်းဥပဒေများအရ ရေကြောင်းပြခ၊ ဆိပ်ကမ်းကပ်ခ၊ မြစ်ချောင်းများထိန်းသိမ်းရေးဆိုင်ရာ အခြားအခွန်အခများကို ဦးစီး ဌာနက ဖြစ်စေ၊ ပို့ဆောင်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်နှင့်အညီ ဦးစီး ဌာနက တာဝန်ပေးသော ပုဂ္ဂလိကအဖွဲ့အစည်းတစ်ခုခုဖြစ်စေ ကောက်ခံနိုင်သည်၊

(ခ) နည်းဥပဒေခွဲ (က)ပါ အခွန်အခများ ကောက်ခံရာတွင် ပေးဆောင်ရန် ပျက်ကွက်သူအပေါ် ဦးစီးဌာနက တာဝန်ပေးအပ်ခြင်းခံရသော အရာရှိ သည် ကော်လိတ်တော်အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ မြေခွန် မပြေ ကျန်ငွေကဲ့သို့ အရကောက်ခံရမည်။

**ဉာဏ်ထွန်းအောင်**
**ပြည်ထောင်စုဝန်ကြီး**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပို့ဆောင်ရေးဝန်ကြီးဌာန**

(ဆက်လက်ဖော်ပြပါမည်)